www.burmeseclassic.com


စိုးမိုးစာပေ



# ဆုအဂူလီ

သည်ရင်ခွင်မှာ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၂၀၅၇၇၁၂၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၂၀၀၀၂၀၉ |
| အဖုံးဒီဇိုင်း | - သိန်းရွှေကြည် |
| ထုတ်ဝေသူ | - ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - ၂၀၀၉ ခုနှစ် ဧပြီလ ပထမအကြိမ်။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၅၀ ကျပ် |

၈၉၅ . ၈၃

ဆုအဥ္ဇလီ

သည်ရင်ခွင်မှာ / ဆုအဥ္ဇလီ ။ - ရန်ကုန် စိုးမိုးစာပေ၊ ၂၀၀၉

၂၈၇ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) သည်ရင်ခွင်မှာ


"ဒီတစ်ကွက်မှာလည်း ဦးဝဏ္ဏမင်းရှိန်က ထုံးစံအတိုင်း အားလုံးကိုကျော်သွားပြန်ပြီဗျာ"

"ကျုပ်တို့အားလုံးထက် သူက အသက်ငယ်ပေမယ့် စီးပွားရေးမှာတော့ လူကြီးတွေ အရှုံးပေးရလောက်အောင် ကျွမ်းကျင်လွန်းတယ်ဗျို့"

"စီးပွားရေးလောကမှာတော့ 'ဝဏ္ဏမင်းရှိန်' ဆိုတဲ့ အသံကြားလိုက်တာနဲ့ ဒီလူဟာ ဘယ်လောက်တိကျတယ်၊ ပြတ်သားတယ်ဆိုတာ သိနေကြပြီ၊ အလုပ်နဲ့ပတ်သက်လာရင် သူက ဘယ်သူ့ကိုမှ မညှာတတ်တဲ့လူမျိုးဗျ"

"ဒါကြောင့်သာ ဦးဝဏ္ဏမင်းရှိန်ဟာ အချိန်တိုတိုအတွင်းမှာ အောင်မြင်တဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်အဖြစ် ကျော်ကြားသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေကြသော လူတွေက ယခုလက်ရှိ ကုမ္ပဏီလောကမှာ ရှိနေကြသည်။ အသက်ငါးဆယ်ကျော် ငါးဆယ်ဝန်းကျင် သူဌေးကြီးတွေဖြစ်သည်။ သူတို့အားလုံးက တစ်စုံတစ်ယောက်ကို ဝေဖန်သုံးသပ်ရင်း အပြစ်တင်ချင်သလိုလို ချီးကျူးအားကျသလိုလို ဖြစ်နေကြ၏။

သူတို့ပြောနေတဲ့ တစ်စုံတစ်ယောက်က ဦးဝဏ္ဏမင်းရှိန်ဖြစ်၏။

အသက်အရွယ်အားဖြင့် သုံးဆယ်ကျော်ဝန်းကျင်သာ ရှိသေးပေမယ့် လက်ရှိ သူ၏အောင်မြင်မှုနှင့် ကုမ္ပဏီပိုင်ရှင်သူဌေးလေးတစ်ယောက်အဖြစ် ဂုဏ်အရ 'ဦး' တပ်ခေါ်နေရခြင်းပါ။

"ဝဏ္ဏမင်းရှိန်"

ခြောက်ပေနီးပါးမျှ မြင့်မားသောအရပ်တွင် ဝင်းဝါစိုညက်သော အသားအရေ။ မနက်ခင်းတိုင်း အပြေးထကျင့်ခြင်း ရေကူးခြင်းစသည့် အားကစားလိုက်စားမှုတို့ကြောင့် ကိုယ်ခန္ဓာမှာ အဆီပိုမရှိ။ ကျစ်လစ်တောင့်တင်းလျက်။

မျက်ခုံးထူထူအောက်မှာ သူ၏မျက်ဝန်းအစုံက အစဉ်တောက်ပနေတတ်သည်။ ချွန်မြသောနှာတံ၊ ပိရိသေသပ်သော နှုတ်





ခမ်းပါးအားပါတယ်"

အတူးငေ "ကောင်းတယ်ဗျာ၊ ကျွန်တော်အဲဒီဘ

နက်ဖြင့်ချင်နေတာ ကိုစိုးကြီး"များကို အမြဲတ၊

ညှပ်ထားတတ်သော သူ့အသွင်က ကြည့်လိုက်တိုင်း ၎

ညားနေလေသည်။

ဝဏ္ဏမင်းရှိန်က အလုပ်နှင့်ပတ်သက်တာဂ

ပိုပြောတတ်သူမဟုတ်ပေ။ အသက်သုံးဆယ်ကျော်အရွယ်မဟုတ်လား၊

ချမ်းသာနေသော ယောကျ်ားတစ်ယောက်ဖြစ်သည်"

တစ်ကိုယ်တည်းသမား။

"ကျွန်တော် ပြန်ရောက်ပါပြီ သူဌေး"

အသံနှင့်အတူ ရုံးခန်းထဲဝင်လာတာက သူ၏ကိုယ်ရံတော်း 'သို့မဟုတ်' အတွင်းရေးမှူးလည်းဟုတ်တယ်ဟု ပြောရမည့် ကိုစိုးကြီးဖြစ်၏။

"ဘာသတင်းတွေထူးလဲ ကိုစိုးကြီး"

"ဟာ သတင်းကတော့ ထူးသလားမမေးနဲ့၊ သူတို့အားလုံး ပြောနေတာက သူဌေးရဲ့အကြောင်းတွေပဲဗျ"

ထိုစကားကြောင့် သူက နှုတ်ခမ်းအစုံကိုစေ့လျက် လှစ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေကြသော လူတွေက ယခုလက်ရှိ ဂ

လောကမှာ ဘာလာ သည်။ အသက်ငါးဆယ်ကျော် ငါး ရသွား

ကျင် သူဌေး တွေလား ... သူတို့အားလုံးက တ

ကို ဝေဖန် အသေအချာပေါ့ သူဌေး၊ သူဌေးဟာ လက်ဦးမှုရယူထား

သလိုလို ဖြစ် မကျေနပ်ကြဘူး"

သူ့ဝ ဟွန်း စီးပွားရေးလောကဆိုတာ ဒီလိုပါပဲဗျာ"

မထူးခြားသလိုပြောသည်။ ကိုစိုးကြီး ခေါင်းခါယမ်း

သေးပေမယ့် ပေမယ့် သူဌေးကတော့ ဒီစီးပွားရေးလောကမှာတော့

လေးတ မှုမတူတဲ့ အောင်မြင်တဲ့ လူတစ်ယောက်ပါဗျာ"

သူနှင့်အနီးကပ်နေသော ကိုစိုးကြီး၏စကားက အမှန်ပင်။ အလုပ်နှင့်ပတ်သက်လာလျှင် သူက ဘယ်သူ့ကိုမှ ဗိုလ်မထားတတ်တဲ့လူမျိုး။

"ဒီလူတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပြီဗျာ၊ ဒါနဲ့ တောင်ကြီးဖက်ကိုသွားမယ့် ကိစ္စကော ခင်ဗျား စီစဉ်ပြီးပြီလား၊ ကိုစိုးကြီး"

"အသင့်ပါပဲ သူဌေး၊ တောင်ကြီးကို မနက်ဖြန်သွားဖို့





စီစဉ်ထားပါတယ်"

"ကောင်းတယ်ဗျာ၊ ကျွန်တော်အဲဒီဘက်မှာ အပန်းဖြေစခန်းတစ်ခု ဖွင့်ချင်နေတာ ကိုစိုးကြီး"

ရန်ကုန်မှာ အောင်မြင်နေသော လုပ်ငန်းတွေရှိသည့်ကြားမှ ရှမ်းပြည်ဘက်ကို စိတ်ဝင်စားနေသော သူ့ကို ကိုစိုးကြီး နားမလည်သလိုကြည့်၏။

"သူဌေးက ရန်ကုန်မှာရှိနေမှ ဖြစ်မယ်မဟုတ်လား၊ နိုင်ငံခြားနဲ့ လုပ်ငန်းတွေ ရှိသေးတယ်မဟုတ်လား"

"ဒီလုပ်ငန်းတွေက ပုံမှန်လည်ပတ်နေပါပြီ ကိုစိုးကြီး၊ ကျွန်တော် ဘယ်နေရာကလုပ်လုပ် ရပါတယ်ဗျာ၊ ဒါပေမယ့် တောင်ပေါ်ဘက်ပိုင်းကိုတော့ ကျွန်တော် တစ်ခါမှ စိတ်မဝင်စားခဲ့ဖူးဘူး၊ ဒါ ပထမဆုံးပဲဗျ"

သူ့ဘဝတစ်လျှောက်လုံး ရန်ကုန်မှာကြီးပြင်း၍ အချိန်ကုန်ခဲ့တယ်ဟု ဆိုရမည်။ အရွယ်ရောက်လာချိန်မှစကာ သူ့ဘဝတစ်ခုလုံးကို စီးပွားရေးလောကထဲတွင် နှစ်မြုပ်ခဲ့၏။

ယခုတော့ စီးပွားရေးချဲ့ထွင်သည့်အနေဖြင့် ရှမ်းပြည်ဖက်ကို စိတ်ဝင်စားလာခြင်း။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဘက်နယ်ကတော့ သူဌေးအတွက် မကျွမ်းကျင်လောက်ဘူးထင်တယ်၊ ကျွန်တော်သိသလောက် အဲဒီမှာ ခြံလုပ်ငန်းနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေများတယ် သူဌေး"

"အဟွန်း အဲဒါကြောင့် ကျွန်တော် ပိုစိတ်ဝင်စားတာပေါ့ဗျာ၊ ဦးဖော်မွန်းကလည်း ကျွန်တော်ကိုလာဖို့ ဖိတ်ထားတာမဟုတ်လား ကိုစိုးကြီး"

သူပြောတဲ့ ဦးဖော်မွန်းဆိုတာ ခြံလုပ်ငန်းများပိုင်ရှင် သူဌေးကြီးတစ်ဦးဖြစ်သည်။ အမှန်တော့ ခြံလုပ်ငန်းများအပြင် တခြားလုပ်ငန်းတွေလည်း များစွာရှိပါ၏။

"ဟုတ်ပါတယ် သူဌေး၊ ကျွန်တော်တို့လာမယ့်နေ့မှာ၊ သူ လေယာဉ်ကွင်းက ကြိုနေမှာပါ"

"အိုကေ ဒါဆို မနက်ဖြန်သွားဖို့ အသင့်ပြင်တာပေါ့၊ ဒြော် တောင်ကြီးကို ချက်ချင်းမသွားသေးဘဲ မန္တလေးကို ကျွန်တော်ခဏဝင်ဦးမယ် ကိုစိုးကြီး"

ခရီးစဉ်ကို သူညွှန်ကြားသည်။ ကိုစိုးကြီးခေါင်းညိတ်ကာ

"ဟုတ်ကဲ့ ကျွန်တော် စီစဉ်လိုက်ပါမယ်၊ ဒါနဲ့ သူဌေး မန္တလေးဝင်တာ ကိစ္စရှိလို့လား"





ကိုစိုးကြီးအမေးကြောင့် သူပြုံး၏။ ထို့နောက် ကိုစိုးကြီးပခုံးကို လက်ဖြင့်ခပ်ဖွဖွပုတ်သည်။

"ကျွန်တော်က ဗုဒ္ဓဘာသာ မြန်မာတစ်ယောက်လေဗျာ၊ ဘုရားကြီးကို မဖူးရတာ ကြာပြီလေ"

"အာ ဟုတ်တာပေါ့၊ ကျွန်တော်လည်း ဘုရားကြီးကို ဖူးချင်ပါတယ် သူဌေး"

ကိုစိုးကြီး ခပ်သွက်သွက်ဝင်ပြောသည်။ တကယ်တော့ 'ဝဏ္ဏမင်းရှိန်' ဆိုတဲ့ လူတစ်ယောက်ဟာ စီးပွားရေးဂါရွမှာ ပြတ်သားတိကျသလောက် ဘာသာရေးကိုလည်း မမေ့တတ်သော လူမျိုးပါ။

"အဟွန်း ခင်ဗျားက ဘာသာရေးကို စိတ်ဝင်စားလို့လားဗျ၊ ကိုစိုးကြီး"

"ဘယ်နှယ့်မေးလိုက်တာလဲ သူဌေးရယ်၊ လူမျိုးတိုင်းလူမျိုးတိုင်းဟာ ကိုယ့်ရဲ့ဘုရားသခင်ကိုတော့ မမေ့တတ်ကြပါဘူးဗျာ"

သူခေါင်းတညိတ်ညိတ် နားထောင်၏။ ကိုစိုးကြီး၏အကြောင်းကိုလည်း သူအသိဆုံးဖြစ်သည်။

"ဒါဆိုရင် ညနေတိုင်း ခင်ဗျားသောက်တတ်တဲ့ အကျင့်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘုရားမှာလျှုမလား"

"ဗျာ ဒါကတော့ ဟဲ ဟဲ"

ကိုစိုးကြီး ကတိမပေးနိုင်ဘဲ ခေါင်းကုတ်ရယ်၏။

"ကျွန်တော် အလကားစတာပါဗျာ၊ သောက်တာက သပ်သပ်၊ ဘာသာကသပ်သပ် ဟုတ်လား ကိုစိုးကြီး"

"ဟဲ ဟဲ နောင်တော့ ကျွန်တော် စွန့်လွှတ်နိုင်ပါလိမ့်မယ် သူဌေး"

အနာဂတ်အတွက် မသေချာသော ကတိတစ်ခုမျှ်း သူသိ၏။

"ကျွန်တော်က သေချာတာပဲ ကြိုက်တယ်ဗျ"

"ဒါကတော့ သူဌေးရယ်၊ မှန်တာပြောရင် ကျွန်တော်တို့က သူဌေးလို ပါရမီမပါဘူးထင်ပါရဲ့၊ သူဌေးဆိုရင် ဒီလောက်ချမ်းသာပြည့်စုံနေလျက်နဲ့ မသောက်မစားတဲ့လူမျိုး မဟုတ်လား"

"လုပ်မနေစမ်းပါနဲ့ဗျာ၊ မရှောင်သာ မလွှဲသာပွဲတွေမှာ ကျွန်တော်သောက်တာ ခင်ဗျားသိပါတယ် ကိုစိုးကြီး"

စီးပွားရေးလောကမှာ အသောက်အစားမပါလျှင်လည်း ကိစ္စတစ်ခု မပြီးမြောက်သလိုပါပဲ။ သည်တော့ သူနေရာနှင့်သူ





အလိုက်အထိုက်လုပ်ပေးရ၏။

"ဒါက သူဌေးစိတ်ပါလို့ မဟုတ်ဘူးဆိုတာ၊ ကျွန်တော်သိနေတာပဲ"

"ဘာကြောင့်ပဲဖြစ်ဖြစ် သောက်တာဟာ သောက်တာပါပဲလေ၊ ကဲ မနက်ဖြန်အတွက် အဝတ်အစားပြင်လိုက်ဦးဗျာ"

"ဟုတ်ကဲ့"

ခရီးတစ်ခုတွက်မည်ဆိုလျှင် သူ့အတွက်လိုအပ်သော အသုံးအဆောင်များအားလုံး ကိုစိုးကြီး တာဝန်ယူထည့်ရသည်။

အင်း သူဌေးမိန်းမရတဲ့နေ့ ငါ ဒီအလုပ်က လွတ်တဲ့နေ့ပဲဟု ကိုစိုးကြီး မကြာခဏတွေးမိတတ်ပေ၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

မန္တလေး၏နေပူကျဲကျဲအောက်တွင် ကားများ၊ မော်တော်ဆိုင်ကယ်များ စက်ဘီးများ စသည်ဖြင့် ရှုပ်ထွေးစည်ကားနေ၏။

သို့သော် ထိုပူလောင်မှုမျိုးကို နေသားကျပြီဖြစ်တဲ့ မန္တလေးသူ မန္တလေးသားတွေက မမှုပေမယ့် ယခုလောလောလတ် လတ် တောင်ပေါ်လို အေးချမ်းသော နေရာက ဆင်းလာသည့် 'ထား' အတွက် အထူးပူလောင်အိုက်စပ်နေ၏။

"ဟူး ဒီလောက်ပူလောင်နေတဲ့မြို့မှာ စိုင်းနောင်ကို ငါဘယ်လိုရှာရပါ့မလဲနော်"

ထားဒီကိုရောက်လာတာ လူတစ်ယောက်ကို ရှာဖို့ဖြစ်သည်။ ထားရှာရမယ့်လူက စိုင်းနောင်။

သို့သော် ဒီလိုများပြားရှုပ်ထွေးစည်းကားလှတဲ့ လူတွေကြားမှာ စိုင်းနောင်တစ်ယောက်ကို ထား ဘယ်လိုရှာရမလဲ။





"အမေနန်းပြောလိုက်တာကတော့ သူ ဝါးတန်းရပ်မှာ ရှိတယ်ဆိုပဲ"

လိပ်စာ အတိအကျမသိတာကြောင့် ထားမှာ ဝါးတန်းရပ်ကို ရောက်လာခဲ့ပေမယ့် စိုင်းနောင်ကို ဘယ်မှာမေးရမှန်းမသိပေ။

"ဒီခြံတွေအတွက် စိုင်းနောင်ကို ပြန်ခေါ်မှဖြစ်မယ် ထား၊ စိုင်းနောင်ဟာ ခြံလုပ်ငန်းတွေကို တစ်သက်လုံး ဦးစီးလုပ်ကိုင်လာခဲ့တာ၊ သူ့လောက် ကျွမ်းကျင်တဲ့လူမျိုး အမေနန်းတို့ နောက်ထပ်ရှာလို့ ရမှာမဟုတ်ဘူး"

မန္တလေးကိုမလာခင်မှာ အမေနန်းက ထားဆီလာ၍ ပြောခဲ့သည့်စကားတွေ။ အသက်ခြောက်ဆယ်ကျော်ပြီဖြစ်သော အမေနန်းသည် လိုတာထက်အရွယ်ပိုကျကာ အရောင်ဖျော့သော မျက်ဝန်းများနှင့် တစ်စုံတစ်ယောက်ကို မျှော်လင့်နေခဲ့၏။

အမေနန်းမျှော်လင့်တာက စိုင်းနောင်ကို။

"စိတ်ချပါ အမေနန်း၊ အမေနန်းသာ ကျန်းမာရေးကို ဂရုစိုက်ပါနော်၊ ထား စိုင်းနောင်ကို တွေ့အောင်ရှာပြီး ခေါ်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ကလေးရယ်"

ဘယ်ရောက်နေမှန်းမသိသော စိုင်းနောင်ကို ခေါ်ခဲ့ဖို့ ကတိ ထား ဘာကြောင့်ပေးမိလည်းမသိပေ။ ထိုအခိုက်အတန့် အမေနန်း မျက်နှာအားရှိသလို သွေးရောင်တက်သွားတာမြင်တော့ မရေရာသော ကတိအတွက် ထား နောင်တမရခဲ့ပါ။

ယခုတော့ စိုင်းနောင်ရေ…

ထား ရောက်ပြီလေ။

"ဒီနေ့ ကုန်ကားဝင်တာ ဘယ်နှစ်စီးလဲ၊ လက်ဖက်အတွက်ကကော"

"ကျွန်တော် အားလုံးစာရင်းလုပ်ထားပါတယ် သူဌေး"

တစ်နေရာမှာ ကြားဖူးသလိုအသံကြောင့် ထား လှည့်ကြည့်လိုက်တော့…

"ဟင် စိုင်း"

ပွဲရုံတစ်ခုမှာ မမျှော်လင့်ဘဲ စိုင်းကိုတွေ့လိုက်ရ၍ ထား ဝမ်းသာသွား၏။ လူတွေကြားမှ အမြန်ဖြတ်ကာ…

"စိုင်း"

ဟု ခပ်ကျယ်ကျယ်လေး အော်ခေါ်မိလိုက်၏။ ထားအသံ





ကို စိုင်း ကြားသွားပုံ။

"ဟင်…ထား"

ထားကိုမြင်တော့ စိုင်းမျက်နှာ ထွက်ခနဲပျက်သွားသည်။

"သူဌေး ကျွန်တော်အဖြင့်ခဏသွားလိုက်ပါဦးမယ်"

"ဟင်…အေး"

ရုတ်တရက် စိုင်းနောင်က လူအုပ်ကြားထဲ ထားကို မျက်ခြေဖြတ်လိုက်၏။

"စိုင်း…စိုင်း၊ အို ဘယ်ရောက်သွားပြီလဲ"

ထားရှေ့မှာပဲ စိုင်းက ပျောက်သွား၏။ ထား ဝမ်းနည်းသွား၏။

"စိုင်းရယ် ထားကိုတောင် မတွေ့ချင်တော့ဘူးလား"

မျက်နှာလေးနီလာကာ တစ်ယောက်တည်း ကြိတ်မေးမိတဲ့ထား။

"အို…စိုင်းလွတ်သွားလို့ မဖြစ်ဘူး၊ ငါ အမေနန်းကို ကတိပေးခဲ့တာပဲ"

ဝမ်းနည်းမှုကို မျိုသိပ်လျက် ထား လူအုပ်ကြားထဲ စိုင်းအား ဆက်ရှာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးမြို့ကြီးက မိုမြိုးမစည်လာဘူးလား သူငှေး"

ဘုရားကြီးမှအပြန် ဝါးတန်းရပ်ရှိ မိတ်ဆွေတစ်ဦးက ဝဏ္ဏမင်းရှိန်နှင့် တာပည့်ကိုစိုးကြီးတို့ ရောက်လာသည်။

ကားငှားလာတာကြောင့် လမ်းထိပ်မှာပဲရပ်ခိုင်းပြီး အထဲကို လမ်းလျှောက်၍ သူတို့ဝင်၏။

ရှုပ်ထွေးစည်ကားလှသော မြို့တော်ကိုကြည့်၍ ဝဏ္ဏမင်းရှိန်ကို ကိုစိုးကြီး မေးခြင်းပါ။

"အင်း...အရင်ကလည်းစာရင် အများကြီး တိုးတက်စည်ကားပြောင်းလဲလာတာပဲ ကိုစိုးကြီး"

"မန္တလေးသူလေးတွေက စကားပြောရင် ကျွန်တော်ကျွန်တော်နဲ့ ချစ်စရာတစ်မျိုးပဲတဲ့ သူငှေး"

"အင်း...ဟုတ်မှာပါ"

သူဖြေပုံက စိတ်မပါသလို။ ကိုစိုးကြီးမှာ သူနှင့်ပတ်သက်လာလျှင် ဒါတွေအားမရပေ။ တကယ်တော့ သူက လူငယ်တစ်ယောက်ဖြစ်ပါလျက်နှင့် မိန်းမကိစ္စက သူနဲ့မဆိုင်သလို မတုန်မလှုပ်သည့်လူမျိုး။

"ဒါနဲ့ သူငှေးကော ဘယ်အချိန်လက်ထပ်မှာလဲ"





ကိုစိုးကြီး၏ ရုတ်တရက်အမေးကြောင့် သူ ဖျတ်ခနဲကြည့်သည်။

"ကျွန်တော် အလုပ်တွေထက် ပိုစိတ်ဝင်စားရမယ့် မိန်းကလေးမျိုး တွေ့ရင်ပေါ့ဗျာ"

ထိုစဉ်

"ဟာ"

"အို"

တစ်ဘက်မှလာသော မိန်းကလေးသည် မျက်နှာချင်းဆိုင်မှ တည့်တည့်လျှောက်လာသော ဝဏ္ဏမင်းရှိန်ကို မမြင်ဘဲ အရှိန်ဖြင့် 'အင့်' ခနဲ ဝင်တိုက်လေ၏။

"ဟောဗျာ"

ထိုအဖြစ်အပျက်ကြောင့် ကိုစိုးကြီးမှာလည်း မျက်လုံးပြူးအံ့သြသွားသည်။

ဝဏ္ဏမင်းရှိန်မှာ သူ့ကို တည့်တည့်ဝင်တိုးလာသော မိန်းကလေးအား အမြန်သာမထိန်းလိုက်နိုင်လျှင် အတော်လွယ်ကူမည်မဟုတ်ပေ။

"အို...ထား ထား မမြင်လို့ တောင်းပန်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ထားမှာ စိုင်းနောက်ကို အာရုံတစ်ခုတည်း စုစည်းလိုက်တာမို့ မျက်နှာချင်းဆိုင်မှ လျှောက်လာတဲ့ လူတစ်ယောက်လုံးကို မမြင်လိုက်ရတဲ့အဖြစ်။

ကိုယ့်အပြစ်မို့ ထားကမန်းကတန်းလေး တောင်းပန်လိုက်၏။ သူ့အမှတ်တမဲ့ သူမကို ကြည့်မိလိုက်သည်။

ဖြူနုကြည်လင်သော အသားအရေမှာ ပန်းနုရောင်စွက်လျက် ပိုးသားကဲ့သို့ နက်မှောင်တောက်ပနူးညံ့သော ဆံနွယ်များက ခါးလယ်တစ်ဝိုက်တွင် ဖွံ့ဝဲကျလျက် အရပ်မြင့်မြင့်လေးတွင် အချိုးကျ-ကျစ်လစ်လှပသော ခန္ဓာကိုယ်လေးဖြင့် ချောမောလှပသည့် မိန်းကလေးတစ်ယောက်။

"ဒီက အစ်မလေးက ဘာတွေများ ဒီလောက်အရေးကြီးလို့ ကျွန်တော့်ဆရာတစ်ယောက်လုံးကို မမြင်ရတာလဲဗျာ"

မိန်းမတွေနှင့် ပတ်သက်လျှင် ကင်းရှင်းစွာနေတတ်သော သူ့အကြောင်းသိနေသည့် ကိုစိုးကြီးက ဝင်ပြောမိ၏။

"ရှင်...ထား"

ထားမှာ သူမဘက်ကအမှားမို့ တောင်းပန်နေလျက်နှင့် တစ်ဖက်လူက ခပ်တည်တည်လုပ်နေတာကြောင့် သူ့သွားနားမှ





လူ မေးလာတော့ ရုတ်တရက် ဘာပြောရမှန်းမသိ။

ထိုအခိုက်

"ကိုစိုးကြီး ဘာမှပြောမနေပါနဲ့ဗျာ၊ ကျွန်တော်လည်း ဘာမှဖြစ်တာမဟုတ်ပါဘူး"

သူဝင်တား၍ ကိုစိုးကြီး ငြိမ်သွား၏။ ထို့နောက် သူမကို တစ်ချက်ကြည့် နှုတ်ဆက်ပြီး သူထွက်လာခဲ့သည်။

ကိုစိုးကြီးမှာ သူ၏အပြုအမူကို နားမလည်စွာဖြင့်

"ဒီမိန်းကလေးက သူ့ဌေးကို တမင်ဝင်တိုက်တာဆိုရင် ဘယ်လိုလုပ်မလဲ၊ သူ့ဌေးကိုယ်ပေါ်က ပစ္စည်းတွေ စစ်ကြည့်ပါဦး"

သည်တော့ သူတစ်ချက်ပြုံး၍ ကိုစိုးကြီးကိုကြည့်၏။

"စောစောက မိန်းကလေးပုံစံက ခါးပိုက်နှိုက်ပုံစံပေါက်နေလို့လား ကိုစိုးကြီး"

"အင်း...မှန်တာပြောရရင် ရုပ်ရည်အားဖြင့်တော့ မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် ဒီခေတ်က အပေါ်ယံရုပ်ရည်ကို ကြည့်ပြီး အကဲခတ်လို့မရနိုင်ဘူးလေ သူ့ဌေး"

သူခေါင်းညိတ်၏။ တကယ်တော့ ကိုစိုးကြီးက သူ့တပည့်ပီသသော လူတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒီလိုသတိရှိတာ ကောင်းပါတယ် ကိုစိုးကြီး၊ ဒါပေမယ့် စောစောက မိန်းကလေးကတော့ လုံးဝခါးပိုက်နှိုက်ပုံစံ မဟုတ်ပါဘူး"

"သူ့ဗွေး ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"ဒါလား၊ ပထမတစ်ချက်က သူ့မျက်နှာလေးက သိပ်ကို အပြစ်ကင်းစင်လွန်းတယ်၊ ဒုတိယအချက်ကတော့ ကျွန်တော်ကိုယ်ပေါ်က ဘာပစ္စည်းမှ ပျောက်မသွားဘူးလေ"

"ဪ"

ယနေ့ သူဝတ်လာတာ မီးခိုးနုအနောက်တိုင်းဝတ်စုံ ဖြစ်၏။ ထို့ကြောင့် အပေါ်ကုတ်အင်္ကျီထဲတွင်ရှိ ပိုက်ဆံအိတ်၊ မျက်မှန်နှင့် ဟန်းဖုန်းတို့အားလုံး ဒီအတိုင်းရှိနေခြင်းမို့...

ထိုမိန်းကလေးသည် လူချင်းတိုက်ယောင်ဆောင်ပြီး အလစ်သုတ်ချင်တာမျိုး မဟုတ်ဟု သူ စိတ်ချယုံကြည်စွာ ပြောလိုက်ခြင်း ဖြစ်သည်။

သူလိုလူ၏ မှတ်ချက်က များသောအားဖြင့် မှန်တတ်တာကြောင့် ကိုစိုးကြီး ဘာမှဆက်မပြောတော့ပေ။

✠ ✠ ✠



"အား...မန္တလေးနေကတော့ အပြင်မှာ တကယ်ပူတာပဲဗျာ သူ့ဗွေး၊ ဟိုတယ်ပြန်ရောက်မှ အဲကွန်းလေနဲ့တွေ့ပြီး အေးသွားတော့တယ်"

အပြင်မှ ပြန်ရောက်၍ ကိုယ့်အခန်းထဲဝင်ရင်း အပေါ်အင်္ကျီကို ချွတ်ရင်း ကိုစိုးကြီးညည်း၏။

သူလည်း အပေါ်အင်္ကျီကို ချွတ်လိုက်သည်။ ကိုစိုးကြီးပြောသလို မန္တလေး၏နေက အပြင်မှာ ပူလွန်းတာအမှန်။

"မနက်ဖြန် ကျွန်တော်တို့ တောင်ကြီးရောက်ရင် အေးပါပြီး ကိုစိုးကြီး"

"ဒါတော့အသေအချာပဲ သူ့ဗွေး၊ တကယ်တော့ သူ့ဗွေးလည်း အပူဒဏ်ကို မခံနိုင်ဘူးမဟုတ်လား"

ခင်းဝါစိုပြေသော အသားအရေဖြင့် အရိပ်ထဲနေတာသည်



www.burmeseclassic.com

www.burmeseclassic.com



သူမို့ အစဉ်နပျိုရှင်းသန့်နေတတ်သော သူ့ကိုကြည့်၍ ကိုစိုးကြီး မေးသည်။ သူ ပခုံးတစ်ချက်တွန့်လိုက်ကာ…

"လောကမှာရှိတဲ့ လူတိုင်းဟာ နေပူထဲမှာထက် အေးမြ အရိပ်ကိုပဲ ကြိုက်တတ်ကြတာ သဘာဝပါ ကိုစိုးကြီး၊ ဒါပေမယ့် လူတိုင်းမှာ ဒီလိုအခွင့်အရေးမျိုး မရနိုင်ဘူးလေ၊ ကိုယ်ဖြစ်တည်လာတဲ့ဘဝမှာ နေတတ်ဖို့ပဲဗျ"

"သူဌေးစကားတွေက အမြဲတမ်း ဖီလော်ဆော်ဖီပါတယ်ဗျာ၊ ကျွန်တော် သိပ်နားမလည်တာအမှန်ပဲ၊ သေချာတာကတော့ သူဌေးလိုလူမျိုးဟာ အပူမှာရှိနေခဲ့ရင်တောင် အရိပ်ကို ရအောင်ရှာမယ့်လူမျိုးဆိုတာ ကျွန်တော်ယုံတယ်"

ကြည့်စမ်း [illegible]ကိုစိုးကြီးတစ်ယောက် သူ့ကို ဘယ်လောက် အထင်ကြီးလဲဆိုတာ။ သူ တစ်ချက်ပြုံးမိ၏။

အမှန်လည်း ကိုစိုးကြီး၏ ထင်ကြေးက မမှားပါ။ သူလိုလူက ဘဝကို သာမန်အဆင့်နှင့် ပြီးချင်တာမျိုးမဟုတ်ပေ။ ထို့ကြောင့် သူများတွေနှင့် မတူသော ဖွဲ့ လုံ့လ၊ ဇွဲရှိယတ္တိဖြင့် အလုပ်ကိုကြိုးစားခဲ့၍ ယခုလို ထိပ်တန်းရောက်ရှိလာခြင်း မဟုတ်လား။

"နေ့လယ်စာကို ကျွန်တော်တို့ အခန်းထဲမှာလိုက်ရမလား သူဌေး"

အိတ်ဆောင်ကွန်ပျူတာကို ဖွင့်ကာ အလုပ်လုပ်နေသော သူ့ကို ကိုစိုးကြီး လှမ်းမေး၏။

သူ ကွန်ပျူတာပိတ်လိုက်ပြီး ခါးတစ်ချက်ဆန့်လိုက်သည်။

"နေပါစေဗျာ၊ ကျွန်တော်တို့ အညောင်းပြေ ဆင်းစားကြတာပေါ့"

"ဒါလည်း တစ်မျိုးကောင်းတာပါပဲ သူဌေး"

အခန်းပိတ်ပြီး သူတို့ စားသောက်ခန်းဘက် လာခဲ့သည်။

နေ့လယ်စာ စားချိန်မှာ ဟိုတယ်ထဲရှိတဲ့ ဧည့်သည်အနည်းအကျဉ်းလောက်သာ ရှိနေပြီး တချို့က မြို့ထဲထွက်လည်ရင်း အပြင်မှာစားကြတာ များပုံဝါ။

"လူတော့ရှင်းတယ် သူဌေး"

"ကောင်းပါတယ်၊ အေးအေးဆေးဆေးပေါ့ဗျာ"

သူနှင့်ကိုစိုးကြီးကတော့ နေ့ခင်းဘက် အပြင်မှာ ပူလွန်းတာကြောင့် ဟိုတယ်ထဲကထွက်ဖို့ မစဉ်းစားပါ။

"ကျွန်တော်တို့ ဘာမှာကြမလဲ သူဌေး"

ကိုစိုးကြီးက မေးသည်။ သူ မီးနူးကဒ်ကို ယူကြည့်ကာ







www.burmeseclassic.com

www.burmeseclassic.com



"ရာသီဥတုက ပူတယ်ဗျာ၊ နည်းနည်း ချဉ်စပ်လေးမှာမှ ပဲ၊ ပုစွန်ထမင်းကြော်နဲ့ ငါးချဉ်ခြောက်စပ်၊ ဘဲသားမှိုပေါင်းဆိုရင် ရပြီ၊ ဟင်းရည်ကတော့ တုံယမ်ပေါ့ ကိုစိုးကြီး၊ ခင်ဗျားကော ဘာမှာချင်လဲ၊ ကြိုက်တာမှာပါ"

သူက ဒီလိုလူမျိုးဖြစ်၏။ အစားအသောက်နှင့် ပတ်သက်လျှင် ဘယ်တော့မှ မတွန့်တိုသလို အပေးအကမ်းမှာလည်း ရက်ရောတတ်၏။ ထို့ကြောင့် ကိုစိုးကြီးကလည်း သူ့ထံတွင် အမြဲတမ်း သစ္စာရှိလှူယုံတော်တစ်ဦးဖြစ်နေခြင်းပါ။

"ကျွန်တော်ကတော့ ဝက်သားဝါမှစားချတ်တဲ့ လူဆိုတော့ ဝက်ကုန်းဘောင်ကြီးကြော်တစ်မျိုးပဲ ထပ်မှာမယ်သူဌေး"

"အိုကေ"

ထို့နောက် စားစရာတွေမှာပြီး သူတို့စောင့်နေစဉ် ခန်းမထဲသို့ အပြာနုရောင်အရိပ်လေးတစ်ခု ဝင်လာ၏။

"ဟင်...ဟိုမိန်းကလေးပဲ သူဌေး"

သူမကို အရင်မြင်လိုက်တာက ကိုစိုးကြီးဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့နေတာကြောင့် ကိုစိုးကြီး အံ့သြသလို ပြောလိုက်မိ၏။





"ဘယ်သူ့ကိုပြောတာလဲ ကိုစိုးကြီး"

"မနက်က သူဌေးနဲ့တိုက်မိတဲ့ မိန်းကလေးကိုပြောတာပါ"

"ဟင် သူကဒီမှာလား"

"ဟုတ်တယ်၊ သူဌေး နောက်ဖက်က စားပွဲမှာ တစ်ယောက်တည်းပဲ"

ရုတ်တရက် သူ ဖျတ်ခနဲ လှည့်ကြည့်ချင်လိုက်ပါသည်။ သို့သော် သူ့ဘဝမှာ ဒီလိုမျိုး မိန်းကလေးတစ်ယောက်ထံ စိတ်ဝင်စားစွာ ကြည့်ဖို့ ဘယ်တုန်းကမှ စိတ်ကူးခဲ့တာမဟုတ်ဘဲ။

ထိုစဉ် သူမအသံလေးကို ကြားရ၏။ နူးညံ့ကြည်လင်သော အသံလေး။

"ပုစွန်ထမင်းကြော်နဲ့ တုန်ယမ်ဟင်းချိုပေးပါ၊ ပြော်အသီးအရွက်ကြော်တစ်ပွဲနော်"

သူမမှာနေသော စားစရာတွေနားထောင်ပြီး သူပြုံးချင်သွား၏။

ကြည့်စမ်း သူနှင့်အကြိုက်ချင်း လာတူနေပါလား။

"ကျွန်တော်တို့နဲ့ ဒီမိန်းကလေး တစ်နေ့တည်းမှာ နှစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



လာတွေ့နေတာ သိပ်ကိုတိုက်ဆိုင်မနေဘူးလား သူဌေး"

ကိုစိုးကြီးက ခါးကို အနည်းငယ် ရှေ့သို့ကိုင်း၍ သူ့ကို ပြောသည်။

"သူလည်း ဒီဟိုတယ်မှာတည်းတဲ့ ဧည့်သည်ထင်တယ် ကိုစိုးကြီး"

"ဟုတ်မလားပဲ သူဌေး၊ ကျွန်တော်က သူ့ကို မန္တလေးသူပဲထင်နေတာ"

သူ့အသာပြုံးကာ ခေါင်းခါယမ်းသည်။

"ကျွန်တော်ကတော့ သူဟာ မိန်းကထဲက မန္တလေးသူ မဟုတ်ဘူးလို့ သိပြီးသားဗျ ကိုစိုးကြီး"

"ဟင် သူဌေးက ဘယ်လိုသိတာလဲ"

"အဟွန်း ဒါက မခက်ပါဘူးလေ၊ ခင်ဗျားပဲပြောတယ် မဟုတ်လား၊ မန္တလေးသူတွေက စကားပြောရင် ကျွန်တော် ကျွန်တော်နဲ့သုံးတယ်ဆို"

"ကျွန်တော် လေ့လာသလောက်ကတော့ အမှန်ပဲလေ သူဌေး"

နှစ်ယောက်သား သူမအကြောင်းကို တီးတိုးစွာပြောနေကြ





ခြင်းပါ။

"ဒါပေမယ့် သူကတော့ မနက်ကတည်းက သူ့နာမည်လေးပဲ ထည့်ပြောသွားတယ်လေ၊ ထားတဲ့၊ ခင်ဗျား သတိမပြုမိဘူးလား ကိုစိုးကြီး"

"ကျွန်တော်ဝန်ခံပါတယ် သူဌေး၊ သတိမပြုမိလိုက်ပါဘူး"

"အင်း…ဟိုမှာ ကျွန်တော်တို့မှာထားတဲ့ စားစရာတွေ လာပြီဗျ"

မကြာခင် ပူနွေးသော ဟင်းလျာပွဲများ သူတို့စားပွဲပေါ် ရောက်လာ၏။

"ပုစွန်ထမင်းကြော်နဲ့ တုန်ယမ်ဟင်းချိုက ဆရာတို့မှာထားတာ ဟုတ်ပါတယ်နော်"

စားပွဲထိုးလေးက သေချာအောင် သူတို့ကို ထပ်မေးလိုက်စဉ်

"မဟုတ်ဘူး၊ ကျွန်မ မှာထားတာပါ"

ဝင်ရောက်၍ ထား ပြောလိုက်ခြင်းပါ။ သည်တော့မှ သူ ဖြည်းညှင်းစွာဖြင့် သူမကို လှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကမှာထားတာဆိုရင် ပို့ပေးလိုက်ပါ"

"ဗျာ၊ ဟုတ်ကဲ့"

သူခွင့်ပေးလိုက်တာကြောင့် စားပွဲထိုးလေးက ပုစွန်ထမင်းကြော်နှင့် တုံယမ်းဟင်းရည်ကို သူမစားပွဲသို့ သွားပြီးချပေးသည်။

သူမက ရုတ်တရက် သူ့ကိုမှတ်မိဟန်မရှိဘဲ လှမ်းကြည့်၏။

"စောစောက ကျွန်မ မှာလိုက်လို့ပါ"

"ဟုတ်ကဲ့"

သူ ခေါင်းတစ်ချက်ညိတ်ပြီး ရှေ့ဘက်ပြန်လှည့်ခဲ့သည်။ ကိုစိုးကြီးက သူ့ကို မျက်လုံးပြူးကြည့်ကာ

"သူ့ဒွေး ဘယ်လိုလုပ်လိုက်တာလဲ၊ ဒါ သူ့ဒွေးမှာထားတာပဲ"

"အဟွန်း... နေပါစေဗျာ၊ သူဆာနေတဲ့ပုံပဲ၊ ကျွန်တော် နောက်မှစားပါ့မယ်"

ထိုစကားကြောင့် ကိုစိုးကြီးက သူ့ကို ထူးဆန်းသလိုကြည့်၏။

သူသိပါသည်။ သူ့ဘဝတစ်လျှောက်လုံးမှာ မိန်းမ





တစ်ယောက်နှင့် ပတ်သက်ပြီး ဒီလိုမျိုး လုပ်ဆောင်တာမရှိခဲ့ပေ။

ကိုစိုးကြီးက ခေါင်းခါယမ်းသည်။

မကြာခင် နောက်ထပ် ပုစွန်ထမင်းကြော်နှင့် တုံယမ်းဟင်းချို ရောက်လာ၏။

"ဟင်...မမလေး မှာထားတာတွေက ဒီမှာလေ၊ ဒါတွေက ဟိုဆရာမှာထားတာတွေမဟုတ်လား"

"ရှင်"

သည်တော့မှ ထား အားနာသွား၏။ မှာတာချင်းတူနေတာကို မသိဘဲ သူ့အတွက်အရင်ရောက်လာသော ထမင်းပွဲကို စားမိခြင်းပါလား။

"ထား တောင်းပန်ပါတယ်နော်၊ ဒီကမှာထားတာ မသိလို့ပါရှင်"

"ရပါတယ်၊ ကျွန်တော်လည်း သိပ်မဆာသေးလို့ပါဗျာ"

အပြုံးနှုန်းဖြင့် သူပြောလိုက်သည်။ ထားမှာ ထမင်းမှားစားမိတဲ့အဖြစ်ကို ရှက်ကာ မျက်နှာလေးနီနီဖြင့် ထိုင်နေရာမှ အမြန်ထွက်ခဲ့မိတော့၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး ရှက်လိုက်တာနော်၊ သူများထမင်းပွဲကို မှားစားမိလေခြင်း"

အခန်းထဲရောက်တာနှင့် ထားမှာ ခုတင်ပေါ်ပစ်လှဲကာ စောစောက ထမင်းပွဲမှားစားမိတဲ့အဖြစ်ကို တစ်ယောက်တည်း ကြိတ်ရှက်နေမိ၏။

စိုင်း...စိုင်း...

သူကြောင့် ဒီနေ့ ငါ့မှာ အမျိုးမျိုး အမှားတွေ့ခဲ့ရတယ်။ မနက်တုန်းကလည်း စိုင်းနောက်အပြေးလိုက်ရင်း ထား လူတစ်ယောက်နှင့် ဝင်တိုက်မိခဲ့ရတဲ့အဖြစ်။

ထိုစဉ်တုန်းကလည်း

"ရပါတယ်၊ ကျွန်တော်လည်း ဘာမှဖြစ်တာမဟုတ်ပဲ"

"ဟင်"





ကြည်လင်ပြတ်သား၍ သြဇာရှိသော အသံတစ်မျိုးကို ဒီနေ့ သူမနားထဲ နှစ်ကြိမ်ပြန်ကြားလိုက်ရတာပါလား။

ထား အိပ်ရာမှ ဆတ်ခနဲထမိ၏။ နက်မှောင်သော စင်ရော်တောင် မျက်ခုံးလေးနှစ်ခု အလိုလို တွန့်သွားလျက် တစ်စုံတစ်ရာကို ဆက်စပ်မိတော့

"အို ဘုရားရေ မနက်တုန်းက ငါဝင်တိုက်မိတဲ့လူနဲ့ စောစောက ထမင်းပွဲမှားစားမိခဲ့တဲ့လူနဲ့ သူ သူ တစ်ယောက်တည်းပါလား"

ထားသည် ထိုတိုက်ဆိုင်မှုကို အံ့သြလွန်းကာ လှပသော နှုတ်ခမ်းလေးများ ပိုင်းဟသွားသလို မျက်တောင်ကော့ကြီးများ ဝန်းရံထားသည့် မျက်ဝန်းအစုံမှာလည်း အလိုလိုကျယ်သွားရ၏။

"ဘယ်...ဘယ်လိုဖြစ်ပြီး ငါ ဒီနေ့မှ သူနဲ့ တိုက်တိုက်ဆိုင်ဆိုင် နှစ်ကြိမ်တိတိ ငါ့ဘက်က စမှားခဲ့ရတာပါလိမ့်နော်"

ယောက်ျားများထဲမှာ မြင့်မားသောအရပ်နှင့် ချောမောခန့်ညားသော သူ့ရုပ်ရည်သည် အမှန်တော့ လွယ်ကူစွာ မှတ်မိစရာပါ။

သို့သော် ကိုယ့်အပူနှင့်ကိုယ် ဗျာများနေသော ထားအဖို့မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို နှစ်ကြိမ်တိတိ တစ်နေ့တည်းတွေ့ခဲ့ပေမယ့် ရုတ်တရက် မမှတ်မိခဲ့ပေ။

"သူ သူ ငါ့ကို ဘယ်လိုထင်မလဲမသိဘူး၊ အို ငါ ငါက ဒီလိုအမှားတွေ သူ့အပေါ် တမင်ကျူးလွန်ခဲ့တာမှ မဟုတ်ဘဲ"

ထားမှာ နီရဲသောမျက်နှာလေးဖြင့် ဘာသာဖြေသိမ့်လိုက်မိသည်။ သဘောထားပြည့်ဝရသော သူကလည်း ထိုနှစ်ကြိမ်လုံးမှာ အပြုံးမပျက် ထားကို ခွင့်လွှတ်နားလည်ပေးခဲ့သည်သာ။

"ကျေးဇူးတင်ပါတယ် ရှင်ရယ်၊ နောက်တစ်ကြိမ်တွေ့ရင် ရှင့်ကို ကျွန်မ သေချာတောင်းပန်ပါ့မယ်"

လောလောဆယ်တော့ ထားအတွက် စိုင်းကိုတွေ့နိုင်ဖို့ အဓိကဖြစ်နေ၏။

"မဖြစ်ဘူး၊ ငါ ဒီနေ့ပဲ စိုင်းနဲ့ထပ်တွေ့ဖို့ ကြိုးစားရမယ်"

ထိုအတွေးဖြင့် ထားသည် ထမင်းစားပြီး ခဏမျှ အနားယူကာ စိုင်းရှိရာအရပ်ဆီသို့ ပြန်လာခဲ့၏။

သူမရောက်နေကြောင်း စိုင်း မသိအောင် တစ်နေရာက တိတ်တဆိတ် စောင့်ကြည့်မိသည်။





"ဒီနေ့ အလုပ်သမားနည်းတော့ ကုန်တွေကို မင်းဝင်ပြီး သယ်လိုက်ဦး စိုင်း"

"ဟုတ်ကဲ့ သူဌေး"

ပွဲရုံဆိုတာက အလုပ်အမြဲများနေတတ်တာမျိုး ဖြစ်သည်။ စိုင်းမှာ လိုအပ်လျှင် အလုပ်သမားနေရာတွင် ကူလုပ်ပေးရ၏။

ကုန်တွေကို ထမ်းပိုးသယ်နေသော စိုင်းကိုကြည့်ပြီး စိတ်ထိခိုက်ခံစားမိတာ ထား။

"စိုင်းရယ် ရှင့်အရည်အချင်းနဲ့ ဘာကြောင့် ဒီမှာလာလုပ်နေရတာလဲကွယ်"

မျက်ရည်လေးများဝဲကာ ထား ကြည့်နေစဉ် စိုင်းက နဖူးမှချွေးများကို လက်ဖြင့်ဖယ်သုတ်၏။

ထား ခေါင်းလေး အသာခါယမ်းမိသည်။ ယခုနေ ပြေးခေါ်လိုက်လျှင် စိုင်း ဘယ်လိုဖြစ်မလဲ။

တစ်ညနေလုံး စောင့်ကြည့်နေသော ထားမှာ ပွဲရုံက စိုင်း ပြန်မှ သက်ဝင်လာ၏။

ပွဲရုံကထွက်လာသော စိုင်းနောက်မှ ထား ခပ်သွက်သွက် လိုက်ခဲ့သည်။ လူရှင်းသောနေရာအရောက်တွင်...



www.burmeseclassic.com

www.burmeseclassic.com



“စိုင်း”

“ဟင် ထား”

သည်တစ်ခါတော့ စိုင်းတစ်ယောက် ထွက်ပြေးလို့မရတော့ပေ။

“ဘာဖြစ်လို့ မနက်က ထားကို အတွေ့မခံတာလဲစိုင်း”

ငြိမ်သက်နေသော စိုင်းကို ထား မကျေနပ်သလို မေးမိသည်။

“မင်း ဒီကို ဘာလာလုပ်တာလဲ ထား”

စိုင်းအသံက တည်ငြိမ်လှ၏။ ထားကိုမကြည့်ဘဲ မေးခြင်း။

“ထား ဘာကြောင့်ရောက်လာတယ်ဆိုတာ စိုင်းသိပါတယ်၊ ထား စိုင်းကို ပြန်လာခေါ်တာ”

သည်တော့ စိုင်းက ဖြည်းညင်းစွာ ခေါင်းခါယမ်း၏။

“ဒီအတွက်ဆိုရင်တော့ စိတ်မကောင်းပါဘူး ထား၊ ငါ ပြန်မလိုက်နိုင်ဘူး”

စိုင်း၏ ပြတ်သားစွာငြင်းဆန်မှုကြောင့် ထား မျက်နှာပျက်သွားသည်။





“ဘယ်လိုပြောလိုက်တာလဲ စိုင်း၊ အဲဒီလိုငြင်းတာ တစ်ချိန်က ကိစ္စကြောင့် မဟုတ်လားဟင်၊ ဒါပေမယ့် အဲဒါတွေက ပြီးခဲ့ပြီလေ စိုင်း”

“ငါ့ရင်ထဲမှာတော့ ဘယ်တော့မှမပြီးဘူး ထား”

နာကြည်းသလို အသံဖြင့် စိုင်းပြောသည်။ စိုင်း၏ ခံစားမှုကို ထား သိပါသည်။ ထို့ကြောင့် အတတ်နိုင်ဆုံး နှစ်သိမ့်မိ၏။

“အဲဒီကိစ္စမှာ နင် အမှားမရှိဘူးဆိုတာ ငါတို့အားလုံး သိခဲ့ပြီပဲ စိုင်း၊ အခု အတိတ်ကကိစ္စကို မေ့လိုက်ပြီ ပစ္စုပ္ပန်မှာ”

“ဘာလဲ ငါက မြကြာယံမှာ ပျော်နေရမှာလား ထား”

စိုင်းက ထားကို ဆတ်ခနဲလှည့်ကြည့်ပြီး မေးသည်။ ထား ခေါင်းလေးခါယမ်း၏။

“မြကြာယံဟာ နင့်အတွက် ပျော်စရာမဟုတ်ပေမယ့် အသင့်တော်ဆုံးလို့ ငါထင်တယ် စိုင်း၊ ပြီးတော့ ခုချိန်မှာ မြကြာယံက နင့်ကို သိပ်အလိုရှိနေတာပါ”

“ငါ ဘယ်တော့မှ မြကြာယံကို မပြန်ဖို့ ဆုံးဖြတ်ထားတယ် ထား၊ ငါ ဒီမှာအဆင်ပြေတယ်”

ထိုစကားကြောင့် ထား အံ့သြသလို ကြည့်မိ၏။ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေပြပါတယ်ဆိုတဲ့ စိုင်း၏မျက်နှာက ဘာကြောင့် နွမ်းနေရမှာလဲ။

"နှင် ဒီမှာ ဘာတွေလုပ်နေရတယ်ဆိုတာ ငါ အားလုံး မြင်ခဲ့တွေ့ခဲ့ပြီးပြီ စိုင်း"

"ဟင်"

"ပြောစမ်းပါဦး နှင့်လိုဘွဲ့ရပညာတတ်တစ်ယောက်က ကုန်ဝင်ထမ်းစရာလားဟင်၊ မြကြာယံမှာဆို နှင်ဟာ ခြံဦးစီးမှူး တစ်ယောက်"

ပြောရင်း ထား ဝမ်းနည်းလာ၍ အသံလေးပင် တုန်ယောသည်။ စိုင်း ခပ်မဲ့မဲ့ပြုံးလိုက်၏။

"သော် နှင်က ငါ့ကိုစောင့်ကြည့်ခဲ့ဖြိုကိုး ထား"

"ဟုတ်တယ်၊ နှင့်အစား ငါ ရင်သိမ်နာတယ် စိုင်း၊ ဒီနေရာမျိုးမှာ နှင့်လိုလူတော်တစ်ယောက် ရှိရမယ့်နေရာမဟုတ် ဘူး"

"ဒါဆို ငါနဲ့သင့်တော်တဲ့နေရာက မြကြာယံလို့ နှင်ဆိုလိုက် တာလား ထား"

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိသည်။ စိုင်း၏မျက်ဝန်း တွင် နာကြည်းရိပ်တွေနှင့်။ ထား နူးညံ့စွာ ပြုံးပြလိုက်၏။





"ငါတောင်းပန်ပါတယ် စိုင်းရယ်၊ ခုဆို ဦးကြီးခွန်လုံ လည်း မရှိတော့ပါဘူး"

"နှင် ဘာပြောတာလဲထား"

စိုင်းက နားမလည်သလို မေး၏။ ထားက မျက်ရည် လေးတွေဝဲကာ

"ဦးကြီးခွန်လုံ ဆုံးသွားခဲ့ပြီလေ"

"ဟင်"

"ဟုတ်တယ် စိုင်း၊ မြကြာယံမှာ အားကိုးရာမဲ့နေတဲ့ အမေနန်းဟာ နှင့်ကိုမျှော်နေပါတယ်"

ရုတ်တရက် စိုင်း တိတ်ဆိတ်သွားရှာ၏။ ထိုအခွင့်အရေး ကို လက်လွှတ်မခံသောထားက...

"နှင်သိတဲ့အတိုင်း အမေနန်းကလည်း သိပ်ကျန်းမာတာ မဟုတ်ဘူး စိုင်း၊ အခု ငါကိုတောင် နှင့်အတွက် သူ့နားက လွှတ် လိုက်တာပါ၊ ငါပြန်လာရင် နှင်ပါလာလိမ့်မယ်လို့ သူယုံကြည်နေ တယ်"

"ငါ အမေနန်းကိုတော့ သနားပါတယ်ထား၊ ဒါပေမယ့်"

ထား နှုတ်ခမ်းလေးတွေ တင်းခနဲစေ့သွား၏။ စိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ခေါင်းမာလိမ့်မည်ဟု မထင်ခဲ့ပေ။

"နင်သာပြန်မလာရင် ဦးစီးလုပ်ကိုင်မယ့်လူ မရှိတဲ့ မြကြာယံပိုင် ခြံတွေအားလုံးကို အမေနန်း စွန့်လွှတ်ရလိမ့်မယ် စိုင်း၊ ဦးကြီးခွန်လုံရဲ့ နောက်ဆုံးဆန္ဒလည်း ဒီခြံတွေကို နင်ပဲဦးစီးစေချင်ခဲ့တယ်၊ ဒါကြောင့် အမေနန်းက နင့်ကိုခေါ်ခိုင်းလိုက်တာပဲ၊ ကဲ ငါ့ဘက်က ဝတ္တရားကုန်ပြီစိုင်း၊ ကျန်တာ နင့်ဘာသာ ဆုံးဖြတ်ပါ၊ ငါ မနက်ဖြန်ပြန်မယ်၊ နင်ပြန်လိုက်မယ်ဆိုရင် ငါ့ဆီဖုန်းဆက်ပါ စိုင်း"

ထိုမျှပြောပြီး ထား ထွက်ခဲ့သည်။ စိုင်းက တိတ်ဆိတ်စွာ ကျန်ခဲ့၏။

✠ ✠ ✠



"ငါ စိုင်းကို တစ်ယောက်တည်းထားခဲ့တာ မှားပြီထင်တယ်"

အခန်းထဲပြန်ရောက်တာနှင့် ထား ကိုယ့်ဘာသာ ရွတ်ဆိုမိ၏။ အမှန်တော့ ခေါင်းမာလွန်းသော စိုင်းကို အရှုံးတိုက်၍ ထွက်လာခဲ့ခြင်းပါ။

"အို…ဒါ…ဒါ သူ့အမြင်မှန်ရအောင်လို့ပဲလေ၊ သူတစ်ခုခု ဆုံးဖြတ်လိမ့်မယ်လို့ ငါယုံကြည်တယ်"

စိုင်းအတွက်နှင့် ထားမှာ တစ်ယောက်တည်း စိတ်ရှုပ်ထွေးနေမိ၏။ တကယ်တော့ မြကြာယံကို စိုင်း နားကြည်းခဲ့တာ တစ်ချိန်က မှားယွင်းစွာ အထင်လွဲမှုတစ်ရပ်ကြောင့်ဖြစ်သည်။

အတိတ်ကို ဖျက်ခနဲ ပြန်စဥ်းစားမိတာကတော့…

တောင်ကြီးမြို့စွန်ရှိ မြကြာယံသည် ကုန်းမြင့်ထက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တည်ရှိပြီး ခေတ်အဆက်ဆက် ခြံလုပ်ငန်းများဖြင့် ချမ်းသာခဲ့ကြသော မျိုးဆက်တွေဖြစ်သည်။

မြကြာယံ၏ နောက်ဆုံးအမွေဆက်ခံသူက ဦးခွန်လုံဖြစ်သည်။ မြကြာယံ၏ မျိုးဆက်များအားလုံး ခြံလုပ်ငန်းကိုသာ ရိုးသားကြိုးစားစွာ လုပ်ကိုင်ခဲ့သူများ။

ထို့ကြောင့် ဦးခွန်လုံလက်ထက်မှာလည်း ခြံလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ခဲ့၏။

"ခုဆို ငါက အသက်ကြီးပြီ မနန်းမိုး၊ ဒီခြံတွေအားလုံးကို ဦးစီးလုပ်ကိုင်မယ့် အသက်ငယ်ရွယ်တဲ့ ခြံလုပ်ငန်းကျွမ်းကျင်တဲ့ လူတစ်ယောက်လိုလာပြီ"

အသက်ခြောက်ဆယ်ဝန်းကျင် ရောက်နေပြီဖြစ်သော ဦးခွန်လုံက ဇနီးဖြစ်သူ ဒေါ်နန်းမိုးကို တိုင်ပင်၏။

"ရှင် ဘယ်သူ့ကိုမြင်လဲ ကိုခွန်လုံ"

"အင်း . . . ငါမြင်တာကတော့ မောင်စိုင်းနောင်ကိုပဲ သူ့အဖေအိုက်နောင်ကလည်း ခြံလုပ်ငန်း ကျွမ်းကျင်ခဲ့တာပဲလေ၊ အိုက်နောင်ဆုံးသွားတော့ စိုင်းနောင်က ဆက်လုပ်ကိုင်ခဲ့တယ်၊ သူက ခေတ်ပညာတတ်၊ ဘွဲ့လည်းရပြီးသားဆိုတော့ ငါ့ခြံတွေအားလုံး





အတွက် ဦးစီးမှူးလုပ်နိုင်းရမယ်"

အမှန်တော့ ဒေါ်နန်းကို တိုင်ပင်ခြင်းထက် ဦးခွန်လုံက ဘာသာဆုံးဖြတ်ပြီးသော ကိစ္စဖြစ်၏။

ဒေါ်နန်းဆိုတာကလည်း ဦးခွန်လုံရှာဖွေပေးသမျှ ပစ္စည်းများကို ထိန်းသိမ်းပြီး အိမ်မှုကိစ္စများလောက်သာ ကျွမ်းကျင်သည့် မိန်းမသားဖြစ်သည်။

"ရှင်ကောင်းမယ်ထင်ရင် ပြီးတာပါပဲ၊ စိုင်းနောင်လေးကလည်း ကျွန်မတို့မျက်စိရှေ့ ကြီးလာတာပဲလေ"

"အင်း ငါတို့မှာရှိတဲ့ သားတစ်ယောက်ကလည်း အားကိုးလို့မရလေတော့ ဆွေမျိုးနီးစပ်လည်းဖြစ်တဲ့ စိုင်းနောင်ကိုပဲ ဒီတာဝန်ပေးရမှာပေါ့ မနန်း"

ဦးခွန်လုံနှင့် ဒေါ်နန်းမိုးတို့မှာ အသက်ကြီးမှရသည့် သားတစ်ယောက် ထွန်းကားပါ၏။ တစ်ဦးတည်းသောသားကို မိဘနှစ်ပါးက တန်နေအောင်ချစ်၍ အလိုလိုက်ခဲ့သမျှ ယခုတော့ အသက်နှစ်ဆယ်ကျော်ဝန်းကျင် စိုင်းလုံက သူထင်ရာစိုင်းလေပြီ။

ဆယ်တန်းကို အကြိမ်ကြိမ်ကျကာ သူငယ်ချင်းအပေါင်းအသင်းများနှင့် ပျော်ပါးစွာ အချိန်ကုန်တတ်သလို မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းတွေဆွယ်၍ ခရီးဝေးတွေ ထွက်တတ်၏။

"စိုင်းလုံ မင်းအသက်မငယ်တော့ဘူး၊ ပညာရေးမှာ မကြိုးစားရင်လည်း ခြံလုပ်ငန်းကို လေ့လာပါလားသား"

ဦးခွန်လုံက ချော့၍ သားဖြစ်သူကို နားချသည်။

"ဟာ ဒီခြံလုပ်ငန်းတွေ ကျွန်တော်ဝါသနာမပါဘူး"

"ဒါဆို မင်းဘာဝါသနာပါလဲ"

"ကျွန်တော့်ကို ငွေအရင်းအနှီးထုတ်ပေးပါ အဖေ၊ ကျွန်တော် သူငယ်ချင်းတွေနဲ့စပ်ပြီး အရောင်းအဝယ်လုပ်မယ်"

စိုင်းလုံပြောတာ အဟုတ်မှတ်၍ လိုအပ်တဲ့ငွေကို ဦးခွန်လုံက ဒေါ်နန်းအား ထုတ်ပေးစေ၏။

"အရောင်းအဝယ်လုပ်တဲ့ ပစ္စည်းဟာ ရိုးသားတဲ့ကုန်မျိုးပဲ ဖြစ်ပါစေသား"

"စိတ်ချပါ အဖေ"

သို့သော် တကယ်တမ်းကြတော့ အိမ်မှထွက်သွားကာ တစ်လလောက်ကြာ၏။ စိုင်းလုံပြန်လာတော့ လူကပိန်သွားလျက် လက်ထဲမှာ ငွေတစ်ပြားမှမပါ။

"မင်း ဘယ်လိုဖြစ်လာတာလဲ စိုင်းလုံ"





"ကျွန်···ကျွန်တော် အရင်းရှုံးသွားလို့ပါအဖေ"

"ဟင်း"

ဦးခွန်လုံ သက်ပြင်းချ၏။ အရောင်းအဝယ်သမားဆိုတာ မြတ်တစ်လှည့် ရှုံးတစ်လှည့်ဟု ဦးခွန်လုံ သဘောထားလိုက်သည်။ စိုင်းလုံကို အိမ်မှာအနားယူစေပြီး အားမွေးစေသည်။ ပြန်လည်ပြည့်ဖြိုးလာတော့···

"မင်း ခြံလုပ်ငန်းကိုပဲလုပ်တော့ စိုင်းလုံ"

ဦးခွန်လုံ ထပ်ပြော၏။ စိုင်းလုံ လက်မခံ။

"ကျွန်တော်ဝါသနာမပါတာကို မလုပ်နိုင်းပါနဲ့ အဖေ"

"ဘာ ဒီခြံလုပ်ငန်းဆိုတာ ငါတို့မျိုးရိုးစဉ်ဆက် လုပ်လာခဲ့တာကို"

"ဒါကြောင့် ကျွန်တော်က ပိုမလုပ်ချင်တာ၊ ကျွန်တော် လက်ထက်မှာ လမ်းသစ်ဖောက်မယ်"

စကားပြောတော့ ကြီးကြီးကျယ်ကျယ်ဖြင့် စိုင်းလုံသည် နောက်တစ်ကြိမ် ပိုက်ဆံများယူ၍ အိမ်မှထပ်ထွက်သွား၏။

"မင်းသားတော့ သုံးလို့မရတော့ဘူး မနန်း"

"သားလေးက သူဝါသနာပါရာ လုပ်ချင်တာပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုခွန်လုံ”

ရှိုးသားသော အမေနန်းကတော့ စိုင်းလုံကို ယုံနေ၏။ နယ်ကျယ်သော ဦးခွန်လုံက စိုင်းလုံ ဘာတွေလုပ်နေတယ်ဆိုတာ ကြားသည်။ မကောင်းသော အပေါင်းအသင်းတွေကြောင့် စိုင်းလုံ လမ်းမှားရောက်နေပြီ။

အိမ်ကိုလည်း ပြန်မလာတော့။ မိဘနှစ်ပါး သားကြောင့် ကြိတ်စိတ်ဆင်းရဲ၏။

သည်အချိန်မှစကာ ဒေါ်နန်း ကျန်းမာရေးထိခိုက်လာ၏။

“ခုဆို ထားလည်း ကျောင်းပြီးသွားပြီဆိုတော့ အမေနန်းကို ပြုစုဖို့ အချိန်ရပါပြီ”

ထားက ဒေါ်နန်း၏တူမဖြစ်သည်။ ထားမိဘများမှာ ငယ်စဉ်ကပင် ကွယ်လွန်သွားကြ၍ ဦးခွန်လုံနှင့် ဒေါ်နန်းမိုးတို့ကပဲ မွေးစားခဲ့၏။

ထားက စာကြိုးစားသည်။ ဆယ်တန်းအောင်တော့ တက္ကသိုလ်တက်စေ၏။ ထား ဘွဲ့ယူပြီးပြန်လာချိန်တွင် မြကြာယံ မှာ စိုင်းလုံမရှိတော့။ အိပ်ရာထဲလဲနေသော ဒေါ်နန်းမိုးကို ထား အားပေးခဲ့သည်။





“ထားက သိပ်လိမ္မာတာပဲကွယ်၊ သားလည်း ထားလို လိမ္မာရင်ကောင်းမှာပဲ”

ထား လက်လေးကို ဆုပ်ကိုင်ပြီး ဒေါ်နန်းမိုး ပြောသည်။ စိုင်းလုံအကြောင်းသိနေသော ထားက ဒေါ်နန်းမိုးကို နှစ်သိမ့်၏။

“စိုင်းလုံက ငယ်သေးလို့ပါ အမေနန်း၊ သူ တစ်နေ့သိလာမှာပါ”

“အေးကွယ် အဲဒီနေ့ပဲ မင်းဦးကြီးနဲ့ ငါတို့ စောင့်ကြရမှာပေါ့”

ဤသို့ဖြင့် မြကြာယံတွင် ထားသည် အမေနန်းကို ပြုစုရင်း အိမ်မှုကိစ္စတွေ စီစဉ်ရ၏။

“ထား”

“သြော် စိုင်း”

စိုင်းနောင်က ထားကို ပြုံးကြည့်သည်။ အထက်တန်းမှာ အတူတက်ခဲ့ကြသော စိုင်းနောင်နှင့်ထားက သူငယ်ချင်းတွေထက် ပိုခင်မင်ရင်းနှီးသလိုလို။

မြကြာယံနှင့် ပတ်သက်ပြီး စိုင်းနောင်နှင့်ထားက ရေစက်တူနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြန်ရောက်လာတယ်ဆိုတာကြားလို့ ထား"

"အင်း ဟုတ်တယ်စိုင်း။ ငါလည်း နင့်ကိုသတိရလို့ လာချင်ပေမယ့် အမေနန်းက နေမကောင်းလေတော့"

"ငါနားလည်ပါတယ်ထား၊ နင်က မလာနိုင်တော့ ငါပဲ လာရတာပေါ့ ထား၊ မြို့မှာ အကြာကြီးနေခဲ့လို့လားမသိဘူး နင်က ပိုလှလာတယ်ထား"

ဖြူနုလှပသော ထားမျက်နှာကို ခေတ္တကြည့်ပြီး စိုင်းနောင်ပြော၏။ ထားမျက်နှာလေး ပန်းနုသွေးလွှမ်းကာ

"နင်လည်း အရမ်းထွားလာတယ် စိုင်း၊ ခြံအလုပ်တွေ နင်လုပ်နေပြီဆို"

"အင်း"

ဆယ်တန်းအတူအောင်ကြပေမယ့် စိုင်းနောင်က တက္ကသိုလ်ကို အဝေးသင်တက်၏။ အလုပ်တစ်ဖက်နှင့်ဆိုတော့ သူများတွေလို ယူငယ်ဘဝ တက္ကသိုလ်မတက်နိုင်ခဲ့ပေ။

ယခုတော့ စိုင်းနောင်လည်း အဝေးသင်နှင့်ပင် ဘွဲ့ရခဲ့ပြီ။ ခြံလုပ်ငန်းများမှာလည်း စိုင်းနောင်က အားကိုးရသူဖြစ်လာသည်။

"နင်က ယောကျ်ားကြီးတစ်ယောက်လို ခန့်ညားလာ





တယ် စိုင်း"

"တကယ်လား ထား၊ အမှန်တော့ ခြံလုပ်ငန်းတွေထဲမှာ အချိန်ကုန်နေတဲ့ ငါက လူကြမ်းကြီးနဲ့ မတူဘူးလား ထား"

ထား ခေါင်းခါလိုက်၏။ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် စိုင်းသည် ခြံလုပ်ငန်းများကြောင့် ကိုယ်ခန္ဓာ ကျစ်လစ်တောင့်တင်းကာ ညိုစိုသော အသားအရေ၊ မြင့်မားသောအရပ်ဖြင့် ယောကျ်ားပီသစွာ ကြည့်ကောင်းနေပါသည်။

"နင်က တကယ်ယောကျ်ားပီသတဲ့ လူတစ်ယောက်ပါ စိုင်း"

စိုင်းကို ရွှန်းရွှန်းစားစားကြည့်လိုက်ရင်း ထား လှိုက်လှဲစွာ ပြောလိုက်လေ၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

ဦးခွန်လုံက စိုင်းနောင်ကို မြကြာယံခြံများအားလုံး၏ ဦးစီးမှူးကြီးတစ်ယောက်အဖြစ် ခန့်အပ်လိုက်တဲ့ ဂုဏ်ပြုပွဲကို ခြံထဲမှာပဲ ကျင်းပသည်။

ထိုဂုဏ်ပြုပွဲမှာ မြကြာယံ၏ ခြံလုပ်သားများနှင့် မိသားစုသာ ပါဝင်၏။

"ကျွန်တော် ဦးကြီး ဒီလိုခန့်အပ်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ဘက်က အစွမ်းကုန်ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်"

စိုင်းနောင်၏စကားအဆုံး လက်ခုပ်သံတွေ ဆူညံသွားသည်။ စိုင်းနောင်ကို ခြံဦးစီးမှူးခန့်လိုက်တဲ့အတွက် ကျေနပ်တဲ့လူတွေရှိသလို မကျေနပ်တဲ့လူတွေလည်း ရှိနိုင်ပေမယ့် ဦးခွန်လုံက ဂရုမစိုက်ခဲ့။





"ဒီခြံလုပ်ငန်းတွေဟာ ငါတို့ရဲ့ အသက်သွေးကြောဆိုတာ မင်းသိပါတယ် စိုင်းနောင်၊ ဒါကြောင့် မင်းကို ငါယုံကြည်စွာ လွှဲအပ်ခဲ့တာပါ"

"ကျွန်တော်ကတိပေးပါတယ် ဦးကြီး"

ထိုဂုဏ်ပြုပွဲတွင် စိုင်းနောင်အတွက် ဝမ်းသာနေသူက ထားဖြစ်သည်။

"ကွန်ဂရက်ကျူလေးရှင်း စိုင်း"

"ကျေးဇူးတင်ပါတယ် ထား"

ဖြူနုသော ထားလက်လေးကို လှိုက်လှဲစွာဖြင့် စိုင်းလက်ဆွဲနှုတ်ဆက်၏။ ရုတ်တရက် ထားလက်လေးကို စိုင်း တော်တော်နှင့်ပြန်မလွှတ်မိ။

"ထား"

"စိုင်း"

တစ်ယောက်နှင့်တစ်ယောက် ကြည့်မိ၏။ တခြားလူတွေ ပျော်ရွှင်စွာ စားသောက်နေသည်။

"နင် ငါ့ရဲ့ ခြံဦးစီးမှူးဘဝကို သဘောကျရဲ့လားထား"

"ဘယ်လိုပြောလိုက်တာလဲ စိုင်း၊ ငါ ပညာတွေသင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ ဒီအချိန်ထိ ငါစားခဲ့တဲ့ ထမင်းတွေဟာ ဒီခြံလုပ်ငန်းတွေကြောင့်ပါ၊ ဘာကြောင့် ငါက ခြံဦးစီးမှူးဘဝကို သဘောမကျရမှာလဲ စိုင်း"

အေးမြသောရာသီမို့ ခြံထဲမှာ မီးပုံပွဲလုပ်ကြ၏။ အမှောင်ထဲမှာ ရပ်နေပေမယ့် မီးပုံပွဲကလာသော အလင်းရောင်က သူတို့နှစ်ဦးဆီ လာရောက်ထင်ဟပ်နေသည်။

"ဒီစကားကြားရတာ ငါဝမ်းသာတယ်ထား၊ တချို့မိန်းကလေးတွေဆို မြို့ပေါ်မှာ လေးနှစ်လောက်ကျောင်းတက်ပြီးသွားရင် မြို့ရဲ့စရိုက်၊ မြို့ကြီးတွေရဲ့ အငွေ့အသက်မှာပဲ မက်မောသွားတတ်ကြတယ်မဟုတ်လား"

စိုင်း ဘာကိုဆိုလိုလဲဟု ထားသိပါ၏။ ကိုယ့်ဘဝကိုယ်မေ့တတ်တဲ့ အမျိုးအစားထဲမှာ ထားတစ်ယောက် မပါဝင်ပေ။

"ငါကတော့ ဒီခြံမြေတွေကို တစ်သက်လုံး ချစ်မြတ်နိုးမှာပါ စိုင်း"

"နင်က အားလုံးထဲမှာ ထူးခြားတဲ့မိန်းကလေးပါ ထား၊ ဒါကြောင့် ငါက နင့်ကို"

သို့သော် စိုင်း၏စကား ရပ်သွားသည်။ အနားသို့ ကောင်မ





လေးတစ်ယောက် ရောက်လာကာ

"မမထားကို အမေနန်းက ခေါ်ခိုင်းလိုက်ပါတယ်"

"ဟင် ဪ၊ ငါ ခုပဲလာခဲ့မယ်၊ စိုင်း ငါသွားလိုက်ဦးမယ်နော်"

စိတ်မပါဘဲ ထား နှုတ်ဆက်လိုက်ရ၏။ စိုင်း ဖြည်းလေးစွာ ခေါင်းညိတ်သည်။

"ကောင်းပြီ ထား၊ ငါတို့နောက်မှ တွေ့ကြတာပေါ့"

"အင်း"

တစ်နယ်ထဲမှာ အမြဲရှိနေပြီမို့ သူတို့နှစ်ယောက် တွေ့ဆုံဖို့လွယ်ကူတယ်ဟု ထင်ခဲ့မိ၏။ တကယ်တမ်းမှာတော့ ဦးစီးမှူးတစ်ယောက်ဖြစ်သွားသော စိုင်းမှာ တစ်နေ့တစ်နေ့ များပြားလှသော ခြံလုပ်ငန်းတွေနှင့် မအားလပ်သလို ထားတစ်ယောက်မှာလည်း မြကြာယံ၏ အိမ်မှုကိစ္စများ၊ အမေနန်း၏ ကျန်းမာရေးကိစ္စများနှင့် မအားလပ်ခဲ့ပေ။

"ထားလည်း ပင်ပန်းတယ်ကွယ်"

"ဒီလိုမပြောပါနဲ့ အမေနန်းရယ်၊ ခုမှ ထားက အမေနန်းတို့ကို ပြုစုဖို့ အခွင့်အရေးရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတတ်လိုက်တဲ့ကလေးရယ်"

တစ်ယောက်နှင့်တစ်ယောက် မတွေ့ဖြစ်ကြပေမယ့် စိုင်းနဲ့ ထားတို့ တစ်ယောက်ကိုတစ်ယောက် စိတ်ထဲက အမြဲသတိရနေကြသည်။

"စိုင်းနောင်ကို ခြိဦးစီးရှုးခန့်လိုက်တာ ငါ့အတွက် သိပ်မှန်တာပဲ မနန်း၊ စိုင်းနောင်က တကယ်ကြိုးစားကဲ့ လူငယ်တစ်ယောက်ပဲ"

အလုပ်နှင့်ပတ်သက်လျှင် စိုင်းနောင်က တက်ကြွစွာ ဆောင်ရွက်တတ်သည်။ ခြောက်လမပြည့်မီမှာပင် စိုင်းနောင်ကြောင့် ခြံလုပ်ငန်းတွေ တိုးတက်လာတာ ဦးခွန်လုံ တွေ့ရသည်။

ဦးခွန်လုံမှတစ်ဆင့် စိုင်းနောင်၏ ကောင်းသတင်းတွေကြားရတော့ ထား ကျေနပ်မိရသည်။

"ဒီနေ့ စိုင်းနောင် အိမ်ကိုလာမယ်၊ မနန်းနဲ့ထား၊ ထားက စိုင်းနောင်ကို ထမင်းကျွေးဖို့ သေချာစီစဉ်ပါ"

"ရှင်၊ ဟုတ်ကဲ့ ဦးကြီး"

စိုင်းနောင် အိမ်လာမည်ဆိုတာကြောင့် ထားတစ်ယောက် ဝမ်းသာသွားသည်။





ဦးကြီးမပြောလည်း စိုင်းနောင်ကို ထမင်းကျွေးဖို့ ထားက အထူးစီမံမှာပါ။

ယခုတော့ ဦးကြီးခွန်လုံကပါ အထူးမှာလေတော့ ပြောစရာမရှိ။

ထားကိုယ်တိုင် ဈေးဝယ်ပြီး စိုင်းနောင်အကြိုက် ဟင်းများ ချက်ပြုတ်၏။

"တား...စိုင်းနောင်ရေ မင်းလာမယ်ဆိုလို့ ထားက စပါယ်ရှယ်ချက်ထားတဲ့ဟင်းတွေ"

စိုင်းနောင်ရောက်လာတော့ ထမင်းပွဲက အသင့်ဖြစ်ပြီ။ ထားလည်း ရေချိုး၊ အလှပြင်၊ အဝတ်အစားလဲပြီး စိုင်းနောင်နှင့် ထမင်းပွဲမှာတွေ့၏။

စိုင်းနောင်နှင့်အတူ ထားတို့အားလုံး ဝိုင်းစားကြသည်။ ဦးကြီးခွန်လုံက စိုင်းနောင်ပန်းကန်ထဲ ဟင်းတွေ ခပ်ထည့်ပေးရင်း ပြောခြင်းပါ။

"ထား ကျွန်တော်အတွက် ပင်ပန်းသွားတာပေါ့ ဦးကြီး"

"အို မပင်ပန်းပါဘူး စိုင်း၊ နင်က အမြဲတမ်း ခြံထဲမှာ နေရတာဆိုတော့ ရောက်တုန်း ကောင်းကောင်းစားစေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထား ဝင်ပြောသည်။ စိုင်းနှင့် အကြည့်ချင်းဆုံ၏။

လူကြီးတွေက ပြုံးကာ

"ဒီမောင်နှမနှစ်ယောက် ကြည့်ရတာ ငါတို့စိတ်ချမ်းသာတယ်ဟေ့"

"ကျွန်မလည်း ဒီလိုပါပဲရှင်"

ဦးခွန်လုံနှင့် ဒေါ်နန်းတို့အတွက် စိုင်းနောင်နဲ့ထား ရှိနေတာ ကိုယ့်သားသမီးတွေလိုပါ။

"ကျွန်တော်တို့အတွက်လည်း ဦးကြီးနဲ့ အမေနန်းက မိဘတွေလိုပါပဲခင်ဗျာ"

"ထားအတွက်လည်း ဒီလိုပါပဲရှင်"

"အေး အေး မင်းတို့လိမ္မာကြတာ ငါတို့ဝမ်းသာတယ်"

တစ်ခဏအတွင်းမှာပင် သူတို့အားလုံး မိသားစုပမာ ပိုမိုရင်းနှီးသွားကြသလို ခံစားမိရသည်။ မမျှော်လင့်ဘဲ ပျော်ရွှင်စရာကောင်းသော ထမင်းဝိုင်းလေးအဖြစ် ဖန်တီးမိလိုက်သလိုပါပဲ။

သို့သော် ထိုအချိန်က မကြာလိုက်ဟုထင်သည်။

"ဆရာ၊ ဆရာစိုင်းနောင်ရှိလား"

"ဘယ်သူလဲ"





"ကျွန်တော် အဲမောင်ပါ"

ခြံထဲက အလုပ်သမား အဲမောင်လိုက်လာတာကြောင့် သူတို့အိမ်ရှေ့ထွက်ခဲ့ကြသည်။ အဲမောင်မျက်နှာက တစ်စုံတစ်ရာကို စိုးရိမ်ဟန်။

"ဘာကိစ္စလိုက်လာတာလဲ အဲမောင်"

စိုင်းနောင်က မေးသည်။ ဦးခွန်လုံနှင့် ဒေါ်နန်း၊ ထားတို့ကလည်း အဲမောင်ကို ကြည့်နေကြ၏။

"ဒုက္ခတော့ ရောက်ကုန်ပြီဆရာ၊ ထွက်သွားတဲ့ခြံက ကားတွေမှာ မသင်္ကာပစ္စည်းတွေ့လို့တဲ့"

"ဘာ"

ဦးခွန်လုံက အံ့သြစွာဖြင့် စိုင်းနောင်ကို လှမ်းကြည့်သည်။ စိုင်းနောင်မှာလည်း မမျှော်လင့်သော သတင်းကြောင့် မျက်နှာပျက်သွား၏။

"ဒီသတင်းအမှန်ပဲလား အဲမောင်"

"စစ်ဆေးရေးဂိတ်မှာ ကားတွေကို ထွက်ခွင့်မပေးဘူးဆရာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခြံတွက်ပစ္စည်းများကိုသာ တင်သောကားမို့ ဒီလိုမသက်ာ ဖွယ်ပစ္စည်းတွေ ဘာကြောင့်တွေ့တာလဲ စိုင်းနောင် မစဉ်းစားတတ် အောင်ပါ။

“ဦးကြီး ကျွန်တော်လိုက်သွားဦးမယ်”

နေရာမှထကာ စိုင်းနောင်ပြောသည်။ ဦးခွန်လုံက မျက်နှာ တင်းစွာဖြင့်

“ငါကိုယ်တိုင်လိုက်ကြည့်မယ် စိုင်းနောင်”

“ဦးကြီးနေခဲ့ပါ၊ ဒီကိစ္စ ကျွန်တော်ရှင်းလိုက်ပါမယ်”

စိုင်းနောင်က တားသည်။ အမေနန်းနှင့်ထားကလည်း

“ဟုတ်ပါတယ်ရှင်၊ မောင်စိုင်းနောင် သွားပါလိမ့်မယ်”

“ဦးကြီးမလိုက်တာ ပိုကောင်းမယ်လို့ ထားထင်ပါတယ်”

သို့သော် အားလုံးစိုင်းတားသည့်ကြားမှ စိတ်မြန်သော ဦးခွန်လုံကလက်မခံ။

“မသင်္ကာဖွယ်ပစ္စည်းတွေ တကယ်တွေ့တာမှန်ရင် ဒီကားတွေ ရဲ့ပိုင်ရှင်ဖြစ်တဲ့ ငါက ငြိမ်ငြိမ်နေလို့မရဘူးကွ၊ ဒါ ဘာကြောင့်လဲ ဆိုတာ အဖြေရှာရမယ်”

စိုင်းနောင်မှာ မျက်နှာအတော်ပျက်နေသည်။ သူခြံဦးစီး





မှုးလုပ်ခဲ့သော အချိန်မှ မကြာသေးပေ။ ဒီလိုကိစ္စမျိုးဖြစ်ရာက သူ့တွင် တာဝန်အရှိဆုံးဖြစ်နေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

“ဒါ ဘယ်လိုဖြစ်ရတာလဲ စိုင်းနောင်၊ ခြံထွက်ပစ္စည်းတွေကြားထဲမှာ ဒီလိုပစ္စည်းမျိုး တွေ့ရတယ်ဆိုတာ အံ့ဩစရာပဲ၊ ဒီကိစ္စမှာ မင်းက တာဝန်အရှိဆုံးမဟုတ်လား”

ကိုယ်တိုင်သွားကြည့်သောအခါ ကားတစ်စီး တကယ်ပဲ မသင်္ကာပစ္စည်းများ တွေ့ရတာကြောင့် ဦးခွန်လုံမျက်နှာကြီး နီနေ၏။

တစ်သက်လုံး နာမည်ပျက်မခံခဲ့သော ဦးခွန်လုံအဖို့ ဒီကိစ္စဟာ ဂုဏ်သတင်းပျက်စရာ။

“ကျွန်တော်ကိုယ်တိုင် ခြံထွက်ပစ္စည်းတွေ တင်တုန်းက ကားတွေကို စစ်ဆေးခဲ့ပါတယ် ဦးကြီး”

“ဟေ ဒါဆို ဒီပစ္စည်းတွေက ကားပေါ် ခြေထောက်ပေါက်ရောက်လာတာလား စိုင်းနောင်”





မမျှော်လင့်ဘဲ ဦးခွန်လုံနှင့် စိုင်းနောင်ကြားတွင် တင်းမာမှုဖြစ်သွား၏။

“ငါက မင်းကို လူယုံတစ်ယောက်အဖြစ် ဒီလိုကိစ္စတွေ ဖြစ်မှာစိုးလို့ ခန့်အပ်ထားတာကွ”

“ကျွန်တော်နားလည်ပါတယ် ဦးကြီး၊ ဒီကိစ္စ ကျွန်တော် လုပ်တာမဟုတ်ဘူး၊ တစ်စုံတစ်ယောက်က ကျွန်တော့်ကို ချောက်ချတာပဲဖြစ်မယ်”

ယခင်အချိန်များကဆိုလျှင် စိုင်းနောင်ပြောတာ အားလုံး ဦးခွန်လုံ လွယ်ကူစွာလက်ခံတတ်ပေမယ့် ယခုတော့ တင်းမာသောမျက်နှာဖြင့် ခေါင်းခါယမ်းသည်။

“အကြောင်းပြချက်တွေကို ငါမလိုချင်ဘူး စိုင်းနောင်၊ ပိုင်ရှင်တစ်ယောက်အနေနဲ့ ကားတစ်စီးစာ လက်လွှတ်လိုက်ရတာကို ငါမနမြောဘူးဆိုရင်တောင် ငါ့ရဲ့ဂုဏ်သိက္ခာ ဘယ်လောက် ထိခိုက်သွားလဲဆိုတာ မင်းနားလည်လား”

စိုင်းနောင် အံကြိတ်လိုက်၏။ သူဘယ်လိုပြောပါစေ ဦးခွန်လုံ ယုံတော့မည်မဟုတ်ဟု သိလိုက်ပြီ။

“ကောင်းပါပြီ ဦးကြီး၊ ဒီကိစ္စမှာ တာဝန်အရှိဆုံးက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မို့လို့ ဒီအလုပ်က ကျွန်တော်ထွက်ပါ့မယ်"

"ဟင်"

"အို"

သူ့အလုပ်က ထွက်မည်ဆိုတော့ အမေနှန်းနှင့်ထားတို့ မျက်နှာပျက်သွားကြသည်။ ဦးခွန်လုံက တစ်ခဏ တိတ်ဆိတ်သွားပြီး

"အေးလေ ဒါကတော့ မင်းသဘောပဲ စိုင်းနောင်"

တစ်ချက်လေးမှ မတားသော ဦးခွန်လုံ၏သဘောထားကို သိကာ စိုင်းနောင် နာကျင်သလို ပြုံးလိုက်မိသည်။

သည်ကိစ္စရဲ့တရားခံကို သူပဲဟု ဦးကြီးထင်နေတာ စိတ်မကောင်းပါ။

"ကျွန်တော့်အပေါ် ကျေးဇူးရှိခဲ့တဲ့ ဦးကြီးနဲ့ အမေနှန်းကို ကန်တော့ခဲ့ပါတယ်"

စိုင်းနောင်က ဦးခွန်လုံတို့ လင်မယားကို ကန်တော့သည်။ ထား မျက်ရည်လေးဝဲကာ ကြည့်နေမိ၏။

"စိုင်း"

"ထား"





ကန်တော့ပြီး ထွက်လာသော စိုင်းနောင်နောက်သို့ ထား အပြေးလိုက်ခဲ့သည်။

"နင် နင် တကယ်ပဲ ထွက်သွားတော့မှာလား စိုင်းရယ်"

သည်တော့ စိုင်းနောင် မချိပြုံးဖြင့် ထားကိုကြည့်၏။

"ဒီကိစ္စမှာ ငါက တာဝန်အရှိဆုံးမဟုတ်လား ထား"

"ဒါပေမယ့် နင် ဒါကိုမလုပ်ဘူးဆိုတာ ငါယုံတယ် စိုင်း"

ရီးသားကြည်စင်သော စိုင်းမျက်နှာကိုကြည့်ပြီး ထားပြောသည်။

"ကျေးဇူးတင်ပါတယ် ထား၊ ဒါပေမယ့် ဦးကြီး ဘယ်လိုထင်လဲဆိုတာ နင်သိပါတယ်ထား"

"ဒါက အမှန်မပေါ်သေးလို့ပါ စိုင်း၊ မကြာခင် အဖြေပေါ်လာမှာပဲလေ"

ထား နှစ်သိမ့်ပေမယ့် သူ ခေါင်းခါယမ်းလိုက်၏။

"ဘာပဲဖြစ်ဖြစ် ငါက တာဝန်ရှိသူတစ်ယောက်အနေနဲ့ နုတ်ထွက်ပါတယ် ထား၊ ကဲ ငါ ခြံထဲသွားပြီး ပစ္စည်းတွေသိမ်းလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိုင်းရယ်"

စိုင်းထွက်သွားတာကို ရပ်ကြည့်ကျန်ရစ်ခဲ့သော ထား ပိုင်ပိုင်တားခွင့်မရှိတဲ့ဘဝပါလေ။

သို့သော် စိုင်းထွက်သွားပြီး မကြာခင်

"တရားခံပေါ်ပါပြီ၊ တရားခံက ဒရိုင်ဘာ ဦးလှထွယ် ဝါ"

သက်ဆိုင်ရာက အကြောင်းကြားလာသည်။

"ဟင် ဒါဆို စိုင်းမဟုတ်ဘူးပေါ့နော် ဦးကြီး"

"အင်း"

ထားက ဝမ်းသာအားရမေး၏။ ဦးခွန်လုံက စိုင်းနောင် အပေါ် သံသယဖြစ်ခဲ့မိတာ နောင်တရမိသည်။

"ဒါ ဒါဆို စိုင်းကို ထွက်မသွားဖို့ ထား သွားပြောလိုက် မယ်နော် ဦးကြီး"

"မြန်မြန်လိုက်သွားပါ ထား"

အမေနန်းက တိုက်တွန်းတာကြောင့် ထား ခြံထဲလိုက်ခဲ့ သည်။ ဟိုရောက်တော့ စိုင်းက အထုပ်အပိုးအသင့်ဖြစ်နေပြီ။

"စိုင်း နင် နင် သွားစရာမလိုတော့ဘူး၊ တရားခံကို





မိပြီ၊ ဒရိုင်ဘာ ဦးလှထွယ်တဲ့"

ထားက ဝမ်းသာအားရလေး ပြောသည်။ သို့သော် စိုင်းနောင်မျက်နှာက တည်ငြိမ်လွန်းလျက်

"တရားခံမိတာကို ငါဝမ်းသာပါတယ် ထား၊ ဒါပေမယ့် ငါ ဆုံးဖြတ်ပြီးသားကိစ္စကို မပြင်တော့ဘူး"

"ဟင်"

"ငါ ဒီကထွက်သွားဖို့ ဆုံးဖြတ်လိုက်ပြီထား"

ထား ခေါင်းခါယမ်းလိုက်၏။ စိုင်းနောင်မျက်နှာကို တောင်းပန်ဟန်ကြည့်သည်။

"ဟင့်အင်း နင်ထွက်မသွားရဘူး စိုင်း၊ ဦးကြီးနဲ့အမေ နန်းကလည်း နင့်ကို ထွက်မသွားစေချင်ဘူး"

"အဲဒီအတွက် သူတို့ကို ကျေးဇူးတင်ပါတယ်ထား၊ ငါ့နေရာမှာ တခြားခြံစီးမျိုးကောင်း ရောက်လာမှာပါ၊ ကဲ ငါသွား ပြီထား"

"အို စိုင်း"

နောက်သို့လှည့်မကြည့်စတမ်း ထိုအချိန်မှစ၍ စိုင်း ထွက် သွားခဲ့တာ ယခုဆို တစ်နှစ်ရှိပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းနောင် ထွက်သွားပြီးနောက် မညိုသူကိုမျှ ခြဦးစီးမခန့်တော့ဘဲ ဦးခွန်လုံ ပြန်လုပ်ကိုင်သည်။

သို့သော် အသက်အရွယ်ကြီးလာတာကြောင့် အလုပ်ပင်ပန်းဒဏ် မခံနိုင်တော့ပေ။

ရှိသည့် သားတစ်ယောက်ကလည်း မလိမ္မာ၍ ဦးခွန်လုံစိတ်ထဲ ကြိတ်၍ ဖိစီးခဲ့သည်။

နောက်ဆုံး အိပ်ရာထဲလဲခဲ့ရ၏။

"မနန်း"

"ရှင်"

"ငါမရှိရင် ခြံတွေအတွက် စိုင်းနောင်ကို ပြန်ခေါ်ပါ"

"အို ဒီ ဒီလိုမပြောပါနဲ့ ကိုခွန်လုံ"

"ငါ့အကြောင်းငါသိပါတယ် မနန်းရယ်"

ထိုစကားက ဦးခွန်လုံ၏ နောက်ဆုံးဆန္ဒဟု ပြောရမည်။ ဦးခွန်လုံဆုံးပါးသွားပြီးနောက် ဒေါ်နန်း ကျန်းမာရေးချို့တဲ့လာ၏။

"ခြံတွေကိုပစ်ထားလို့ မဖြစ်ဘူး ထား၊ စိုင်းနောင်ကို သွားခေါ်ပါကွယ်"

"စိတ်ချပါ အမေနန်း၊ စိုင်းကို ထား ရအောင်ခေါ်လာခဲ့





ပါ့မယ်"

အမေနန်း စိတ်ချမ်းသာအောင် ကတိပေးခဲ့သော ထား။ တကယ်တမ်း စိုင်းနောင်နှင့်တွေ့တော့ လက်လျှော့ရမလိုပါပဲ။

"ဒေါက် ဒေါက်"

အတိတ်မှအတွေးများ လွင့်နေသော ထားမှာ အခန်းတံခါးလာခေါက်တာကြောင့် သတိဝင်လျက် ထလိုက်၏။

တံခါးလာခေါက်တာ ဘယ်သူလဲ။

စိုင်း လိုက်လာတာလား။

အချိန်က ညဘက်ရောက်နေပြီမို့ စိုင်းလာတာဟု ထား ထင်လျက် တံခါးဖွင့်ပေးလိုက်သည်။

"အို ဒီပန်းတွေက"

"မမအတွက် လူတစ်ယောက်ပို့ခိုင်းလိုက်တာပါ"

ဝန်ထမ်းကောင်လေးက ပြောရင်း လှပသော ပန်းခြင်းကို စားပွဲတင်၍ ထွက်သွားသည်။

ဒါ…ဒါ စိုင်းပို့လိုက်တာပဲဖြစ်မယ်။ ငါ စိတ်ဆိုးသွားမှန်း သိလို့ ဒီပန်းခြင်းနဲ့ ချော့တာနေမှာ။

ထားသည် ကိုယ်လိုရာယက်တွေးရင်း ပန်းခြင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စာများပါမလားဟု ရှာကြည့်၏။

မင်းအတွက်…

ကိုယ်

ကဒ်ပြားလေးမှာ ခပ်သောသော့လက်ရေးဖြင့် စာကြောင်းနှစ်ခုသာ တွေ့ရသည်။ ထားက ထိုစာကြောင်းလေးနှစ်ခုကို အကြိမ်ကြိမ်ပြန်ဖတ်ပြီး တပ်ယောက်တည်း ကျေနပ်စွာပြုံးလိုက်သည်။

စိုင်းက ဒီလိုဆိုတော့လည်း ကဗျာဆန်တဲ့လူတစ်ယောက်ပါလားဟု ရှုပ်င်။

✠ ✠ ✠



မနက်မိုးစင်စင်လင်းခဲ့သည့်တိုင် စိုင်းတစ်ယောက် ထားထံသို့ ရောက်မလာတာကြောင့် သက်ပြင်းလေး ကြိတ်ချမိရ၏။

ညတုန်းကတော့ ဖုန်းခြင်းပို့ခဲ့ပြီး ယခု လူပေါ်မလာတာ ဘာသဘောပါလိမ့်။ သည်နေ့ပြန်မည်ဟု သူမပြောခဲ့၏။

မပြန်လို့ကမဖြစ်ပေ။ မြကြာယံတွင် အမေနန်းက ထားကို မျှော်နေမည်ဖြစ်သလို တခြားကိစ္စများစွာ ရှိသေးသည်။

"သူက ကလေးတစ်ယောက်မှမဟုတ်ဘဲ၊ ငါ ဖွတ်ခေါ်သွားလို့လည်း ရတာမဟုတ်၊ သူ့ကို ငါ အကျိုးအကြောင်းပြောပြထားခဲ့ပြီ"

မြကြာယံကို သူတကယ်သံယောဇဉ်ရှိရင် လိုက်လာလိမ့်မယ်"

ထိုဆုံးဖြတ်ချက်ဖြင့် ထားက အထုပ်အပိုးများ သိမ်းဆည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ထို့နောက် ရေချိုး၊ အဝတ်အစားလဲ၊ အလှပြင်ပြီးတာနှင့် နေ့တိစာကို အခန်းထဲမှာစားသည်။

နောက်ဆုံးအချိန်ထိ စောင့်ပေမယ့် စိုင်း ရောက်မလာတာကြောင့် ထား အခန်းအပ်ပြီး ထွက်လာခဲ့သည်။

ထိုအချိန်···

"ကျွန်တော်တို့ ခရီးထွက်ဖို့ အဆင်သင့်ဖြစ်ပြီလား ကိုစိုးကြီး"

မနက်နေမြင့်မှ အိပ်ရာနိုးလာသော ဝတ္တာမင်းရှိန်က ကိုစိုးကြီးကို မေး၏။ အမှန်တော့ ဒီလိုနေမြင့်အောင် သူ ဘယ်တုန်းအခါကမှ မအိပ်ခဲ့ပေ။

ညကတော့ မိတ်ဆွေတစ်ဦးက ဧည့်ခံနှုတ်ဆက်သည့်အနေဖြင့် စားကြသောက်ကြရင်း ညဥ့်နက်သွားခြင်းဖြစ်၏။

"အဆင်သင့်ပါပဲ သူဌေး၊ မနက်ဆယ်နာရီမှာ ကျွန်တော်တို့ ငှားထားတဲ့ကား ဟိုတယ်ကို လာခေါ်ပါလိမ့်မယ်"

"အိုကေ ဒါနဲ့ ညက ကျွန်တော်ခိုင်းထားတဲ့ကိစ္စ အဆင်ပြေရဲ့လား ကိုစိုး"

"ဟာ အဆင်ပြေပါတယ် သူဌေး၊ ပန်းခြင်းကို သေချာပို့လိုက်ပါတယ်"

သူပြုံးလိုက်သည်။ ထားဆိုသော မိန်းကလေးအခန်းသို့ သူလက်ဆောင်ပို့ချင်ကြောင်းပြောတော့ ကိုစိုးကြီး အံ့ဩခဲ့၏။

သို့သော် ပါးနပ်သော ကိုစိုးကြီးက သူ့အား ချက်ချင်း အကြံပေးသည်။

"မိန်းကလေးဆိုတော့ ပန်းခြင်းပို့ရင် ကောင်းမယ်သူဌေး"

"ဒါဆို ခင်ဗျားစီစဉ်ပေးပါ ကိုစိုးကြီး"

"စိတ်ချပါ သူဌေး"

ဘယ်ကဘယ်လို ရှာလာမှန်းမသိသော ရောင်စုံလှပသည့် ပန်းခြင်းကြီးကို သူ့အား ကိုစိုးကြီးပြ၏။

သူကဒ်မှာ စာနှစ်ကြောင်းလောက်သာရေးပြီး ပန်းခြင်းကို ထားထံပို့စေခဲ့၏။

ထိုသို့လုပ်ရတဲ့အတွက် သူ့စိတ်ထဲ ကြိတ်ကာ ကြည်နူးခဲ့ရတာ ဘယ်သူသိမှာလဲ။

သည်မနက် ပြန်တော့မှာမို့ ထားကို သူသတိရလာ၏။

"ကိုစိုးကြီး ထားကို ကျွန်တော် ဘရိတ်ဖတ်စ်နဲ့ ဧည့်ခံချင်တယ်ဗျာ"







www.burmeseclassic.com

www.burmeseclassic.com



ရေချိုး၊ အဝတ်အစားလဲပြီးနောက် သူက တည်ကြည်သောမျက်နှာဖြင့် ပြောလာသည်။

"ဗျာ၊ ဟုတ်ကဲ့"

သည်ကိုရောက်မှ သူ၏ ပြောင်းလဲလာပုံမှာ ထူးဆန်းလှတယ်ဟု ကိုစိုးကြီး ထင်၏။

တစ်သက်လုံး မည်သည့်မိန်းကလေးကိုမှ ဂရုမစိုက်ခဲ့သော ဆရာသမားက ဟိုတယ်မှာ ခဏလာတွေ့တဲ့ မိန်းကလေးအား စိတ်ဝင်စားနေပြီလား။

ကိုစိုးကြီးက ထားအခန်းရှိရာ လာခဲ့၏။

"ဟင်...သူမရှိတော့ပါလား"

ဝန်ထမ်းကောင်လေးကို မေးကြည့်သည်။

"ဟုတ်ကဲ့၊ မနက်ကပဲ ဒီအခန်းကမမ ပြန်အပ်သွားပါပြီ"

"သြော်"

ထားက သူတို့ထက်စော၍ ပြန်သွားပြီပဲ။ ကိုစိုးကြီး ပြန်လာခဲ့သည်။

ဝဏ္ဏမင်းရှိန်က လက်ဖက်ရည်ပွဲနှင့် စောင့်နေ၏။





"သူကော"

အခန်းထဲ တစ်ယောက်တည်းဝင်လာသော ကိုစိုးကြီးကြောင့် မျက်မှောင် မသိမသာတွန့်သွားလျက် သူမေးသည်။

"ဒီမနက်ပဲ သူအခန်းပြန်အပ်သွားပါပြီ သူဌေး"

"ဟင်"

ကြည့်စမ်း ထားအခန်းပြန်အပ်သွားပြီဆိုပါလား။ ရုတ်တရက် သူ့ရင်ထဲ ဟာသလို ခံစားလိုက်ရ၏။

သို့သော်လည်း...

ဝဏ္ဏမင်းရှိန်လေ။ ထုံးစံအတိုင်း မတုန်မလှုပ်ဟန်ဖြင့်

"အင်း ဒါဆို ကျွန်တော်တို့လည်း စားပြီးသွားကြတာပေါ့ဗျာ၊ ဦးဇော်မွန်းကိုကော ဖုန်းဆက်ထားပြီလား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ကားစင်းလုံးငှားပြီး လာမယ့်အကြောင်း ဆက်ထားပါတယ် သူဌေး"

သူ တစ်ချက်ခေါင်းညိတ်၏။ စိတ်ထဲကတော့ ထား၏ လိပ်စာလေးကိုတောင် မသိလိုက်တဲ့ အဖြစ်အတွက် စိတ်မကောင်းချင်သလိုလို။

အဟွန်း...ငါ ဒီမိန်းကလေးနဲ့ကြမှ ဘာတွေအထူးအဆန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရတာပါလိမ့်။

ဝတ္တာမင်းရိန်သည် ကိုယ့်ကိုယ်ကို ပြန်လည်သတိပေးရင်း ရှေ့ဆက်ရမည့် အလုပ်ထဲ အာရုံနှစ်လိုက်၏။

မနက်ဆယ်နာရီတွင် သူတို့ငှားထားသော ကားလာခေါ်သည်။ ကိုစိုးကြီးက နောက်ခန်းဖုံးဖွင့်၍ ပစ္စည်းတွေ ကားသမားနှင့် တင်၏။

ထားရေ မင်းနဲ့ငါ ဒီနေရာလေးမှာ တွေ့ခဲ့ရတာ နောက်ဆုံးထင်ပါရဲ့ကွာ။

"ပစ္စည်းတွေအားလုံး တင်ပြီးပါပြီ သူဌေး"

"အင်း ဒါဆိုသွားစို့"

ထားနှင့်ဆုံခဲ့သော ဟိုတယ်ကို သူ တစ်ချက်နှုတ်ဆက်သလိုကြည့်သည်။ ထို့နောက် တစ်လှမ်းချင်း ထွက်လာခဲ့၏။

ထိုစဉ်...

"ထား ငါ့ကိုစောင့်နေပါ့မလားပဲ၊ ကြိုတင်ဖုန်းမဆက်မိတော့ ထား ပြန်သွားပြီလား"

အတွေးများဖြင့် စိုင်းနောင်က ကျောပိုးအိတ်ကြီးတစ်ခု လွယ်လျက် ထားရှိရာဟိုတယ်သို့ ရောက်လာခဲ့သည်။





ဝတ္တာမင်းရိန်က ဟိုတယ်မှအထွက် စိုင်းနောင်က ဟိုတယ်ထဲသို့အဝင် သူတို့နှစ်ဦး အပေါက်ဝမှာ ဆုံစည်းလိုက်ကြခြင်းပါ။

"ထားဆိုတဲ့နာမည်နဲ့ ဧည့်သည်ဆိုရင်တော့ ဒီမနက်ပဲ ပြန်သွားပါပြီရှင်"

"ဗျာ"

ထား မရှိတော့ဘူးဆို၍ စိုင်းနောင် မောသွား၏။ အင်းလေ တကယ်တော့ သူ့ကိုမစောင့်တာ ထားအပြစ်မှမဟုတ် ဘဲ။ ညက တစ်ညလုံး စဉ်းစားသည့်တိုင် အဖြေမရခဲ့ပေ။

သည်မနက်ကြမှ ထားနှင့်အတူ မြကြာယံသို့ ပြန်ဖို့ စိုင်းနောင် ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် ပစ္စည်းတွေ ကမန်းကတန်း သိမ်းရသည်။ ပွဲရုံကို အလုပ်ထွက်ကြောင်း သွား၍အကြောင်းကြားရနှင့် အချိန်တွေ နောက်ကျသွားခြင်း။

"ငါပြန်လိုက်မယ်ဆိုတာသိရင် ထား သိပ်ဝမ်းသာမှာပဲ"

အမှန်တော့ သူ့ကို ဒီထိအောင်လိုက်ခေါ်သော ထားကြောင့် ဒီဆုံးဖြတ်ချက် ချလိုက်ခြင်းပါ။

ယခု ထားပြန်သွားပြီဆိုတော့ သူအဝေးပြေးဂိတ်ကို လိုက်



www.burmeseclassic.com

သွားရုံရှိသည်။

မနွလေးနဲ့ တောင်ကြီး မှန်လုံကားတွေရှိနေတာပဲ။ ထား လည်း ထိုကားတွေနှင့်ပြန်မှာဆိုတာ သူသိ၏။

"စိုင်း စိုင်း သူ မြကြာယံကို အတော်စိတ်နာသွားပုံပဲ၊ နောက်ဆုံးတော့ ငါပေးခဲ့တဲ့ ကတိမတည်ဘဲ အမေနန်းဆီ တစ်ယောက်တည်း ပြန်ခဲ့ရပါလား"

ကြိုတင်လက်မှတ် ဖြတ်ထားသော ထားမှာ မှန်လုံကား ဖြင့် လမ်းမပေါ်ပင် ရောက်နေပြီ။ တရိပ်ရိပ်ပြေးနေသော ကားနှင့် အတူ ထား၏အတွေးတို့က စိုင်းနောင်ဆီ ရောက်လျက်

"သူ ငါ့ကို ပန်းခြင်းပို့ပေးတဲ့အတွက် ကျေးဇူးတင် ကြောင်းတောင် မပြောခဲ့ရဘူး"

ယခုချိန်ထိ ပန်းခြင်းပို့သူမှာ စိုင်းနောင်ပဲဟု ထား ထင်နေ ခဲ့လေသည်။

"ဝုန်း"

"ဟင်"

"ဟာ"

"အို"





လမ်းခရီးဝက်မျှပင် မရှိသေးပါ။ ထားစီးလာသော ခရီး သည်တင်ကားမှာ ဘီးပေါက်သွားတော့၏။

"ဒရိုင်ဘာနဲ့ စပယ်ယာတွေ ဘာလုပ်ကြလဲမသိဘူး၊ အစကတည်းက ကားဘီးကို မစစ်ခဲ့ကြဘူးလားပဲ"

"အေးလေ ဒီနေရာမှာ ဘာဆိုင်မှလည်း ရှိတာမဟုတ် ဘဲနဲ့"

ခရီးသည်တွေ ကားပေါ်မှဆင်းရင်း တစ်ယောက် တစ်ပေါက် ဆူညံစွာပြောဆိုနေကြသည်။

စိုင်းနောင် ပြန်လိုက်မလာ၍ စိတ်ညစ်နေသော ထားမှာ ကားဘီးပေါက်တာနှင့် လာကြုံတော့ အထူးပြောစရာမလိုအောင် ငိုချင်သွားရ၏။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်တို့ စပါယ်ယာဘီးက လည်း လေဖြည့်မထားမိတော့ နောက်ကားကိုစောင့်ရမှာကို အချိန် နည်းနည်းယူရပါ့မယ်ခင်ဗျာ"

ဒရိုင်ဘာက မျက်နှာမကောင်းစွာဖြင့် ကြေငြာသည်။ ခရီးသည်တွေ ပိုဆူညံကုန်၏။ အရင်လို၍ အစောဆုံးကားနှင့် လိုက်လာပါတယ်ဆိုမှ နောက်ကျရတဲ့အဖြစ်လေ။

✠ ✠ ✠

www.burmeseclassic.com

တခြားခရီးသည်တွေက လမ်းဘေးရှိ သစ်ပင်ရိပ်တချို့မှာ ဟိုတစ်စု၊ ဒီတစ်စုဖြင့် စောင့်နေကြပေမယ့် ထားကတော့ ပါလာသော ခရီးဆောင်အိတ်ကိုယူပြီး လမ်းကြုံကားတစ်စီးစီးကို တားရ၍ လိုက်သွားဖို့ စိတ်ကူး၏။

သည်လိုခရီးမျိုးမှာ ကားတစ်စီးနှင့်တစ်စီးက အတော်ကြာ တတ်တာ ထားသိ၏။ ထားမှာ သူများတွေလို ဝန်စည်စလွယ်များ များစားစားလည်း မပါတာကြောင့် ဒီစိတ်ကူးရမိခြင်းဝါ။

မကြာခင် အဖြူရောင် ဗင်ကားတစ်စီး လာနေတာ တွေ့ရသည်။ ထား လမ်းမပေါ်ထွက်၍ လက်ပြတားလိုက်၏။

"ရှေ့မှာ အမျိုးသမီးတစ်ယောက် ကားတားနေတယ် သူဌေး"

ဒရိုင်ဘာနှင့်အတူ ရှေ့ခန်းမှာစီးလာသော ကိုစိုးကြီးက





နောက်ခန်းတွင် တစ်ယောက်တည်း လိုက်ပါလာသည့် ဝဏ္ဏမင်းရှိန်ကို လှမ်းအကြောင်းကြား၏။

"လမ်းကြုံလိုက်ချင်တာပဲဖြစ်မယ်၊ ကျွန်တော်တို့ ဘာလုပ်ရမလဲသူဌေး"

အင်္ဂလိပ်ဝတ္ထုတစ်အုပ်ကို ငြိမ်ချက်သားကောင်းစွာ ဖတ်နေသော ဝဏ္ဏမင်းရှိန်အား ကိုစိုးကြီး ထပ်မေးသည်။

"ဆက်မောင်းပါ"

"ဟုတ်ကဲ့"

ဝဏ္ဏမင်းရှိန်ဆိုတာ ဒီလိုမျိုး ရှုပ်ရှုပ်ယှက်ယှက်တွေကို မကြိုက်နှစ်သက်သူပါ။ သူ့ငှားစီးလာသော အနက်ရောင်နံပါတ်နှင့် ဗင်ကားကို အဲကွန်းဖွင့်၍ စာဖတ်လိုက်လာခြင်း။

သို့သော် ကိုစိုးကြီးက အနီးကပ်တွေ့မြင်လိုက်ရသော ပန်းနုရောင်ဝတ်စုံနှင့် မိန်းကလေးကိုကြည့်၍ အံ့သြသွား၏။

"သူဌေး"

"ဘာလဲ ကိုစိုးကြီး"

"ကားတားနေတဲ့ မိန်းကလေး ကျွန်တော်တို့ ဟိုတယ်မှာ တွေ့တဲ့ထားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုစိုးကြီးစကားကြောင့် သူ အံ့သြသွား၏။ ဖတ်နေသော စာအုပ်ကို အသာပိတ်၍ အပြင်သို့ ကြည့်မိလိုက်သည်။

"ကားရပ်လိုက်"

"ဗျာ"

ရုတ်တရက် သူအမိန့်ပေးလိုက်တာကြောင့် ကားရပ်သွား၏။

ထားက ရပ်သွားသောကားနားသို့ သွက်သွက်လေး လျှောက်လာကာ

"ကျေးဇူးပြုပြီး ကျွန်မ ကားကြုံလိုက်ပါရစေရှင်၊ ကျွန်မ စီးလာတဲ့ကား ပျက်သွားတာနဲ့"

သူက မှန်ကိုချလိုက်၏။ သည်တော့ ထားမြင်သွားကာ

"ဟင်…ရှင်"

"ကျွန်တော်တို့ ဒီမှာတိုက်ဆိုင်စွာ လာဆုံပြန်ပြီပဲထား"

"အို…ဒါက"

"ကိုစိုးကြီး ထားအဝတ်အိတ်ကို နောက်ခန်းမှာထည့်ပေးပါ"





"ဗျာ၊ ဟုတ်ကဲ့"

မကြာခင် ထားသည် ကားနောက်ခန်းမှာ သူနှင့်အတူ ထိုင်၍ လိုက်ပါလာလေ၏။

"ကျွန်မ ရှင်တို့မှန်းမသိလိုက်ဘူး"

သူတို့ကို နှုတ်မဆက်ဘဲ ဟိုတယ်မှ ထား ထွက်လာခြင်း အတွက် အားနာသလိုလိုဖြစ်မိသည်။

"ကျွန်တော်တို့သုံးယောက်က အတော်ရေစက်ရှိပုံပဲဗျ"

ရှေ့ခန်းမှာထိုင်နေသော ကိုစိုးကြီးက ထားရှိရာ နောက်ခန်း သို့ လှည့်၍ပြောသည်။

"ဒီတိုက်ဆိုင်မှုကို ကျွန်မလည်း အတော်အံ့သြမိပါတယ် ရှင်"

ဝဏ္ဏမင်းရှိန်က ပြုံး၍ ထားကိုကြည့်၏။ ဖြူနုသော အသားအရေက ပန်းနုရောင်ဝတ်စုံနှင့် လိုက်ဖက်နေသည်။

"မနက်က ထားအခန်းပြန်အပ်သွားတာ ကျွန်တော်သိပါ တယ်"

သူပြောတော့ ထား ခေါင်းလေးညိတ်ကာ…

"ဟုတ်ကဲ့၊ ကျွန်မမှာ အရေးတကြီးကိစ္စလေးတွေ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့"

"အဟွန်း လမ်းကြုံလိုက်လာတာတော့ မှတ်ပါပြီ၊ အခု ကျွန်တော်တို့က တောင်ကြီးကိုသွားမှာနော်"

"ရှင်"

ထား မျက်လုံးလေးဝိုင်းသွားလျက် သူ့ကို အံ့သြစွာကြည့်၏။

"ဘာဖြစ်လို့လဲ ထား"

"ဟို…အဟင်း ကျွန်မ ကျွန်မလည်း တောင်ကြီးသွားမှာပါ"

"ဗျာ"

"ကျွန်တော် ဝဏ္ဏမင်းရှိန်ပါ ထား၊ ရှေ့က ကိုစိုးကြီးတဲ့"

"ဩော်…ဟုတ်ကဲ့၊ ကျွန်မလည်း တောင်ကြီးသွားမှာပါ ဦးဝဏ္ဏမင်းရှိန်"

သည်တော့ သူရယ်လိုက်မိ၏။ ဟိုတယ်က ထွက်လာတုန်းက သူမကို နောက်တစ်ကြိမ် မတွေ့ရတော့ဘူးလို့ထင်နေခဲ့တာလေ။





"ဟင်း…ဘာရယ်တာလဲ ဦးဝဏ္ဏမင်းရှိန်"

"အဟွန်း တမင်တိုင်ပင်ထားရင်တောင် ဒီလောက်တိုက်ဆိုင်မှာမဟုတ်ဘူးလေ ထား"

"အို ဟုတ်တယ်နော်၊ အဟင်း"

ထားလည်း သူနှင့်အကြိမ်ကြိမ် တိုက်ဆိုင်မှုကို သတိပြုမိလျက် ပြုံးဖြစ်သွား၏။

ကိုစိုးကြီးမှာလည်း ဆရာသမားနှင့် ဒီမိန်းကလေးတို့ တိုက်ဆိုင်စွာ လာရောက်တွေ့ဆုံနေမှုတွေကို နားမလည်နိုင်တော့ပေ။

"ခင်ဗျားက တောင်ကြီးဇာတိလား ထား"

ကိုစိုးကြီးက လှမ်းမေးသည်။ ဒါကို ဝဏ္ဏမင်းရှိန်လည်း သိချင်၏။

"ဟုတ်ကဲ့၊ အဲဒီလိုပြောရင်လည်း ရပါတယ်၊ ကျွန်မကို မွေးခဲ့တာ ရန်ကုန်ဆိုပေမယ့် ကျွန်မအမေဆုံးသွားတော့ အဲဒါကပဲ ကျွန်မကို ငယ်ငယ်လေးကတည်းက မွေးစားခဲ့တာလေ၊ ဒါကြောင့် တောင်ကြီးဇာတိပြောရင် မမှားပါဘူးရှင်"

အနီးကပ်မြင်တွေ့နေရသော ထားမျက်နှာလေးသည်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမလိမ်းခြယ်ထားသည့်တိုင် အစက်အပြောက်မရှိ ပကတိ ဖြူနုဝင်းမွတ်နေလေ၏။

ထားအလှက အေးချမ်းသလို စကားပြောတာကလည်း ဟန်ဆောင်မှုမပါဘဲ ရိုးသားပွင့်လင်းတာကို ဝဏ္ဏမင်းရှိန် သတိပြုမိသည်။

"ကျွန်တော်တို့တော့ ကံကောင်းတာပဲဗျာ"

"ရှင်၊ ဘာဖြစ်လို့လဲဟင်"

အပြုံးဖြင့် ဝဏ္ဏမင်းရှိန် ပြောတော့ ထား နားမလည်သလို မေးသည်။

"အဟွန်း ကျွန်တော်တို့က တောင်ကြီးကိုလာတဲ့ ဧည့်သည်တွေလေ ထား"

"အို ဟုတ်လား၊ ဒါဆို မြကြာယံကို လာလည်ဖို့ ထားက ဖိတ်ခေါ်ပါတယ်ရှင်"

ကားကြုံစီးတဲ့ကျေးဇူးကြောင့် သူ့ကို ထားက ရိုးသားစွာ ဖိတ်ခေါ်လိုက်ခြင်းပါ။

"မြကြာယံ ဟုတ်လား ထား"

"ရှင်၊ ဟုတ်ကဲ့၊ မြကြာယံဆိုတာ ထားနေတဲ့ခြံလေ"





"သြော်"

သူခေါင်းညိတ်သည်။ ကိုစိုးကြီးက သူ့ကို အဓိပ္ပါယ်ပါသော မျက်လုံးဖြင့် လှမ်းကြည့်၏။ သူ မသိချင်ယောင်ဆောင်ကာ

"ကျွန်တော်တို့ နေ့လယ်စာအတွက် ဆိုင်ကောင်းတစ်ခုခုကို ပြပါ ကိုစိုးကြီး"

"ဟုတ်ကဲ့၊ ကျွန်တော် ကားဆရာကို ပြောလိုက်ပါ့မယ်"

သည်လမ်း ဒီခရီးကို သွားနေကျမဟုတ်၍ ကိုစိုးကြီး မကျွမ်းကျင်ပါ။ သို့သော် ကားဆရာကတော့ ကျွမ်းကျင်သိရှိသူ။

ထို့ကြောင့် နေ့လယ်စာအတွက် ကားဆရာရပ်ပေးသော သပ်ရပ်သန့်ရှင်းသည့် စားသောက်ဆိုင်ရှေ့မှာ ဆင်းလိုက်ကြ၏။

"ထားကို ကျွန်တော် နေ့လယ်စာဖိတ်ပါရစေ"

"အို…မဟုတ်တာပဲ၊ ဦးဝဏ္ဏမင်းရှိန်ကိုသာ ထားက ကျွေးရမှာပါရှင်"

"အဟွန်း ဒါတော့မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်ဘဝမှာ မိန်းမတစ်ယောက်က ကျွေးတဲ့ထမင်းပွဲမျိုး တစ်ခါမှ လက်မခံခဲ့ပါဘူး"

ဒါဟာ ယောကျာ်းတစ်ယောက်ရဲ့ မာနပဲ ထား စဉ်းစားမိ၏။ ဘယ်လိုပဲကြည့်ပါစေ အရှန်အဝါတစ်မျိုးဖြင့် ချောမော



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားနေသော ဦးဝဏ္ဏမင်းရှိန့်ပုံစံက သာမန်မဟုတ်တော့ သေချာလှသည်။ တကယ့်လူကြီးလူကောင်းတစ်ယောက်ရဲ့ ပုံစံအပြည့်။

“နောက်တစ်ခုကလည်း ကျွန်တော့်ရဲ့သူဌေးဟာ ဒီအချိန်ထိ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ခုလို ထမင်းစားမဖိတ်ဖူးခဲ့ပါဘူးဗျာ၊ မမလေးထားက ကျွန်တော့်ဆရာရဲ့ ပထမဆုံး ဖိတ်ကြားခြင်းခံရတဲ့ မိန်းကလေးပါ”

“အို”

ကိုစိုးကြီးဝင်ပြောမှ ထား အနေရခက်သလိုဖြစ်သွား သည်။ သူ့ကိုလည်း ပို၍ အားနာမိရ၏။

“ကျွန်မက ကားကြုံလည်း လိုက်စီးသေးတယ်၊ ဦးဝဏ္ဏမင်းရှိန်ရဲ့ ထမင်းဖိတ်ကျွေးတာကိုလည်း လက်ခံရရင် သိပ်ကိုအားနာစရာ ကောင်းမနေဘူးလားရှင်”

“အဟွန်း . . . မငြင်းပယ်တာအတွက်ပဲ ကျွန်တော်က ကျေးဇူးတင်ပါတယ် ထား”

သူအပြုံးဖြင့် ပြော၏။ မထင်မှတ်ဘဲ သူနှင့်ထား မျက်နှာချင်းဆိုင် ထမင်းအတူ လက်ဆုံစားဖြစ်သွားရသည်။

ကိုစိုးကြီးနှင့် ဒရိုင်ဘာက တခြားဝိုင်းမှာ။ ထမင်းစားနေ





သည့်တိုင် ကိုစိုးကြီး စဉ်းစားနေတာက အင်မတန်ပြုံးရယ်ခဲလှသော ဆရာသမားက ယခုတော့ ထားဆိုတဲ့မိန်းကလေးရှေ့မှာ မှ ဆန်းကြယ်စွာ ပြုံးရယ်နေလို့ပါလားဟူ၍ပင်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

"ရှေ့မှာ လိုင်းကားပျက်နေတာ အတော်ကြာပြီထင်တယ်"

စိုင်းနောင်စီးလာသော ကားမှ စပယ်ယာအသံကြောင့် ရှေ့သို့လှမ်းကြည့်မိ၏။ ခရီးသည်များ လမ်းဘေးဆင်းကာ တချို့မှာ သစ်ပင်အောက်တွင် အိပ်ငိုက်လျက်။

"ဟင် ဒါ ထား ပထမဆုံးစီးသွားတဲ့ကားပဲ"

ထိုစဉ် သူတို့ကားရပ်သွား၏။ စိုင်းနောင်လည်း ကားပေါ်မှဆင်းကာ ထားကို လိုက်ရှာ၏။ မတွေ့ပေ။

အလကားမနေတတ်သော စိုင်းနောင်က လိုသောအကူအညီများပေးရန် ကားဆရာတွေနား ရောက်သွားသည်။

"ကျွန်တော် ဘာကူညီရမလဲခင်ဗျာ"

"ရပါတယ် ဆရာ၊ ဆရာလေးတို့စီးလာတဲ့ကားမှာ





ဘီးအပိုပါတော့ ကျွန်တော်တို့ အဆင်ပြေသွားပါပြီ"

ထိုစကားကြောင့် ခရီးသည်တွေ ဝမ်းသာသွားကြ၏။ မကြာခင် အားလုံး ကိုယ့်နေရာကိုယ် ဝင်ထိုင်သည်။

"ဒီခုံကအမျိုးသမီးကော"

ကားဆရာမေးတော့ ခရီးသည်တစ်ယောက်က

"ခပ်လှလှမိန်းကလေးလား၊ သူ ကားကြုံနဲ့လိုက်သွားပြီ"

"သြော်"

စိုင်းနောင်လည်း ကြားလိုက်၏။ ထားပဲဖြစ်မည်ဟု သိလိုက်၏။

ဟင်း သူနှင့်ထားက အမြဲတမ်း တော့လွဲလွဲနေတဲ့အဖြစ်ပါလား။

သူတို့ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်လာခဲ့ကြသည်။ ကားကြုံလိုက်သွားသော ထားအတွက် စိုင်းနောင် စိတ်ပူသလိုဖြစ်မိသည်။

အို…ထားက စဉ်းစားဉာဏ်ရှိတဲ့ မိန်းကလေးပါ။

မကြာခင် မြကြာယံမှာ ထားနဲ့ ပြန်ဆုံရမှာပဲဟု တွေးကာ



www.burmeseclassic.com

www.burmeseclassic.com



စိုင်းနောင်မျက်ဝန်းအစုံကို အသာမှိတ်လိုက်သည်။

ထား…

လှပချောမောသော ခေတ်ပညာတတ်မိန်းကလေး။

မြကြာယံ၏ အရှင်သခင်ဖြစ်သော ဦးခွန်လုံနှင့် ဒေါ်နန်းတို့ရဲ့ တူမဖြစ်သည်။

စိုင်းနောင်ဆိုတာက ဦးခွန်လုံနှင့် သွေးစပ်ကြည့်၍ သုံးဝမ်းကွဲလောက်ခြားတဲ့ တူတစ်ယောက်။

ရှင်းရှင်းပြောရလျှင် သူက အလုပ်သမားတစ်ယောက်ပါ။

'စိုင်း'ဟု ချိုနွဲ့စွာခေါ်တတ်သော ထား၏မျက်ဝန်းကြည်ကြည်လေးတွေကို မြင်ယောင်မိသည်။

"ငါနဲ့ထားဟာ ဘဝချင်း တခြားစီပါလား"

ထိုသို့ စိုင်းနောင်က မကြာခဏတွေးမိလျက် စိတ်ခံစားချက်ကို ကြိတ်မှိုသိပ်ခဲ့သည်။

ယခုတော့ ထားနှင့် နောက်တစ်ကြိမ် ဆုံစည်းဖို့ဖြစ်လာပြီ။

ယခု သူပြန်လာတာ ထားကြောင့်ဟုဆိုလျှင်လည်း မမှားပေ။ မြကြာယံနှင့်ထားက သူ့အတွက် ခွဲခြားလို့မရတဲ့အရာများပါ။





"နေ့လယ်စာ ဒီမှာစားကြမယ်"

ကားရပ်သွားသည်။ မနက်ထဲက ဘာမှမစားရသေးသော စိုင်းနောင်လည်း ယခုမှ ဗိုက်ဆာလောင်လာ၏။

ထို့ကြောင့် တားပေါ်မှ တခြားခရီးသည်တွေနည်းတူ ဆင်းလိုက်သည်။ ထိုအချိန်မှာပဲ စားသောက်ဆိုင်ရှေ့မှ အဖြူရောင် ဇင်ကားလေးတစ်စီး အရှိန်ဖြင့် မောင်းထွက်သွားလေသည်။

အကယ်၍ ထိုကားပေါ်မှာ ထားတစ်ယောက်ပါသွားမှန်း စိုင်းနောင်သိလျှင်…

"ကျွန်တော်ကြားသိရသလောက်တော့ တောင်ကြီးမြို့ဟာ သိပ်ကိုသာယာလှပတယ်ဆိုပဲ"

ထမင်းစားပြီး ထွက်လာစဉ် ကားပေါ်အရောက်တွင် ဝဏ္ဏမင်းရှိန် ပြုံး၍ ပြောသည်။

"အို…သေချာတာပေါ့ရှင်၊ ကျွန်မသာ အချိန်ရမယ်ဆိုရင် ဦးဝဏ္ဏမင်းရှိန်တို့ကို မြို့အနှံ့လိုက်ပြနိုင်ပါလိမ့်မယ်ရှင်"

"အဟွန်း ဒီစကားအတွက် ကျေးဇူးပါပဲဗျာ"

တောင်ကြီးမြို့သို့ သူတို့ရောက်တော့ ညနေဘက်ဖြစ်သည်။

"မြကြာယံက ဘယ်နားမှာလဲထား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

သူ၏ ရုတ်တရက်အမေးကြောင့် ထား အံ့သြသလိုကြည့်သည်။ သူပြုံးကာ...

"အဟွန်း ကျွန်တော်က ထားကို မြကြာယံအထိ လိုက်ပို့ပေးမလို့ပါဗျာ"

"အို ကျေးဇူးပါပဲရှင်၊ ဒါပေမယ့် ကျွန်မကို ဒီဈေးနားတင် ရပ်ပေးပါ"

"ဘာကြောင့်လဲ ထား"

သည်တော့ ထားက အားနာစွာကြည့်လာ၏။

"ဦးဝဏ္ဏမင်းရှိန်တို့ ကျွန်မအတွက် အချိန်ကုန်မှာစိုးလို့ပါ၊ မြကြာယံက ဟိုဘက်မြို့စွန်မှာပါရှင်၊ ဒါကြောင့် ကျွန်မ အငှားကားစီးသွားမလို့ပါ"

"အဟွန်း ဒီအတွက်ဆိုရင်တော့ ကျွန်တော့်ကို အားမနာပါနဲ့ထား၊ ပို့မယ့်ပို့ အဆုံးရောက်အောင် ပို့ပေးရမှာ ကျွန်တော့်တာဝန်ပါဗျာ၊ ကဲ ကားဆရာ သူပြောတဲ့နေရာကိုမောင်းပါ"

"ဟုတ်ကဲ့"

ဝဏ္ဏမင်းရှိန် သဘောကောင်းနေပုံကို ကြိတ်၍ အံ့သြနေ





သူမှာ ကိုစိုးကြီး။ တကယ်တော့ သူ့ဒွေးလိုလူက ဒီလိုအပိုအလုပ်တွေ ဘယ်တုန်းကမှ လုပ်ခဲ့သူမဟုတ်ပါ။

မကြာခင် မြို့စွန်ရှိ သာယာလှပသော မြကြာယံသို့ ရောက်လာသည်။ ခြံတံခါးဝမှာ ကားရပ်လိုက်၏။ ထား ကားပေါ်မှ ဆင်းလိုက်သည်။

"ဒီအထိ လိုက်ပို့တဲ့အတွက် ဦးဝဏ္ဏမင်းရှိန်ကို ကျွန်မ အများကြီး ကျေးဇူးတင်ပါတယ်ရှင်"

"ရပါတယ်ဗျာ၊ ကဲ ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

လက်ပြနှုတ်ဆက်ပြီး သူတို့ကားထွက်ခဲ့သည်။ ထားမှာ အတန်ကြာငေးရပ်ကြည့်ပြီးမှ ခြံထိပ်ရှိ လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။

"ဦးဝဏ္ဏမင်းရှိန်ကို ငါ အိမ်ထဲဖိတ်ခေါ်သင့်တာပဲ၊ ရိုင်းသွားပြီထင်တယ်"

တစ်လမ်းလုံး ထားအပေါ် ဂရုတစိုက်ရှိလာသော ဝဏ္ဏမင်းရှိန်ကို အိမ်ထဲဝင်ဖို့ မဖိတ်လိုက်ရတဲ့အတွက် ထား စိတ်မကောင်းပေ။

"မမထား ပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်ကောင်မလေးနှစ်ယောက်က ပန်းကန်ခွက်တွေ အိမ်ထဲ သယ်သွား၏။

"အမေနှန်းကော"

"အပေါ်ထပ်မှာပါ မမထား"

ရောက်မဆိုက်ပင် အပေါ်ထပ်သို့တက်၍ အမေနှန်းကို ထားတွေ့သည်။

"အမေနှန်း"

"ဟော…ထားပြန်လာပြီ"

ခုတင်ပေါ်တွင် လှဲနေသော အမေနှန်းက ထားကိုမြင်တော့ ထပြုံးစား၏။ ထား အမြန်ကူထပေးရင်း…

"နေကောင်းရဲ့လား အမေနှန်းရယ်"

"အင်း…ဒီလိုပါပဲကွယ်"

အမေနှန်းမျက်လုံးတွေက တစ်စုံတစ်ယောက်ကို လိုက်ရှာ နေသယောင်။

"ထား တောင်းပန်ပါတယ် အမေနှန်း၊ သူ သူ လိုက်မ လာပါဘူး"

"ဪ"





ခဏတော့ အမေနှန်း ငြိမ်သွား၏။ နောက်မှ အသာ သက်ပြင်းချလျက်ပြုံးသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်၊ ထားက အကောင်းဆုံး လုပ်ခဲ့ပြီပဲ"

"ဒါပေမယ့် ထား ကတိပျက်ခဲ့ပါတယ် အမေနှန်းရယ်"

စိတ်ထိခိုက်သလို ထား ပြောမိသည်။ အမေနှန်းက ခေါင်းခါယမ်း၏။

"စိုင်းနောင်ဟာ ကလေးတစ်ယောက်မှမဟုတ်ဘဲ ထား၊ မြကြာယံက သူ့ကိုအလိုရှိတယ်ဆိုတာသိရင် ပြီးတာပါပဲ၊ ကဲ ထားလည်း ခရီးပန်းလာတယ် နားလိုက်ဦး"

"ဟုတ်ကဲ့"

အမေနှန်းနားမှ ထား ညင်သာစွာ ထွက်ခဲ့သည်။ အခန်းထဲ ရောက်တော့ ထား ခုတင်ပေါ် စိတ်မာတ်ကျစွာ လှဲချမိ၏။

စိုင်း…စိုင်း

အတော်ခေါင်းမာတဲ့ လူတစ်ယောက်ပါလားကွယ်။

ထား ခဏသာအနားယူပြီး ရေချိုးလိုက်သည်။ ညနေစာ အတွက် အမေနှန်းကို ပြင်ကျွေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟင်းချက်လဲ အတူး"

"ငါးကြော်ပါတယ် မမထား"

"အို ဒီဟင်းတစ်မျိုးတည်းလား၊ အမေနန်းက အသက်ကြီးတော့ ဟင်းရည်လေးဘာလေး လုပ်မှပေါ့ကွယ်"

ပြောရင်း ထားက ခြံထဲရှိ အရွက်များကို ခူးခိုင်းပြီး ပုစွန်ခြောက်ထောင်း၍ ဟင်းချိုလုပ်သည်။ ကြက်သားကိုပြုတ်၍ သုပ်ပေးပြီး ခရမ်းချဉ်သီး ပန်ထွေဖျော်လေး လုပ်ပေးလိုက်၏။

"အမေနန်း ညစာစားကြရအောင်နော်"

"အင်း၊ ထားကော"

"ဟုတ်ကဲ့၊ ထားလည်း အတူတူစားမှာပါ အမေနန်း"

အမှန်တော့ စိုင်းနောင်ပါမလာ၍ ဒေါ်နန်းမှာ ထမင်းပင် စားချင်စိတ်မရှိ။ ထား စိတ်ကောင်းအောင် ခေါင်းညိတ်လိုက်ရတာ။

"ထားလက်ရာ မစားရတာကြာပြီ"

"ဒါကြောင့် ထားကိုယ်တိုင် ဝင်ချက်ထားပါတယ် အမေနန်း"

ထားက အမေနန်းပန်းကန်ထဲ ဟင်းများ ဂရုတစိုက်ထည့်





ပေးသည်။

"ထားရှိနေတာ အမေနန်းအတွက်တော့ သမီးတစ်ယောက် လိုပါပဲကွယ်"

အေးချမ်းလှပသော ထားမျက်နှာလေးကိုကြည့်ကာ အမေနန်းက ကြည်နူးစွာ ပြောသည်။ ထား ပြုံးလိုက်ရင်း…

"ထားအတွက်ကလည်း အမေနန်းက ထားရဲ့အမေပါပဲ ရှင်"

"သမီးရယ်"

အားကိုးဖွယ်ရာ ရှေ့ကဦးဆောင်မည့် ယောကျ်ားသားများ မရှိတဲ့ဘဝမှာ အမေနန်းနှင့်ထားက တစ်ယောက်ကိုတစ်ယောက် အားပေးလို့လေ။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပြီးနောက် အချိုပွဲနည်းနည်းစားပြီး အမေနန်း အိပ်ခန်းဝင်၏။ ထား ခြံထဲဆင်းလာခဲ့သည်။ အေးမြသော လေညှင်းက တိုက်လာပေမယ့် တကယ်တမ်း ထားရင်ထဲ မအေးနိုင်ပေ။

စိုင်းက လိုက်မလာတော့ ရှေ့လျှောက် ခြံကိစ္စတွေအတွက် ဘယ်လိုစီစဉ်ရမလဲဟု စဉ်းစားမိ၏။

အမေနန်းကတော့ ဘယ်လိုဆုံးဖြတ်မည်မသိပေ။ ခြံတွေ ရောင်းဖို့ဆိုတာ အမေနန်း စိတ်ကူးမှာမဟုတ်။ ခက်တာက ထားသည် ခြံလုပ်ငန်းများအကြောင်း နားမလည်ခြင်းပါ။

တကယ်လို့ ထားသာ ခြံလုပ်ငန်းများအကြောင်း နားလည်လျှင် စိုင်းမရှိသည့်တိုင် ကိုယ်တိုင်ဦးဆောင်နိုင်မည် ဖြစ်၏။

ယခုတော့ ဟင်း။

ထား သက်ပြင်းတစ်ချက်ကိုသာ လေးတွဲစွာချလိုက်မိ





သည်။ ထိုစဉ်

“တီလ”

“ဟင် ဒီအချိန် ဘယ်ကဧည့်သည်ပါလိမ့်”

ခြံဝမှ လူခေါ်ဘဲလ် မြည်လာတာကြောင့် ထား သွားဖွင့်ပေးလိုက်တော့

“ထား”

“ဟင် စိုင်း”

ကျောပိုးအိတ်လွယ်လျက် မမျှော်လင့်ဘဲ စိုင်းကို တွေ့လိုက်ရတာကြောင့် ထား မယုံနိုင်အောင်ဖြစ်သွား၏။

“ငါ့ကို အထဲမခေါ်တော့ဘူးလား ထား”

“အို...စိုင်း...စိုင်း လိုက်လာတယ်နော်၊ ထား ဝမ်းသာလိုက်တာ စိုင်းရယ်၊ ဝင်ပါ စိုင်း”

ထားက သတိဝင်လာသူတစ်ယောက်ပမာ စိုင်းကို ဝမ်းသာအားရလေး ပြောလိုက်မိ၏။ စိုင်း ပြုံးကာ

“ငါလိုက်လာတာ နင်ဒီလောက်တောင် ဝမ်းသာရလား ထား”

“ဘယ်လိုမေးလိုက်တာလဲ စိုင်းရယ်၊ ငါ့မှာ ပြန်သာလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာယ် နင်လိုက်မလာလို့ ဘယ်လောက်စိတ်မကောင်းဖြစ်ရလဲ''

တကယ်ပဲ အပြန်လမ်းတစ်လျှောက်မှာ ထားမျက်နှာလေး ညှိုးကာ သက်ပြင်းအကြိမ်ကြိမ် ချမိရတဲ့အဖြစ် မဟုတ်လား။

''ငါ နည်းနည်းနောက်ကျသွားလို့ပါ ထား၊ ဟိုတယ်ကို ငါရောက်ခဲ့သေးတယ်''

''ဟင် ဟုတ်လား၊ နင်လိုက်လာမယ်မှန်းသိရင် ငါစောင့်ပါတယ်စိုင်းရယ်၊ နင် ဖုန်းကြိုဆက်ပါလား''

အတူမပြန်ခဲ့ရသည့်အတွက် ထားက စိုင်းကို မကျေနပ်သလို မျက်စောင်းလေးထိုးရင်း ပြောမိ၏။

''ငါ့အပြစ်ပါ၊ တစ်ညလုံးစဉ်းစားရင်း မနက်ဖက်ကြမှ အိပ်ပျော်သွားတယ်၊ အိပ်ရာကနိုးတော့ ငါ့အလုပ်ရှင်ဆီ သွားပြောရသေးတယ် ထား၊ ဒါနဲ့ နောက်ကျသွားတာလေ''

''ဘာပဲဖြစ်ဖြစ် နင်ခုလိုပြန်လာတာ ငါအရမ်းဝမ်းသာသွားပြီ စိုင်း၊ နင်လိုက်မလာလို့ အမေနန်းက စိတ်မကောင်းဖြစ်နေတာ စိုင်းရဲ့၊ ကဲလာ အမေနန်းဆီ သွားကြရအောင်''

ထားက ရှေ့မှ ဦးဆောင်၍ ထွက်ခဲ့သည်။ စိုင်းက မြကြာယံခြံကြီးကို လွမ်းဆွတ်သလို ကြည့်၏။





''မြကြာယံက အရင်ကအတိုင်း ဘာမှမပြောင်းလဲဘူးနော် ထား''

''ဟုတ်တယ် စိုင်း၊ ပြောင်းလဲတာဆိုလို့ ဦးကြီးခွန်လုံမရှိတော့တာပဲ၊ ဒါပေမယ့် နင် ခုလိုပြန်လာတာကို ဦးကြီးခွန်လုံလည်း တမလွန်က ဝမ်းသာမှာပါ စိုင်း''

စိုင်း သက်ပြင်းချ၏။ သည်ခြံကြီး၏ အရှင်သခင်ကို သတိရမိတော့ စိတ်မကောင်းပါ။

''ဦးကြီးအတွက် ငါ စိတ်မကောင်းပါဘူး ထားရယ်''

''ဦးကြီးရဲ့ နောက်ဆုံးဆန္ဒက နင် မြကြာယံကို ပြန်လာစေချင်တာပဲ၊ နင် ခုလိုလာတာ သူကျေနပ်မှာပါ စိုင်း''

ထားက စိုင်းကို နှစ်သိမ့်လိုက်၏။ အိမ်ထဲရောက်တော့

''ငါ ဒီကစောင့်နေမယ်ထား''

''ဟင် အပေါ်မလိုက်ဘူးလား စိုင်း''

စိုင်း ခေါင်းခါယမ်းသည်။

''ငါ ဘယ်တုန်းက ဒီလိုလုပ်ဖူးလို့လဲ ထား၊ လူဆိုတာ ကိုယ့်နေရာကိုယ်သိရမယ်လေ''

''စိုင်းရယ် အဲဒါ နင့်ဘက်က သတ်မှတ်ချက်ပါ၊ ဦးကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့ အမေနှန်းတို့မှာ အဲဒီစိတ်မျိုးမရှိတာ နင်အသိဆုံးပါကွယ်"

မည်သို့ပင်ဖြစ်စေ စိုင်းနောင်အတွက်တော့ မြကြာယံ၏ အလုပ်သမားတစ်ယောက်အဖြစ် အမြဲတမ်း ဘာသာစည်းဇော်နှ သည်။ လိုအပ်တာထက်ပို၍ အခွင့်အရေးမယူခဲ့ပါ။

"ဒီစကားအတွက် ကျေးဇူးတင်ပါတယ် ထား၊ ဒါပေ မယ့် ငါမလိုက်တော့ပါဘူး"

"အေးလေ"

ထား ဆက်မပြောဘဲ အမေနှန်းရှိရာ အပေါ်ထပ်သို့ တစ်ယောက်တည်း တက်ခဲ့၏။ ယခုတိုင် စိုင်းရောက်လာတာပင် ထားအတွက် ဝမ်းသာစရာပါ။

"ခေါက် ခေါက်"

အပေါ်ထပ်ရောက်တော့ အမေနှန်း တံခါးကို ထား ညင်သာစွာ ခေါက်လိုက်သည်။

"တံခါးဖွင့်ထားတယ် ဝင်ခဲ့ပါ ထား"

အမေနှန်း၏ အသံတိုးတိုး ပေါ်လာသည်။ တံခါးခေါက် သံကြားတာနှင့် ထားမှန်း အမေနှန်း သိနေတာ အံ့သြစရာ။

ထား တံခါးဖွင့်ဝင်လိုက်သည်။ အမေနှန်း လှဲနေရာမှထ





၏။

"အမေနှန်း"

ထားက ကြည်လင်ရှင်ပျသော မျက်နှာလေးဖြင့် ခေါ်သည်။ အမေနှန်းက ထူးဆန်းသလိုကြည့်ကာ...

"ဘာအကြောင်းထူးလို့လဲ ထား"

"အဟင်း အမေနှန်းက လူကဲခတ်ကောင်းတာပဲ၊ အောက် မှာ စိုင်းနောင်ရောက်နေပြီ အမေနှန်း"

"ဟင်"

ရုတ်တရက် အမေနှန်း အံ့သြသွားတာကိုကြည့်ပြီး ထား ပြုံးလိုက်မိသည်။

"သူ သူ ပြန်လာပြီ အမေနှန်းရဲ့"

"အို ဘယ်မှာလဲ၊ စိုင်းကို အမေနှန်း သွားတွေ့မယ်"

ယခုမှ အမေနှန်းက သတိဝင်လာဟန်ဖြင့် သွက်လက်စွာ ခုတင်ပေါ်မှဆင်း၏။ ထားက အမေနှန်းကို ကူတွဲပေးလိုက်သည်။

"သူ အောက်ထပ်မှာ အမေနှန်းကို စောင့်နေတယ်"

"ဒါဆို ထားပေးခဲ့တဲ့ကတိ တကယ်တည်သွားပြီပေါ့ ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း သူ့ဒီလိုစိတ်ပြောင်းသွားတာ အမေနှန်းနဲ့ထား တို့ တုသိုလ်ကံပါပဲရှင်"

မကျန်းမာချင်သော အမေနှန်းက စိုင်းကိုတွေ့ချင်စိတ်ဖြင့် ရှေ့မှဦးဆောင်နေသည်။

"ကျွန်တော်ပြန်လာပါပြီ အမေနှန်း"

လှေကားပေါ်မှ ဆင်းလာသော အမေနှန်းကို မြင်တာနှင့် စိုင်း ထိုင်နေရာမှထ၍ နှုတ်ဆက်သည်။

တကယ်ပဲ စိုင်းကိုတွေ့လိုက်ရတာကြောင့် အမေနှန်း မျက်နှာတစ်ခုလုံး ပြုံးသွားကာ…

"မင်းတကယ်ပြန်လာပြီကိုး၊ ဝမ်းသာပါတယ် လူလေး ရယ်၊ မင်းကို အမေနှန်းက လိုက်လိုက်လှဲလှဲ ကြိုဆိုပါတယ်"

အမြဲတမ်း မှိန်ဖျော့ခဲ့သော အမေနှန်း၏ မျက်လုံးများက ယခုတော့ စိတ်၏စွမ်းအားကြောင့် တောက်ပလို့လေ။

အမေနှန်း၏ လှိုက်လှဲစွာကြိုဆိုမှုကြောင့် စိုင်း ဝမ်းသာစွာ ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ် အမေနှန်း"

"မဟုတ်တာကွယ်၊ မင်း ခုလိုပြန်လာတဲ့အတွက် အမေနှန်းကသာ ဝမ်းသာကျေးဇူးတင်ရမှာ လူလေးရယ်"





ထားကတော့ အမေနှန်းနှင့် စိုင်းတို့ကိုကြည့်ကာ ကျေနပ်စွာ ပြုံးနေမိ၏။ မြကြာယံသည် ယခုမှ စိုပြေလာသလိုပါပဲ။

"ထား"

"ရှင် အမေနှန်း"

"စိုင်း ခရီးပန်းလာရောပေါ့၊ အခန်းပြင်ပြီး ထမင်းကျွေးဖို့ စီစဉ်ပါကွယ်"

"ဟုတ်ကဲ့ အမေနှန်း"

ထား ခေါင်းညိတ်၍ စိုင်းကို တစ်ချက်ကြည့်ပြီး ထွက်လာခဲ့သည်။ အမေနှန်းနှင့် စိုင်းတို့နှစ်ယောက်တည်း ကျန်ခဲ့၏။ အမေနှန်းက စိုင်းကို ပြုံး၍ကြည့်သည်။

"မင်းလည်း အရင်ကအတိုင်း မပြောင်းလဲပါဘူး စိုင်း"

"ဟုတ်ကဲ့"

"အေး မြကြာယံမှာတော့ မင်းရဲ့ဦးကြီးတစ်ယောက် မရှိတော့တာကလွဲလို့ အားလုံး အရင်ကအတိုင်း မပြောင်းလဲပါဘူး စိုင်း"

အမေနှန်းဆိုလိုတာကို စိုင်း သဘောပေါက်ပါ၏။ မြကြာ



www.burmeseclassic.com

www.burmeseclassic.com


ယံ၏ ခြံများရဲ့ ဦးစီးမှုနေရာသည်လည်း ယခုတိုင် သူ့အတွက် ပြောင်းလဲသေးပါဟူ၍ပင်။

* * *



"ဒီနေ့ပဲ ကျွန်တော် ခြံထဲကိုသွားပါ့မယ် အမေနန်း"

"ဟင် ချက်ချင်းကြီးပဲလား၊ ဒီမှာ တစ်ရက်နှစ်ရက်လောက် မနားတော့ဘူးလား စိုင်း"

မနက်ရောက်၍ ဘရိတ်ဖတ်စ်စားပြီးတာနှင့် စိုင်းက ပြောခြင်း။ ထား တားမိသည်။ အမေနန်းကလည်း

"ဟုတ်ပါတယ် လူလေး၊ မင်းလည်း ခရီးကပန်းလာတော့ မကြာဘယ်မှာ အနားယူပါဦး"

"ကျွန်တော် မပင်ပန်းပါဘူး အမေနန်း၊ ခြံတွေရဲ့အခြေအနေကို ကျွန်တော်သိချင်လို့ပါ"

"အေးကွယ်"

အလုပ်နှင့်ပတ်သက်လျှင် စိုင်း၏ ဒီလိုတက်ကြွမှုကြောင့် ဦးခွန်လုံ အားကိုးခဲ့တာဟု ဒေါ်နန်း သဘောပေါက်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



"စိုင်းအတွက် လိုအပ်တာတွေကို လုပ်ပေးပါ ထား"

"ဟုတ်ကဲ့ အမေနုန်း"

စိုင်း နှုတ်ဆက်ပြီးနောက် အမေနုန်း အပေါ်ထပ်ပြန်သွား၏။ ထားက ခြံထဲသွားမည့် စိုင်းအတွက် လိုအပ်တဲ့ပစ္စည်းတွေ ထည့်ပေးသည်။

"ဆိတ်သားခြောက်၊ ကြက်ဥ၊ ဝက်အူချောင်းနဲ့ မုန့်ညှင်းချဉ်၊ ဆီတို့ဟူးတွေပါ ထည့်ပေးထားတယ် စိုင်း၊ ကော်ဖီမစ်နဲ့ နို့ဆီဗူးတွေလည်းပါတယ်၊ ပြီးတော့ မုန့်ပုံး"

"ထား နင်က ငါ့ကို အပန်းဖြေခရီးထွက်တာများ အောက်မေ့နေလားဟင်၊ ငါက ခြံသမားပါ၊ ဟိုမှာရှိတာနဲ့ စားနိုင်ပါတယ် ဟာ"

သည်တော့ ထားက ခေါင်းခါယမ်း၏။

"နင်က အလုပ်တွေအများကြီးလုပ်ရမှာ စိုင်း၊ ဒါကြောင့် အစားအသောက်ကောင်းကောင်း စားဖို့လိုတယ်"

အမှန်တော့ ထားရင်ထဲက စေတနာများစွာဖြင့် စိုင်းအတွက် ပူပန်၍ ထည့်ပေးခြင်းပါ။

"အေးလေ နင့်ထည့်ပေးမှတော့ စားရမှာပေါ့ ထား"





"အဟင်း ဒီလိုမှပေါ့ စိုင်း၊ ဩော် နင် တစ်ပတ်ကို တစ်ခါလောက်တော့ မြို့ကြာယ်ဆီ ပြန်လာနော် စိုင်း"

ထား မှာတော့ စိုင်းပြုံးလိုက်၏။ ထား မျက်နှာလေးကို ကြည့်ကာ

"လာမှာပေါ့ဟာ၊ နင့်လက်ရာဟင်းတွေ ငါစားရဦးမှာလေ"

"အမယ်လေး လှူသာရောက်အောင်လာခဲ့ပါ စိုင်း၊ ငါ အသင့်ချက်ထားပါ့မယ်"

စိုင်းအတွက်ဆိုလျှင် ထားက အမြဲစေတနာရှိတယ်ဆိုတာ နားလည်ပါသည်။

"ငါ ခြံထဲကလာရင် နင့်အတွက် သစ်ခွပန်းတွေ ခူးခဲ့မယ် ထား"

"ဟင် တကယ်၊ နင်ထွက်သွားကတည်းက ငါ သစ်ခွပန်းတွေ မပန်ရတာကြာပြီ စိုင်း"

"ဒါဆို ခုချိန်ကစပြီး နင့်ခေါင်းမှာ သစ်ခွပန်းလှလှတွေ ပန်ဖို့ ပြင်ထားပေတော့ ထား"

ထိုအမှာနှင့်ပင် ထားရင်ထဲ ကြည်နူးသွားရ၏။ ဟိုးအရင်



www.burmeseclassic.com

www.burmeseclassic.com



ထတည်းက စိုင်းက ခြံထဲမှလာတိုင်း သစ်ခွပန်းတွေ ယူလာနေကျ မဟုတ်လား။

"နင် ကားယူသွားမယ်မဟုတ်လား စိုင်း"

"ဘာလဲ ငါစီးနေကျဂျစ်ကားလား"

"အင်း နင်သွားကတည်းက ဘယ်သူမှမစီးရဘူး၊ စက်ကို မှန်မှန်နှိုးပေးပြီး လိုအပ်တာ အမြဲပြင်ထားလို့ အကောင်းအတိုင်းပဲ စိုင်း"

နှစ်ယောက်သား ပြောရင်း ကားဂိုဒေါင်ဆီ လာခဲ့၏။ အစိမ်းရင့်ရောင် ဂျစ်ကားလေးက သခင်ကို ကြိုဆိုနေသည့်ပမာ။

နောက်ခန်းသို့ ပစ္စည်းများတင်လိုက်သည်။ ပြီးမှ စိုင်း ရှေ့ခန်းဝင်ထိုင်၍ စက်နှိုး၏။ တစ်ချက်ပဲ နှိုးရသည်။ စက်သံက ဆေါခနဲ။

"ကဲ ငါသွားတော့မယ် ထား"

"အင်း"

စိုင်း ပြုံးပြနှုတ်ဆက်ပြီး ထွက်လေသည်။ ထား လက်ပြ ကျန်ရစ်၏။

သည်အချိန်မှာတော့ စိုင်းနဲ့ထားဟာ အဓေးကြီးမှာမဟုတ်





တာပဲ ကျေနပ်ရလေ၏။

ခြံထိပ်ထိထွက်ပြီး စိုင်းကားလေးကို ထား ကြည့်မိသည်။ စိုင်း၏ကား မျက်စိထဲက ပျောက်သွားမှ ထား ခြံထဲဝင်ဖို့ပြင်စဉ်

"ထား"

နောက်မှခေါ်သံကြောင့် လှည့်ကြည့်မိတော့

"အို…ဦးဝဏ္ဏမင်းရှိန်"

မနက်ခင်း၏ နေရောင်ခြည်အောက်မှာ ဝဏ္ဏမင်းရှိန်သည် အစိမ်းနုရောင် ဆွယ်တာလက်ရှည်ကို အနက်ရောင် သက္ကလပ် ဘောင်းဘီရှည်ဖြင့် တွဲဝတ်လျက် ရှင်းသန့်ချောမောစွာ ရှိနေ၏။

"ဘယ်လိုလဲ ထား၊ ခုလို ကျွန်တော့်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ အံ့သြသွားလား"

မျက်လုံးဝိုင်းကြီးများနှင့် ကြည့်နေသော ထားကို ဝဏ္ဏ မင်းရှိန် ပြုံး၍ မေးလိုက်၏။

သည်တော့မှ ထား လက်ရှိအခြေအနေကို သတိရသွား လျက်…

"ဦးဝဏ္ဏမင်းရှိန်က ဒီကို"

"အပွန်း…ကျွန်တော်နဲ့ထားက ရေစက်ရှိတယ် ပြောရ



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်၊ အကြောင်းအရာ တော်တော်များများ တိုက်ဆိုင်နေလို့ပဲ၊ ခုလည်း ကျွန်တော်က ထားရဲ့ဝန်းကျင်မှာပဲ ရောက်နေတယ်"

"ရှင်၊ ဦးဝဏ္ဏမင်းရှိန် ဘာကိုဆိုလိုတာလဲတင်"

အဖြူရောင် ယုန်မွေးအင်္ကျီဆွယ်တာလေးကို နက်ပြာပေါ်မှာ အဖြူစပေါ်လုံးလေးတွေပါသည့် လုံချည်နှင့် တွဲဝတ်ထားသော ထားသည် နက်မှောင်ပျော့ပျောင်းသော ဆံပင်ရှည်များ ဖြန့်ချလျက် မနက်ခင်း၏ နေခြည်အောက်မှာ လန်းဆန်းစွာ ပွင့်နေသည့် ပန်းလေးတစ်ပွင့်နှယ်။

"ကျွန်တော် ချယ်ရီမြို့မှာတည်းပါတယ် ထား"

"အို"

ချယ်ရီမြို့ဆိုတာက ထားတို့၏ မြကြာယံနှင့် မလှမ်းမကမ်းရှိနေသည့် တောင်ကုန်းထိပ်က တည်းခိုခန်းလေးတစ်ခုပါ။

"ထား အံ့သြသွားလားဟင်"

"အဟင်း ဦးဝဏ္ဏမင်းရှိန်တို့ကို မြို့ထဲကဟိုတယ်မှာပဲ ရှိနေမယ်လို့ ကျွန်မက ထင်ထားတာလေ၊ ဘာပဲဖြစ်ဖြစ် ဦးဝဏ္ဏမင်းရှိန်နဲ့ ခုလိုပြန်ဆုံရတာ ကျွန်မ ဝမ်းသာပါတယ်"

ထားက အပြုံးလေးဖြင့် ပြောမိ၏။ ဝဏ္ဏမင်းရှိန် ကျေနပ်





သလို ကြည့်သည်။

"တကယ်ပြောတာလား ထား"

"သြော် တကယ်ပေါ့ရှင်၊ ဦးဝဏ္ဏမင်းရှိန်က ကျွန်မကို ကူညီပေးခဲ့တဲ့ လူတစ်ယောက်ပဲ"

"အဟွန်း ကျွန်တော့်ကူညီမှုက ထားအတွက် ဒီလောက် မဟုတ်ရပါဘူးဗျာ"

မြင့်မားသော သူ့အရပ်နှင့်ယှဉ်တော့ ထားက သူ့ပခုံးသာသာပဲရှိသည်။

"လိုအပ်တဲ့အချိန်မှာ ကူညီတာဟာ အရေးပါတာပါပဲရှင်၊ သြော် မနေ့ညကတော့ အချိန်နောက်ကျနေလို့ ဦးဝဏ္ဏမင်းရှိန်ကို မြကြာယံထဲ မဖိတ်လိုက်ရဘူး၊ ဒီနေ့တော့ အိမ်ထဲဝင်ပြီး လက်ဖက်ရည်သောက်ဖို့ ဖိတ်ခေါ်ပါရစေ"

သူက ထား၏ ဖြူနုလှပသော မျက်နှာလေးကို ကြည့်သည်။ ထို့နောက် ခေါင်းညိတ်ကာ

"ကောင်းပြီလေ ထားကဖိတ်ခေါ်မှတော့ ကျွန်တော် ငြင်းပါဘူး"

"ဒါဆို အထဲဝင်ကြစို့နော် ဦးဝဏ္ဏမင်းရှိန်"



www.burmeseclassic.com

www.burmeseclassic.com



မြကြာယံခြံကြီးထဲသို့ ဝဏ္ဏမင်းရှိန် ဝင်ရောက်ချင်တာကြာပြီ။ ယခုလို ထားက ဖိတ်ခေါ်တော့ သူ့အတွက် အဆင်သင့်ဖြစ်သွား၏။

"အမှန်တော့ ဦးဝဏ္ဏမင်းရှိန်ကို ဖိတ်ခေါ်ပေမယ့် ကျွန်မက ဒီခြံပိုင်ရှင် မဟုတ်ပါဘူး"

"ဒါဆို ထားက"

"ကျွန်မက မြကြာယံရဲ့ ဝန်ထမ်းတစ်ဦးလို့ပြောရင် မှန်မယ်ထင်ပါတယ်၊ မြကြာယံရဲ့ အရှင်သခင် အမေနန်းကို အနီးကပ်ပြုစုရတာပါ ဦးဝဏ္ဏမင်းရှိန်"

"သြော်"

ဘဝမှန်ကို ထားက ရိုးသားစွာ တင်ပြထားလိုက်သည်။

ဦးဝဏ္ဏမင်းရှိန်ကို ထားနှင့်ပတ်သက်၍ အထင်မကြီးစေလိုပါ။ သည်ကိစ္စဖွင့်မပြောလည်း ဖြစ်ပေမယ့် ထားက မရှိတာကို ရှိဟန်ဆောင်တာမျိုး မလိုလားသည့် မိန်းကလေးမျိုးဖြစ်၏။

"ဦးဝဏ္ဏမင်းရှိန် ဒီမှာခဏစောင့်ပါနော်၊ ကျွန်မ အမေနန်းကို သွားခေါ်လိုက်ဦးမယ်"

ဧည့်ခန်းထဲမှာ သူ့ကိုထားခဲ့ပြီး အပေါ်ထပ်သို့ သူမတက်





ခဲ့သည်။

ဦးဝဏ္ဏမင်းရှိန်အနေနှင့် မြကြာယံ၏ အရှင်သခင်ကို နှုတ်ဆက်သင့်တယ်မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဒါ မြကြာယံရဲ့ အရှင်သခင် အမေနန်းပါ ဦးဝဏ္ဏမင်းရှိန်"

အသက်ခြောက်ဆယ်ဝန်းကျင်အရွယ်ရှိ အမေနန်းသည် အေးမြကြည်လင်သော မျက်နှာပိုင်ရှင်တစ်ဦး ဖြစ်၏။

သူ ပြုံးပြလိုက်ရင်း နေရာမှထကာ အရိုအသေပြုသည်။

"ကျွန်တော် ဝဏ္ဏမင်းရှိန်ပါ အန်တီ၊ ခုလို အန်တီနဲ့ တွေ့ဆုံရတဲ့အတွက် ကျွန်တော်ဝမ်းသာပါတယ်ခင်ဗျာ"

ယောက်ျားပီသစွာ ချောမောခန့်ညားသည့် ဝဏ္ဏမင်းရှိန်၏ အသွင်က တကယ့်လူကြီးလူကောင်းဟန် အပြည့်ပါလားဟု ဒေါ်နန်း စိတ်ထဲမှ မှတ်ချက်ချ၏။

"အမေနန်း သူက ထားကို လမ်းမှာကူညီခဲ့တဲ့ ဦးဝဏ္ဏမင်းရှိန်ပါ"





တိတ်ဆိတ်နေသော ဒေါ်နန်းကို ထားကပါ ဝင်ပြောသည်။ သည်တော့မှ ဒေါ်နန်း ခေါင်းတစ်ချက်ညိတ်ကာ ပြုံးပြလိုက်ရင်း…

"မောင်ရင်နဲ့တွေ့ရတာ အန်တီကလည်း ဝမ်းသာပါတယ်ကွယ်၊ ထားကို ကူညီခဲ့တဲ့အတွက်လည်း ကျေးဇူးပါပဲ"

အမေနန်းက မျက်နှာသာ အေးချမ်းတာမဟုတ် အသံကလည်း ကြည်လင်အေးမြနေပါ၏။

"ကျွန်တော် ထားကို ကူညီခဲ့တယ်ဆိုတာ သာမန်ပါ အန်တီ၊ ကျေးဇူးတင်ရလောက်အောင် မဟုတ်ပါဘူးခင်ဗျာ"

"ဘယ်နှယ်ပြောပါလိမ့်ကွယ်၊ မောင်ရင်သာ မကူညီခဲ့ရင် ထား လမ်းမှာ ဒုက္ခရောက်မယ့်အဖြစ်ပဲ၊ ကျေးဇူးတင်ရမှာက အန်တီတို့ဝတ္တရားပါကွယ်"

ပြောဆိုဆက်ဆံရာတွင်လည်း ဝဏ္ဏမင်းရှိန်၏ ယဉ်ကျေးသိမ်မွေ့မှုကို ဒေါ်နန်းတွေ့နေရသည်။

"အမေနန်းနဲ့ စကားပြောဦးနော် ဦးဝဏ္ဏမင်းရှိန်၊ ထား ကော်ဖီသွားဖျော်လိုက်ဦးမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုခွင့်ပန်ပြီး ထား ထွက်ခဲ့သည်။ အမေနေနန်းနှင့် နှစ်ယောက်တည်း ကျန်နေသော ဝရန်တာမင်းရှိန်က

"မြကြာယံခြံကြီးက ပတ်ဝန်းကျင်ကလည်း ကောင်းပြီး အတော်ကျယ်ကျယ်ဝန်းဝန်းနဲ့ လုပတာပဲ အန်တီ"

"အဟင်း...ဟုတ်တယ်ကွယ်၊ ဒီကိုရောက်ဖူးတဲ့ ဧည့်သည်တိုင်းဟာ မောင်ရင်လို ချီးကျူးကြတယ်၊ အင်း တကယ်တော့ မြကြာယံဟာ အန်တီရဲ့ ဆုံးပါးသွားတဲ့ခင်ပွန်း ကိုခွန်လုံတို့ရဲ့ ဆွေစဉ်မျိုးဆက် အမွေပဲကွယ်"

"ဪ...ဟုတ်ကဲ့"

ဒေါ်နန်းမှာ ပြောရင်း သွားလေသူကို သတိရဟန်ဖြင့် မျက်နှာမကောင်းဖြစ်သွား၏။

"အန်ကယ်ဆုံးပါးသွားတာ ကြာပြီလားခင်ဗျ"

"အင်း...ခြောက်လလောက်တော့ရှိပါပြီ မောင်ရင်"

သို့ပေမယ့် ခင်ပွန်းသည်နှင့် ပတ်သက်လာလျှင် ဒေါ်နန်းအတွက် မနေ့တစ်နေ့ကလိုပဲဟု ခံစားရ၏။

"ကျွန်တော်က ရန်ကုန်ကပါ အန်တီ"

"ဪ ဒါဆို မောင်ရင်က ဒီကိုအလည်လာတာလား"





ဒေါ်နန်း၏အမေးကို သူပြုံး၍ ခေါင်းညိတ်သည်။

"ဟုတ်ကဲ့၊ ဆိုပါတော့ အန်တီ၊ ဒါ ကျွန်တော့်အတွက် ပထမဆုံးပါပဲခင်ဗျာ"

"ဒါဆို မောင်ရင် ဘယ်နေရာတွေ ရောက်ပြီးပြီလဲ၊ အန်တီကတော့ ဒီဓာတ်မှိုလားမသိဘူး ကိုယ့်ဒေသကိုယ့်နေရာကို အလှဆုံး ထင်မိတယ်၊ အထူးသဖြင့် ဒီမြကြာယံပေါ့လေ"

အမှန်တရားကို ဒေါ်နန်းပြောလိုက်ခြင်းဖြစ်သည်။ သူ သဘောပေါက်ဟန် ပြုံး၏။

"ကျွန်တော့်အတွက်လည်း ဒီဒေသဟာ အတော်သဘောကျစရာကောင်းနေပါတယ် အန်တီ၊ ရာသီဥတုကလည်း သိပ်မပူလေတော့ နေထိုင်ရတာ အဆင်ပြေနေတယ်"

"ဒီကိုရောက်လာတဲ့ ဧည့်သည်တွေက မောင်ရင်လို သဘောကျကြတာ များပါတယ်၊ ဒါပေမယ့် အချိန်တန်တော့ ကိုယ့်အိမ်ကိုယ်ပြန်ကြရတာပဲ မဟုတ်လားကွယ်"

ဘယ်လောက်ပဲ သဘောကျနှစ်သက်ပါစေ ကိုယ့်နေရာဒေသမဟုတ်လေတော့ မှည့်သူမှု ကြာကြာမနေနိုင်ပါဟု ဒေါ်နန်းက ဆိုလိုက်ခြင်းတစ်မျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူကလည်း သိရှိတာကြောင့် ခေါင်းတဆတ်ဆတ် ညိတ်၏။

"လူတိုင်းဟာ ဇာတိကို ခင်တွယ်ကြသူတွေပါပဲခင်ဗျာ၊ ဒါပေမယ့် အခြေအနေပေးရင်တော့ သူတို့လည်း ဒီလိုဒေသမှာ နေချင်ကြမှာပါ အန်တီ"

"ဟုတ်ပါတယ်လေ၊ မောင်ရင်ပြောတာ ဖြစ်နိုင်ပါတယ်၊ လူတိုင်းက ကိုယ့်အကြောင်းနဲ့ကိုယ်ဆိုတော့လည်း ပျော်ရာမှာမနေ တော်ရာမှာနေကြရတဲ့ ဘဝတွေပါပဲ"

တရားသံဖြင့် ဒေါ်နန်းပြော၏။ ဘာပဲဖြစ်ဖြစ် ဝဏ္ဏမင်းရှိန် ဆိုတဲ့ ဒီသူငယ်ဟာ စကားပြောလည်း ကောင်းသူတစ်ယောက်ပဲ ဟု ဒေါ်နန်း စိတ်ထဲက မှတ်ချက်ချသည်။

ထိုစဉ် ထား ကော်ဖီလင်ပန်းဖြင့် ရောက်လာ၏။

"ကော်ဖီသောက်ပါဦး ဦးဝဏ္ဏမင်းရှိန်"

"အမေနန်းက နေ့လယ်စာနဲ့ နီးနေတာမို့ ထား ကော်ဖီ မယူခဲ့ဘူးနော်"

ထားက သူ့ရှေ့ကော်ဖီပန်းကန်ချပေးပြီး ဒေါ်နန်းဘက် လှည့်ပြော၏။





"အေးကွယ် ကဲ အမေနန်း နားလိုက်ဦးမယ်ထား"

"ထား လိုက်ပို့မယ် အမေနန်း"

ထားက နေရာမှထရင်း အလိုက်တသိပြော၏။ အမေနန်း လက်ကာပြသည်။

"နေပါစေ၊ မောင်ဝဏ္ဏမင်းရှိန်နဲ့ စကားပြောကြပါ၊ ကဲ မောင်ရင် အန်တီကို ခွင့်ပြုပါဦးကွယ်"

"ဟုတ်ကဲ့"

ဝဏ္ဏမင်းရှိန် နေရာမှထရပ်ပေးလိုက်၏။ ဒေါ်နန်းထွက်သွားပြီးမှ ရပ်၍

"ဩော် ထား"

"ရှင် အမေနန်း"

"မောင်ဝဏ္ဏမင်းရှိန်ကို ထမင်းဖိတ်ကျွေးဖို့ တစ်နေ့လောက် စီစဉ်ပါကွယ်"

"ဟုတ်ကဲ့"

"မောင်ရင်ကို မကြာယံမှာ ထမင်းဖိတ်ကျွေးတာကို လက်ခံစေချင်ပါတယ်"

သူ့ဘက်ကြည့်၍ ဒေါ်နန်း တစ်ခါတည်း ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



သားက သူ့ကိုလှမ်းကြည့်သည်။

"ကျွန်တော့်ကြောင့် အန်တီတို့ ဒုက္ခများပါမယ်"

"ထမင်းဖိတ်ကျွေးတာ ဒုက္ခမဟုတ်ပါဘူး မောင်ရင်၊ ပြီးတော့ မောင်ရင်က ဧည့်သည်ပဲ၊ သားကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတုံ့ပြန်တာပါ"

"ဟုတ်ပါတယ် ဦးဝဏ္ဏမင်းရှိန်၊ မြကြာယံက ထမင်းစားဖိတ်တာကို လက်ခံပါ"

သားကပါ ဝင်ပြောတာကြောင့် သူ မငြင်းသာဘဲ ခေါင်းညိတ်လိုက်ရသည်။

"ကောင်းပါပြီခင်ဗျာ"

"ဒါဆို မနက်ဖြန်ညနေကို စီစဉ်လိုက်ပါ သား"

"ဟုတ်ကဲ့ အမေနှမ်း"

"အေး...အေး စကားပြောကြဦး"

သူတို့ကိုထား၍ ဒေါ်နှမ်း အပေါ်ထပ်တက်ခဲ့သည်။ လူကကျန်းမာရေးမကောင်းတော့ ကြာရှည်ထိုင်၍မရပါ။

"ဦးဝဏ္ဏမင်းရှိန် ကံကောင်းတာပဲရှင့်"

"ဟင်၊ ဘာဖြစ်လို့လဲ သား"





သူ နားမလည်သလိုမေးတော့ သား ပြုံးလေသည်။ ပြုံးလိုက်မှ ပို၍လှပါသော မိန်းကလေးပါလား။

"အဟင်း...အမေနှမ်းက မြကြာယံမှာ ဒီလိုမျိုးဧည့်သည်တွေကို ထမင်းစားမဖိတ်တာ ကြာပြီလေ၊ ဦးဝဏ္ဏမင်းရှိန်က ပထမဆုံးပဲ"

"ဪ...ဒီလိုလား၊ အဲ့ဒွန်း ဒါဆို ကျွန်တော့်အတွက် ဂုဏ်ယူစရာပေါ့ သား"

နှစ်ယောက်သား မျက်နှာချင်းဆိုင် ပြန်ထိုင်ကြသည်။ ဝဏ္ဏမင်းရှိန်က ကော်ဖီယူသောက်၏။

"ကျွန်မလက်ရာ ဘယ်လိုလဲ ဦးဝဏ္ဏမင်းရှိန်"

ကြည်လင်သောမျက်နှာလေးဖြင့် သား မေးသည်။ သူက သေချာအရသာခံသောက်ပြီး

"သားက ကော်ဖီဖျော်ကောင်းတဲ့ မိန်းကလေးပဲ"

"တကယ်ဟုတ်လို့လားရှင်၊ ရန်ကုန်ကလက်ရာတွေ သောက်တော့ ကောင်းမယ်မထင်ပါဘူး"

သည်တော့ သူပြုံး၍ ခေါင်းခါယမ်း၏။

"ကျွန်တော်သောက်သမျှ ကော်ဖီတွေထဲမှာတော့ သား



www.burmeseclassic.com

www.burmeseclassic.com



လက်ရာ အကောင်းဆုံးပါဗျာ"

"အဟင်း ဒီလိုမြှောက်တဲ့အတွက် ဦးဝဏ္ဏမင်းရှိန်ကို ကျွန်မ အကောင်းဆုံးဟင်းတွေ ချက်ကျွေးပါ့မယ်ရှင်"

"အဟွန်း···ဟွန်း"

"အဟင်း"

နှစ်ယောက်သား ပြိုင်တူရယ်မိကြ၏။ ကိုစိုးကြီးသာတွေ့လျှင် သူဒီလိုစိတ်ပါလက်ပါ ရယ်နေတာမျိုး မမြင်ဘူးတာကြောင့် အံ့ဩမှာသေချာ၏။

✠ ✠ ✠



"ဘယ်ကိုများသွားနေတာလဲ သူဌေးရယ်၊ ထမင်းစားဖို့ ကျွန်တော့်မှာ လိုက်ရှာနေတာ"

တည်းခိုခန်းသို့ သူပြန်ရောက်တာနှင့် ကိုစိုးကြီးက စိတ်ပူသလိုမေး၏။

"ထမင်းစားတာများဗျာ၊ ခင်ဗျားဆာရင် စားနှင့်ပါလား၊ ကျွန်တော်တော့ မဆာသေးဘူးဗျ"

"ဗျာ···တစ်နာရီတောင် ရှိပြီလေ သူဌေး"

ကိုစိုးကြီးက လက်မှနာရီကို တစ်ချက်ကြည့်ပြီး သူ့ကို အံ့ဩသလိုပြော၏။ သူက အပေါ်အင်္ကျီကို ချွတ်လိုက်သည်။

"မဆာသေးဘူးဗျ၊ ကျွန်တော် ကော်ဖီသောက်လာလို့"

"ဘယ်သူတိုက်တဲ့ကော်ဖီလဲ သူဌေး၊ ထမင်းစားခါနီး ရင်ခံရအောင်လို့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ သူပြုံးကာ…

“ထားတိုက်လိုက်တဲ့ ကော်ဖီဗျ”

“ဟင် ဒါဆို သူဌေး မြကြာယံကို ရောက်ခဲ့တာလား”

“အဟွန်း…ဟုတ်တယ်၊ အခု ကျွန်တော် မြကြာယံက ပြန်လာတာ”

“ဪ”

ကိုစိုးကြီးက တစ်စုံတစ်ရာကို သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်၏။

“ကဲ ခင်ဗျား ထမင်းသွားစားချည်လေ ကိုစိုးကြီး”

“ကျွန်တော်လည်း အဆာလွန်သွားပါပြီဗျာ၊ ဒါနဲ့ သူဌေး က ထားဆီသွားတာလား”

သူ ခေါင်းခါယမ်း၏။ တကယ်တော့ လမ်းလျှောက်ရင်း ထားကို သတိရကာ မြကြာယံရေ့မှ ဖြတ်ခြင်းပါ။

“မျှော်လင့်ဘဲ ထားနဲ့ဆုံတာပါ၊ ထားက ဖိတ်ခေါ်တာနဲ့ မြကြာယံကို ကျွန်တော်ရောက်ခဲ့တာ ကိုစိုးကြီး”

“ဒါဆို မြကြာယံအခုခြေအနေကကော သူဌေး၊ ဦးဇော်မွန်း နဲ့ ညနေချိန်းထားတယ်မဟုတ်လား”





သူ စီးကရက်တစ်လိပ် ထုတ်သောက်လိုက်၏။ ဦးဇော်မွန်း ဆိုတာက ချယ်ရီမြိုင်တည်းခိုခန်း၏ ပိုင်ရှင်။

“အင်း…မြကြာယံက အတော်လှတာပဲ”

“ဗျာ”

ကိုစိုးကြီးက သူ့ကို ဖျတ်ခနဲကြည့်၏။ မြကြာယံက လှတာ လား၊ ဒါမှမဟုတ် ထားကလှတာလားဟု အဓိပ္ပါယ်။

သူက ကိုစိုးကြီး၏ အကြည့်ကို ဂရုမစိုက်ဘဲ တစ်ယောက်တည်းပြုံးသည်။

“အဟွန်း မနက်ဖြန်ညနေ ကျွန်တော်တို့ မြကြာယံကို သွားကြရလိမ့်မယ် ကိုစိုးကြီး”

“ဗျာ ဘာအတွက်လဲ သူဌေး”

“ထားက ကျွန်တော့်ကို ထမင်းစားဖိတ်တယ်လေ”

“ဟော သူဌေးတို့က ဒီအခြေအနေတောင် ရောက်ပြီ လား”

သူ့မျက်နှာ ဆတ်ခနဲတည်သွားလျက် ကိုစိုးကြီးကိုကြည့် ၏။

“ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ ကိုစိုးကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ထားက ကျွန်တော့်ကို ထမင်းစားဖိတ်တာ လမ်းမှာတူညီခဲ့ဖူးသူ တစ်ယောက်အနေနဲ့ ရိုးရိုးသားသားဗျ"

"ဒါပေမယ့် မိန်းမတစ်ယောက် ထမင်းဖိတ်ကျွေးတာကို သူဌေးဘယ်တုန်းက လက်ခံဖူးလို့လဲဟင်"

ကိုစိုးကြီးမေးတာ မှန်နေ၏။ သူ့ဘဝမှာ ဒါဟာ ပထမဆုံးပဲ။ သူ ပန်းတွန့်လိုက်သည်။

"ထားတစ်ယောက်တည်း ဖိတ်တာဆိုရင် ကျွန်တော် စဉ်းစားမှာပေါ့ ကိုစိုးကြီး၊ ခု ဖိတ်တာက မြကြာယံရဲ့ အရှင်သခင် ဒေါ်နန်းကိုယ်တိုင်ကဗျ၊ ထားအတွက် ကျေးဇူးတင်လို့တဲ့"

ကိုစိုးကြီးမျက်လုံးများ လက်ခနဲဖြစ်သွား၏။

"မြကြာယံပိုင်ရှင်ကို သူဌေးတွေ့ခဲ့ပြီပေါ့"

"အင်း အသွားကြီးကြည့်ရတာ မကျန်းမာပုံပဲ"

"ဒါ သူဌေးအတွက် အခွင့်ကောင်းပဲမဟုတ်လား၊ အသွားကြီးမှာ ကျန်းမာရေးလည်း မကောင်း၊ ခြံလုပ်ငန်းတွေကလည်း မကောင်းဆိုတော့ မြကြာယံကို ရောင်းဖို့ တစ်ချိန်စိတ်ကူးမှာပဲ သူဌေး"

အပိုင်တွက်၍ ကိုစိုးကြီးပြော၏။ သူ ခေါင်းယမ်းသည်။





"မဟုတ်သေးဘူးဗျ၊ ကျွန်တော် အကဲခတ်ရသလောက်တော့ အသွားကြီးက မြကြာယံကို အတော်ခင်တွယ်ပုံပဲ ကိုစိုးကြီး"

"သူဘယ်လောက်ပဲ ခင်တွယ်ပါစေ စီးပွားရေးမကောင်းရင် ရောင်းရမှာပဲမဟုတ်လား၊ အသွားကြီးမှာရှိတဲ့ သားကလည်း အသုံးမကျဘူးဆိုတော့"

"အင်းလေ...အဖြေတော့ တစ်ခုခုထွက်လာမှာပဲ၊ အမှန်အတိုင်းပြောရရင် မြကြာယံဟာ နေရာအကွက်အကွင်းကောင်းတော့ ကျွန်တော်သဘောကျမိတာပါပဲ ကိုစိုးကြီး"

စီးပွားရေးမျက်စိနှင့်ကြည့်လျှင် မြကြာယံသည် မက်မောစရာပါ။ ထို့ကြောင့် ချယ်ရီမြိုင်ပိုင်ရှင် ဦးဇော်မွန်းကလည်း မြကြာယံကို လိုချင်နေ၏။

"ဒါကြောင့် ကိုဇော်မွန်းကလည်း မြကြာယံကို စိတ်ဝင်စားနေတာဖြစ်မယ် သူဌေး၊ မြကြာယံအနေအထားကို သူပြောပြလို့ ကျွန်တော်တို့သိရတာပဲ၊ ဦးဇော်မွန်းက သူဌေးနဲ့အပန်းဖြေစခန်းကို ရှယ်ယာဖွင့်ချင်နေတာမဟုတ်လား"

"ညနေ သူဘာပြောမလဲ စောင့်ကြည့်ကြတာပေါ့ဗျာ၊ ကဲ ကျွန်တော် ခဏနားဦးမယ် ကိုစိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူပြောတော့ ကိုစိုးကြီး အလိုက်သိစွာထွက်သွား၏။ တစ်ခုခုစားဖို့လည်း ဖြစ်မည်။

သူ အိပ်ရာထဲလှဲရင်း ထားပုံကို မြင်ယောင်မိ၏။ ဖြူစင်သောမျက်နှာလေးနှင့် ခင်မင်ရင်းနှီးစွာ ဆိုတတ်ပုံလေးက တစ်မျိုးစိတ်ဝင်စားစရာပါ။

ဟင်း…ထား…ထား။

မြကြာယံနဲ့ထား။

ဘာကြောင့်များ ထားက မြကြာယံနဲ့ ဆက်နွယ်နေရတာပါလိမ့်ကွယ်။

ညနေရောက်တော့ အထူးခန်းမှာ ဦးဇော်မွန်းနှင့် သူတို့တွေ့ကြသည်။

"ကိုစိုးကြီးဆီက ကြားတယ်၊ မြကြာယံကို ခင်ဗျားရောက်ခဲ့တယ်ဆို ဦးဝဏ္ဏမင်းရှိန်"

အသက်ငါးဆယ်ကျော်အရွယ်ပေမယ့် ဦးဇော်မွန်းက အားကစားလိုက်စားတာကြောင့် နုပျိုနေ၏။

အသက်သုံးဆယ်ရွယ်ရှိ ဝဏ္ဏမင်းရှိန်ကို လုပ်ငန်းနှင့်ပတ်သက်ပြီး လေးစားစွာဆက်ဆံရသည်။





"ဟုတ်တယ်၊ ကျွန်တော်ရောက်ခဲ့ပါတယ် အန်ကယ်"

"ဒါဆို မောင်ရင် ဘယ်လိုသဘောရလဲ"

"အတော်ကောင်းတဲ့နေရာတစ်ခုပါပဲ"

သူ့မှတ်ချက်ကြောင့် ဦးဇော်မွန်း ကျေနပ်စွာပြုံး၏။

"ဒါကြောင့် အပန်းဖြေစခန်းဖွင့်ချင်တဲ့ မောင်ရင်ကို ကျုပ်လာခဲ့ဖို့ ဖိတ်ခေါ်လိုက်တာပေါ့၊ မြကြာယံရဲ့ အခြေအနေက အခုလုံးဝမကောင်းဘူး၊ ခြံတွေကိုလည်း ဦးစီးမည့်သူမရှိဆိုတော့"

"သူတို့က ခြံတွေကိုရောင်းဖို့ ပြောလို့လား အန်ကယ်"

မကြာခင်ကပဲ မြကြာယံ၏အခြေအနေကို ဦးဇော်မွန်းမှတစ်ဆင့် သူသိခဲ့ရသည်။ ဒါပေမယ့် ပြည့်ပြည့်စုံစုံတော့ မဟုတ်ပေ။

"ရောင်းဖို့တော့ မပြောသေးပေမယ့် ကြာရင် ဒီခြံတွေဟာ ပျက်စီးလာမှာပဲလေ၊ ဒါဟာ တစ်နေ့ကျဆုံးဖို့မဟုတ်လားမောင်ရင်"

"ကျွန်တော် လေ့လာရသလောက်တော့ ဒေါ်နန်းက မြကြာယံကို လွယ်လွယ်နဲ့ လက်လွှတ်လိမ့်မယ် မထင်ဘူး အန်ကယ်၊ အထူးသဖြင့် ဒါဟာ သေဆုံးသွားတဲ့ သူ့ခင်ပွန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အစဉ်အဆက်ဖြစ်နေလေတော့''

သူမှစကားမဆုံးခင် ဦးဖော်မွန်း မျက်နှာကြီးပျက်လျက်

''ဒီအမျိုးသမီးက ခွန်လုံသေသွားတာတောင် ခွန်လုံနဲ့ ပတ်သက်တာတွေကို ခင်တွယ်နေတုန်းပဲကိုး၊ အေးလေ ဒါပေမယ့် သူ့ကို တစ်စုံတစ်ယောက်က တိုက်တွန်းရင်တော့ ကြာကြာခေါင်း မာနိုင်မယ် မထင်ပါဘူး''

''တစ်စုံတစ်ယောက် ဟုတ်လား၊ ဘယ်သူများလဲ အန်ကယ်''

သူ စိတ်ဝင်စားစွာ မေးသည်။

''သူ့ကို မောင်ရင်သိပါတယ်လေ၊ တခြားသူဟုတ်ရိုးလား သူ့နား အနီးကပ်ပြုစုပေးနေတဲ့ ထားဆိုတဲ့မိန်းကလေးပဲ''

''ဗျာ၊ ထား ဟုတ်လား''

သူ အံ့သြသလိုမေးတော့ ဦးဖော်မွန်း နှုတ်ခမ်းတွေ ခပ်မဲ့ မဲ့ပြုံး၏။

''မောင်ရင်နဲ့ထား လမ်းမှာဆုံစည်းကြတာ ကျုပ်သိပြီးပါ ပြီ၊ မောင်ရင်ကသာ ထားကို အပိုင်ချဉ်းကပ်ပြီး မကြာယံအတွက် စည်းရုံးသိမ်းသွင်းရင်''





''တော်ပြီ အန်ကယ်၊ ကျွန်တော် မိန်းမတစ်ယောက်ကို အသုံးချတာမျိုး ဘယ်တော့မှလုပ်မှာ မဟုတ်ပါဘူး၊ ဒါဟာ ခပ်ညံ့ ညံ့ယောကျ်ားတွေ စဉ်းစားတတ်ကြတာပါ''

ထိုစကားကြောင့် ဦးဖော်မွန်းမျက်နှာကြီး မည်းခနဲဖြစ်သွား ၏။ ဝဏ္ဏမင်းရှိန်စကားကြောင့် ဦးဖော်မွန်းမှာ အလိုလို ညံ့တဲ့ ယောကျ်ားတစ်ယောက် ဖြစ်သွားရတာမဟုတ်လား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

"မြကြာယံကို ကျွန်တော်လိုက်လို့ဖြစ်မလား သူဌေး"

အပြာနုရောင် ရုပ်အင်္ကျီလက်ရှည်ကို မှန်ရှေ့မှာ ကြယ်သီးစေ့တပ်ဝတ်နေစဉ် နောက်ကမေးလိုက်တာ ကိုစိုးကြီး။ သူ မှန်ထဲမှ လှမ်းကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ ကိုစိုးကြီး"

"ဩော် မမလေးထားက သူဌေးကိုပဲ ထမင်းစားဖိတ်တာမဟုတ်လား"

"တော်စမ်းပါဗျာ၊ ထားက ခင်ဗျားကိုပါ ဖိတ်တာ၊ ကဲ အဝတ်အစားလဲတော့ နောက်ကျမယ်"

ဆရာဖြစ်သူက အမိန့်ပေးတာနှင့် ကိုစိုးကြီး အဝတ်အစားလဲ၏။ အသားပျော့ပျော့၊ အပြာနုရောင် ရုပ်အင်္ကျီလက်ရှည်၊ နက်ပြာရောင် သက္ကလပ်ပျော့ ဘောင်းဘီရှည်တို့ဖြင့် တွဲဝတ်လျက်





နက်မှောင်သောဆံပင်ကို သေသပ်စွာဘီးခဲ့ပြီး ခန့်ညားချောမောနေသည့် သူ့အသွင်က မှန်ထဲမှာ ပေါ်လွင်နေ၏။

"ကျွန်တော်တော့ မြကြာယံကိုလိုက်ရမှာ စိတ်လှုပ်ရှားနေတယ် သူဌေး၊ ဘာကြောင့်လဲဆိုတော့ မြကြာယံခြံကြီးက ကျွန်တော်တို့ရဲ့ ပစ်မှတ်ဖြစ်သလို အဲဒီမြကြာယံမှာ မမထားလို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်လည်း ရှိနေတာမဟုတ်လား"

အဝတ်အစားလဲပြီးသွားသော ကိုစိုးကြီးက သူ့ကိုလှမ်းကြည့်ရင်း ပြော၏။

"အင်း မြကြာယံနဲ့ ထားတို့ ဆက်စပ်ပြီးတွေ့ရတာ ကျွန်တော့်အတွက် ထူးခြားတဲ့ တိုက်ဆိုင်မှုပဲ ကိုစိုးကြီး"

"တစ်ခုတော်သေးတာက မမလေးထားဟာ မြကြာယံရဲ့ အရှင်သခင်မဟုတ်တာပဲ သူဌေး၊ ဒီတော့ မြကြာယံနဲ့ ပတ်သက်ပြီး လုပ်ရမယ့်ကိစ္စမှာ သူဌေး အားနာစရာမလိုဘူးပေါ့"

သူ သက်ပြင်းကြိတ်ချ၏။ ထားကို မြကြာယံနဲ့ ဆက်စပ်ပြီး တွေ့ရတဲ့အတွက် သူ့စိတ်ထဲ တစ်စုံတစ်ရာကို ဝန်လေးသလို ဖြစ်သွားတာ ငြင်းမရပေ။

"အဟဲ ပြောသာပြောတာပါ၊ ကျွန်တော့်သူဌေးက အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထိစ္ပနဲ့ပတ်သက်လာရင် ဘယ်သူ့ကိုမှ ထည့်မတွက်တတ်ဖူးဆိုတာ သိနေတော့ အထူးစိတ်ပူစရာမလိုပါဘူးလေ''

အလုပ်ကိစ္စနှင့် ပတ်သက်လျှင် ပြတ်သားတတ်သော သူ့အကြောင်းသိနေသည့် ကိုစိုးကြီးစကားကြောင့် မချိသလိုပြုံးမိရ၏။

သူ့စိတ်တွေ ထားနှင့်တွေ့ပြီးနောက်ပိုင်း ထူးဆန်းစွာ ပျော့ပျောင်းလာတာ ကိုစိုးကြီးမသိပါလား။

''ဒီနေ့ ခင်ဗျား တော်တော်စကားများပါလား ကိုစိုးကြီး၊ ကဲ ပြီးရင်သွားမယ်''

''ကျွန်တော် အသင့်ပါပဲ သူဌေး''

ထို့နောက် နှစ်ယောက်သား ကားဖြင့် မြကြာယံသို့ ထွက်ခဲ့ကြ၏။ ဦးဇော်မွန်းက ဒီမှာသုံးဖို့အတွက် သူ့ကို ကားပေးထားသည်။ အဖြူရောင်မတ်ခ်တူးကားအလုံး ဖြစ်သည်။ ကားကို ကိုစိုးကြီးမောင်းလျက် သူ့ဘေးမှ ထိုင်၏။

မြကြာယံသို့ ညနေခြောက်နာရီအတိတွင် ရောက်သည်။ တစ်ခြံလုံး မီးတွေထွန်းထားတာကြောင့် လင်းဖြာနေ၏။

''ခြံကြီးက အတော်ခန့်ညားသားနားတာပဲနော် သူဌေး''

ကားကို ခြံထိပ်မှာရပ်၍ လူခေါ်ဘဲလ်နှိပ်သည်။ ကိုစိုးကြီး





ကားထဲပြန်ဝင်ထိုင်ရင်း သူ့ကိုပြောခြင်းပါ။

''ဒါကြောင့် ဦးဇော်မွန်းက ဒီခြံကို သဘောကျနေတာပဲ ကိုစိုးကြီး''

''သူဌေး‌ကော''

''အပေါ်ဆွန်း လှတိုင်း ပစ္စည်းကောင်းကို ကြိုက်ကြတယ်ဗျ ကိုစိုးကြီး''

''ဟုတ်ပါတယ်လေ၊ ဒီလိုအခွင့်အရေးမျိုးကို သူဌေး လက်လွှတ်ခံမှာမဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်''

ထိုစဉ် ခြံတံခါးဖွင့်လာ၏။ သူတို့ကားကို အထဲမောင်းသွင်းလိုက်သည်။ ခြံထဲမှာလည်း မီးတွေထိန်လင်းလျက် ပန်းရောင်စုံများကြောင့် လှပလွန်းသော ဥယျာဉ်ကြီးပမာ။

''အားပါးပါး ခြံကြီးက တကယ်ကျယ်ပြီး သစ်ပင်ပန်းပင်တွေ စုံစုံလင်လင်နဲ့ တကယ်လှပါတယ်ဗျာ''

ကိုစိုးကြီးက ခြံကြီးတစ်ခုလုံး ဝေ့ဝဲကြည့်ရင်း အားကျစွာ ပြော၏။

''ခင်ဗျားပါးစပ် ခုချိန်ကစပြီး ပိတ်ထားလိုက်တော့ ကိုစိုးကြီး''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ ဟုတ်ကဲ့ သူဌေး"

ကားကို မြကြာယံ၏ ဆင်ဝင်အောက်တွင် ရပ်လိုက်သည်။ ထားက ထွက်ကြိုနေ၏။

"ကြွပါ ဦးဝဏ္ဏမင်းရှိန်"

အပြုံးလေးဖြင့် ဆီးကြိုနေသော ထားသည် ပုစွန်ဆီရောင် ဖျော့ဖျော့ ဝမ်းဆက်လေးနှင့် နက်မှောင်ပျော့ပျောင်းသော ဆံနွယ်လေးများ ဖြန့်ချလျက် မီးရောင်အောက်မှာ ဖြူနုဝင်းမွတ်စွာ ရှင်းသန့်လှပနေ၏။

"ကျွန်တော်တို့ နောက်မကျပါဘူးနော် ထား"

"ဟုတ်ကဲ့၊ အထဲမှာ ဦးဝဏ္ဏမင်းရှိန်တို့ကို အမေနမ်း စောင့်နေပါတယ်ရှင်"

ထားက ကိုစိုးကြီးကိုပါ တစ်ချက်ပြုံးပြပြီး သူ့ဘက်ကြည့်၍ပြောသည်။ သူခေါင်းညိတ်ကာ

"ကျွန်တော် နှုတ်ဆက်လိုက်ပါ့မယ် ထား"

ပြောရင်း သူအထဲဝင်၏။ ထားက နောက်မှပါလာသည်။ မြကြာယံသည် အမျိုးသမီးများ ဦးဆောင်သောနေရာမို့လားမသိ သန့်ရှင်းတောက်ပပြောင်လက်နေ၏။





အထူးသဖြင့် ပန်းခြောက်တွေကိုမသုံးဘဲ သဘာဝပန်းစိုများကိုသာ သုံးထားသော ပန်းအိုးများကြောင့် ပို၍အသက်ဝင်လှပနေသည်။

"ဟော မောင်ဝဏ္ဏမင်းရှိန်တို့ ရောက်လာပြီကိုး"

ဧည့်ကားပေါ်မှဆင်းလာသော အမေနမ်းက သူ့ကိုမြင်တော့ အပြုံးဖြင့်နှုတ်ဆက်၏။

"ကျွန်တော်တို့ကို စောင့်နေရတဲ့အတွက် အားနာပါတယ် အန်တီ"

"အို အထူးစောင့်နေတာ မဟုတ်ပါဘူးကွယ်၊ ထားက လည်း စောစောကမှ အားလုံးချက်ပြုတ်ပြီးတာပါ၊ မောင်ဝဏ္ဏမင်းရှိန်တို့အတွက် သူကိုယ်တိုင်ချက်ပြုတ်တာလေ"

သည်တော့ သူက ထားဘက်ပြုံးကြည့်၏။ ထားလိုလှပသော မိန်းကလေးတစ်ယောက်က မီးဖိုထဲကိုယ်တိုင်ဝင်တယ်ဆိုတော့ သူ အံ့သြချင်ရသည်။

"ကျွန်တော့်ကြောင့် ထား ပင်ပန်းသွားပြီ"

"အဟင်း...မပင်ပန်းပါဘူး ဦးဝဏ္ဏမင်းရှိန်၊ ထားက အချက်အပြုတ် ဝါသနာပါတော့ မဟုတ်လည်း အမေနမ်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ဝင်လုပ်နေကျပါရှင်"

"ဟင်းတွေအားလုံး ချက်ပြုတ်ပြီးတာနှင့် ရေချိုး၊ အလှပြင်၊ အဝတ်အစားလဲထားသော သူမအသွင်လေးက မီးဖိုထဲဝင်တတ်တယ်ဟု မထင်အောင် ကျော့ရှင်းနေပါ၏။

"ဟုတ်တယ်ကွယ်၊ အခုတီက အသက်ကြီးပြီဆိုတော့ ထော်ရဲ့ဟင်း ခံတွင်းမတွေ့ဘူး၊ ထားလက်ရာနဲ့မှ အဆင်ပြေတော့တယ် မောင်ဝဏ္ဏမင်းရှိန်"

"ဒီလိုဆိုတော့လည်း မလေးထားက ဒီခေတ်ထဲမှာ ရှားပါးတဲ့ မိန်းကလေးမျိုးပဲ သူ့ဗျေး"

ကိုစိုးကြီးက ဝင်၍ထောက်ခံဂုဏ်ပြု၏။ သူပြုံး၍ ခေါင်းညိတ်သည်။

"ဒီခေတ်ထဲမှာ ထားက ခုလို မီးဖိုထဲကကိစ္စတွေ နိုင်နင်းတယ်၊ ချီးကျူးစရာပါ၊ များသောအားဖြင့် ဒီခေတ် တချို့မိန်းကလေးတွေ မီးဖိုကိစ္စ မနိုင်တတ်ကြဘူးလေ"

"အသေအချာပေါ့ကွယ်၊ ဒီခေတ်ကြီးက လူတိုင်း အလုပ်ထဲ အချိန်ကုန်နေရလေတော့ သူတို့လေးတွေခမျာ အိမ်မှုကိစ္စ လှည့်မကြည့်အားရှာဘူးပေါ့လေ၊ ထားကတော့ အလုပ်တွေများတဲ့ကြား





ကကို ချက်ပြုတ်တဲ့ကိစ္စ ဝါသနာပါတာမျိုးကွယ့်"

ထားမှာ သူမ၏အကြောင်း ချီးကျူးနေသလိုမို့ မနေတတ်အောင် ဖြစ်လာလျက်

"အမေနန်းက ချီးကျူးလွန်နေတာပါရှင်၊ ကျွန်မလက်ရာက ဒီလောက်မဟုတ်ပါဘူး၊ တော်ကြာ ဦးဝဏ္ဏမင်းရှိန်တို့ တကယ်စားမှ မကောင်းရင် အပြစ်တင်ခံနေရပါဦးမယ်၊ က ထမင်းပွဲ အသင့်ပြင်ထားတာမို့ ထမင်းစားခန်းထဲ ကြွပါရှင်"

"ကောင်းပါပြီဗျာ"

သူတို့အားလုံး ထမင်းစားခန်းထဲ ဝင်ခဲ့၏။ အမေနန်းက စားပွဲထိပ်မှာ ထိုင်လျက် ဦးဝဏ္ဏမင်းရှိန်နှင့် ထားက မျက်နှာချင်းဆိုင်။

ကောင်မလေးနှစ်ယောက်က လိုအပ်တာတွေ ဖြည့်ပေးသည်။

"ဟင်းတွေအများကြီးပါလား ထား"

ထမင်းဝိုင်းရှိ ဟင်းခွက်များက ဆယ်ခွက်ထဲမနည်းပါ။ သူကြည့်ရင်း ပြောသည်။

"ဦးဝဏ္ဏမင်းရှိန်တို့ ဘာကြိုက်တတ်မှန်း မသိတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဟင်းမရှေးတတ်ပါဘူး ထား"

"ဟုတ်တယ် မလေးထား၊ ကျွန်တော်တို့က မကြာခဏ ခရီးထွက်နေရတဲ့သူတွေဆိုတော့ ဒီလိုပဲ အဆင်ပြေအောင် စားကြတာ များတယ်ဗျ"

သူ့စကားကို ကိုစိုးကြီးက ဝင်ထောက်ခံသည်။

"မောင်ဝဏ္ဏမင်းရှိန်တို့က ခရီးသွားများတယ်ဆိုတာ ဘာအလုပ်လုပ်လဲကွယ့်"

အမေနန်းက မေးလာသည်။ ကိုစိုးကြီးက သူ့ကို လှမ်းကြည့်၏။

"ကျွန်တော် ကုမ္ပဏီမှာပါ၊ ကုမ္ပဏီအတွက် အလုပ်လုပ်ပေးပါတယ် အန်တီ"

"ဪ"

သူကိုယ်သူ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ဟု အသိမပေးဘဲ ကုမ္ပဏီဝန်ထမ်းတစ်ယောက်လို့ ပြောလိုက်တာကြောင့် ကိုစိုးကြီး အံ့သြစွာကြည့်၏။

ထားလိုမိန်းကလေးရှေ့မှာ သူဟာ ကုမ္ပဏီပိုင်ရှင် တစ်ယောက်ဟု တမင်ပြောရမည်မဟုတ်လား။

✠ ✠ ✠



"ကျွန်မလက်ရာတွေ အဆင်ပြေရဲ့လား ဦးဝဏ္ဏမင်းရှိန်"

ထမင်းစားပြီး အချိုပွဲတည်သည်။ တစ်ခဏမျှ စကားပြောပြီးနောက် အမေနန်းက အနားယူရန် အပေါ်ထပ်တက်သွား၏။

ထားက သူတို့ကို ခြံထဲလိုက်ပြ၏။ သူနှင့်ထား ယှဉ်တွဲလျှောက်စဉ် ထားမှ မေးလိုက်ခြင်းပါ။

"အဟွန်း…အကောင်းဆုံး လက်ရာတွေပဲ ထား"

"ဒါတော့ ပိုပြီထင်တယ်ရှင်၊ ကျွန်မလက်ရာက အကောင်းဆုံးတော့ မဖြစ်နိုင်ပါဘူး"

ညနေခင်း လေညှင်းနဲ့အတူ ထားထံမှ လတ်ဆတ်မွှေးတော့သော ရနံ့ကို ရှူရှိုက်မိ၏။ ကိုယ်သင်းနံ့မွှေးမွှေးလေးကြောင့် စိတ်မှာ လန်းသွားသလို သူခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ကျွန်တော်စားသမျှ လက်ရာတွေထဲမှာ အကောင်းဆုံးပေါ့ဗျာ"

"အဟွင်း...ဦးဝဏ္ဏမင်းရှိန်က ချက်ပြုတ်တဲ့လူ အမော ပြေအောင် ပြောတတ်တယ်နော်"

"တကယ်ပြောတာပါဗျာ၊ ကျွန်တော် မမြှောက်တတ်ပါဘူး"

"ဟုတ်ပါပြီရှင်"

နှစ်ယောက်စကားပြောရင်း သူ့စိတ်အတွက် ပိုရင်းနှီးသလို ခံစားရ၏။ အထူးသဖြင့် မိန်းမလှလေးတစ်ယောက်နှင့် ဒီလိုညနေခင်းမျိုးတွင် ယှဉ်တွဲလျှောက်ရတာ သူ့အတွက် ကြည်နူးစရာဟု ပထမဆုံးအကြိမ် ခံစားမိသည်။

"မြကြာယံခြံကြီးက အတော်သာယာတာပဲနော် ထား၊ သစ်ပင်တွေလည်း အတော်စုံလင်တယ်၊ အထူးသဖြင့် ပန်းပင်တွေပေါ့"

"ဟုတ်တယ် ဦးဝဏ္ဏမင်းရှိန်၊ ဒီခြံကြီးကို ရောက်တဲ့လူတိုင်း ခုလိုပဲချီးကျူးကြတယ်၊ အမေနှန်းတို့က သစ်ပင်စိုက်တာ ဝါသနာပါတယ်လေ၊ အဟင်း ပန်းပင်တွေကတော့ ကျွန်မရောက်





လာမှ ပိုများလာတယ် ပြောရမယ်"

"ပန်းပင်တွေကို ထားက သဘောကျတယ်ပေါ့"

သူပြုံး၍ လှည့်မေး၏။ ထား ခေါင်းအသာညိတ်သည်။

"ပန်းပွင့်လေးတွေက လူတွေရဲ့စိတ်ကို ကြည်နူးစေတယ် မဟုတ်လား ဦးဝဏ္ဏမင်းရှိန်"

"ဒါပေါ့ ထား၊ ထားလိုမိန်းမလှလေးက ပန်းပွင့်လေးတွေကို နှစ်ခြိုက်တာ သဘာဝကျပါတယ်၊ ဒါနဲ့ ကျွန်တော်ပို့ပေးလိုက်တဲ့ ပန်းခြင်းကိုရော သဘောကျရဲ့လား ထား"

"ရှင်"

ရုတ်တရက် သူ၏အမေးကို ထား နားမလည်နိုင်အောင် ဖြစ်သွားသည်။

"အဟွန်း...ဟိုတယ်မှာတုန်းက ကျွန်တော်ပို့ပေးလိုက်တဲ့ ပန်းခြင်းကို ပြောတာပါ ထား"

"အို...ဟို ပန်းခြင်း"

သူပြောမှ ထား သတိရသွား၏။ ကြည့်စမ်း သူမကတော့ ထိုပန်းခြင်းကို စိုင်းတစ်ယောက် ပို့လိုက်တယ်ပဲထင်နေတာ။ ယခုတော့ ဦးဝဏ္ဏမင်းရှိန်က ပို့လိုက်တယ်ဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ထားကို လက်ဆောင်တစ်ခုခု ပို့ချင်နေခဲ့တာ၊ စဉ်းစား ကြည့်တော့ မိန်းကလေးတစ်ယောက်ဆီ ပန်းခြင်းပို့ပေးတာ အသင့် တော်ဆုံးမဟုတ်လား"

"ရှင်၊ ဟုတ်ကဲ့"

ထား ယောင်ရမ်းကာ ခေါင်းညိတ်၏။ အခန်းထဲရှိ စားပွဲ တွင် တင်ထားသော ပန်းခြင်းကို ထား မျက်စိထဲ မြင်ယောင်မိ သည်။

"ဒါဆို ကျွန်တော်ပို့ပေးတဲ့ ပန်းခြင်းကို သဘောကျတယ် ပေါ့ ဟုတ်လား"

"ကျွန်မက ဦးဝဏ္ဏမင်းရှိန် ပို့လိုက်မှန်း မသိဘူး၊ ခုလိုပို့ ပေးတာ ကျေးဇူးပါပဲရှင်"

ကာယကံရှင်ကို တွေ့နေမှတော့ ထား ကျေးဇူးတင်စကား ပြောလိုက်ရ၏။

သူပြုံး၍ ထားကိုကြည့်သည်။

"အဲဒီနေ့က ကျွန်တော်တို့ တစ်နေ့တည်း နှစ်ကြိမ်တိုင် တိုင် ပြန်ဆုံကြတယ်နော် ထား"

"ဪ…အင်း"





စိုင်းနောက်ကို လိုက်ရင်း သူနှင့်ဝင်တိုက်မိခဲ့တာ အမှတ် ရမိသလို ဟိုတယ်တစ်ခါပြန်ဆုံတော့ တိုက်ဆိုင်လွန်းတဲ့ အဖြစ်ကို ထား ကြိတ်ကာ အံ့ဩမိခဲ့ရ၏။

"သုံးကြိမ်မြောက် လမ်းမှာ ပြန်ဆုံချိန်ကြတော့ ထားနဲ့ ကျွန်တော်တို့ရဲ့ ရေစက်ဟာ သာမန်တိုက်ဆိုင်မှု မဟုတ်ဘူးလို့ စဉ်းစားမိခဲ့တယ်"

လှပသော ထားမျက်နှာကိုကြည့်၍ သူအပြုံးဖြင့် ပြောလာ သည်။ ကိုကြီးစိုးက မြကြာယံတစ်ခြလုံးကို လိုက်ကြည့်နေ၏။

"အဟင်း…ဟုတ်တယ်နော်၊ ကျွန်မတို့ရဲ့ တိုက်ဆိုင်စွာ ဆုံတွေ့မှုက အံ့ဩစရာပဲ ဦးဝဏ္ဏမင်းရှိန်"

"ထားလည်း ကျွန်တော့်လိုထင်တယ်ပေါ့၊ ဟုတ်လား"

သူ့အမေးကြောင့် ထား မျက်တောင်ကော့များ တစ်ချက် ခတ်မိသည်။

"ကျွန်မတို့မှာ မိတ်ဆွေဖြစ်ဖို့ အခွင့်အလမ်းပါလာတာ ထင်တယ် အဟင်း"

"သေချာတာပေါ့ ထား၊ မှန်တာပြောရရင် ကျွန်တော့် ဘဝမှာ မိန်းမတစ်ယောက်ကို မြင်မြင်ချင်း ခင်မင်ဖို့ဆိုတာ လွယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တိစွမှ ဟုတ်ဘူး၊ ဒါကြောင့် မိန်းမမိတ်ဆွေရယ်လို့ ကျွန်တော့်မှာ သိပ်မရှိခဲ့ဘူး၊ အခုတော့ ထားနဲ့ကြတော့မှ ကျွန်တော့်စိတ်ထဲ ရင်းနှီးမှုတွေ ပေါ်လာတာပဲ''

ထားမှာတော့ စိုင်းကို ဂရုစိုက်နေရတာကြောင့် ဦးဝဏ္ဏမင်းရှိန်ကို မမျှော်လင့်ဘဲ တွေ့ဆုံခဲ့တာကလွဲ၍ စိတ်ထဲ ဘာမှရှိမနေပါ။

''ဦးဝဏ္ဏမင်းရှိန်က ဒီကိုလာတဲ့ ဧည့်သည်ဆိုတော့ လိုအပ်တဲ့အကူအညီရှိရင် ပြောပါ၊ ထား တတ်နိုင်တာဆို ကူညီပါ့မယ်ရှင်''

ဒေသခံ အိမ်ရှင်တစ်ယောက်အနေဖြင့် ထားက သူ့ကို ဧည့်ဝတ်စကားဆိုလိုက်သည်။

''ကျေးဇူးတင်ပါတယ်ထား၊ ကျွန်တော် အကူအညီလိုတဲ့အခါ ပြောပါ့မယ်၊ အဲဒီအချိန် ထား ကူညီနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်''

''ကျွန်မပြောပြီးသားစကားကို တည်အောင် ကြိုးစားတတ်ပါတယ် ဦးဝဏ္ဏမင်းရှိန်''

''ကျွန်တော်ယုံပါတယ် ထား၊ ဒီနေ့ ထားလက်ရာတွေ





စားလိုက်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ကဲ အချိန်နောက်မကျခင် ကျွန်တော်ပြန်တော့မှပဲ၊ နှုတ်ဆက်ပါတယ် ထား''

မျက်နှာချင်းဆိုင်ရပ်ရင်း သူနှုတ်ဆက်၏။ ထား ခေါင်းလေးညိတ်ကာ

''ဟုတ်ကဲ့''

ကိုစိုးကြီးက သူတို့နား ရောက်လာသည်။

''ပြန်တော့မလား သူဌေး'' ၁း

''အင်း ပြန်ကြတာပေါ့''

''ဒါဆို ကျွန်တော် ကားထဲကစောင့်နေပါ့မယ် သူဌေး၊ မလေးထား ခွင့်ပြုပါဦး''

''ရှင်၊ ဟုတ်ကဲ့''

အလိုက်သိစွာပင် ကိုစိုးကြီးက လှည့်ထွက်သွား၏။ သူတို့နှစ်ယောက် ကျန်ခဲ့သည်။

''ထားဆီကို ကျွန်တော်ဖုန်းဆက်လို့ ရမလားဟင်''

''ရှင်''

''အခုတွန်း ကျွန်တော့်ကို ထား အကူအညီပေးမယ် ပြောထားတယ်မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



သူမစကားအပေါ် ချည့်နှောင်လိုက်သည်။ ပြောထားခဲ့တာမို့ ထားက သူမ၏ ဟန်းဖုန်းနံပါတ်လေး ပေးလိုက်ရ၏။

''ကျေးဇူးတင်ပါတယ်ထား''

သူ့ဟန်းဖုန်းထဲမှာ ထား၏ ဖုန်းနံပါတ်ကို ထည့်ရင်း ပြောသည်။

''မြကြာယံကို နောက်တစ်ကြိမ် မဖိတ်ခေါ်နိုင်တာ ခွင့်လွှတ်ပါ ဦးဝဏ္ဏမင်းရှိန်၊ ကျွန်မက မြကြာယံရဲ့ အရှင်သခင် မဟုတ်လို့ပါ''

သူနှင့်အတူ ကားနားအထိ ထား လျှောက်ခဲ့သည်။

''ကျွန်တော် နားလည်ပါတယ် ထား၊ ဒီ့အတွက် ထား စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့''

''ခုလိုနားလည်ပေးတာ ကျေးဇူးတင်ပါတယ်''

ကိုစိုးကြီးက သူ့အတွက် ကားတံခါးဖွင့်ပေးထား၏။

''နောက်တစ်ခါ ကျွန်တော်တို့ ထပ်ဆုံနိုင်မယ်လို့ ထင်ပါတယ်၊ ခုတော့ ခွင့်ပြုပါဦး ထား''

''ကောင်းပါပြီ ဦးဝဏ္ဏမင်းရှိန်''

သူ ကားထဲဝင်ထိုင်လိုက်သည်။ ထားက အပြုံးလေးဖြင့်





နှုတ်ဆက်ကျန်ခဲ့၏။ ထား၏ ပုံရိပ်လေးကို နောက်ကြည့်မှန်မှ တစ်ဆင့် မြင်ကွင်းထဲမှ ကွယ်ပျောက်သွားတဲ့အထိ ငေးကြည့်မိသည်။

ထားရယ်...

မင်းကို ခုလိုထားခဲ့ရတာ ကိုယ့်ရင်ထဲမှာ ဟာနေသလိုပါပဲလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်ဘူး၊ မြကြာယံကိစ္စကိုတော့ ခပ်မြန်မြန်လေးလုပ်မှ ပဲ မောင်ရင်၊ အခု မြကြာယံရဲ့ခြံတွေကို ဦးစီးမယ့် စိုင်းနောင်ဆိုတဲ့ လူ ပြန်ရောက်နေပြီ"

ညဘက်တွင် သူ့ထံသို့ ရောက်ချလာသော ဦးဇော်မှန်းက မြကြာယံနှင့်ပတ်သက်ပြီး တိုက်တွန်းနေသည်။

"စိုင်းနောင် ဟုတ်လားအန်ကယ်၊ စိုင်းနောင်ဆိုတာ ဘယ်သူလဲ"

မြကြာယံနှင့် ပတ်သက်ပြီး ဒီနာမည်မျိုး မကြားဖူးတာ ကြောင့် သူ မျက်မှောင်တွန့်ကာ မေးလိုက်၏။

ကိုစိုးကြီးက သူတို့အတွက် ကော်ဖီယူလာသည်။

"စိုင်းနောင်ဆိုတာက ဦးခွန်လုံရှိတုန်းက ခြံတွေရဲ့ဦးစီး မှူးတစ်ယောက်ပဲ မောင်ဝဏ္ဏမင်းရှိန်၊ လွန်ခဲ့တဲ့နှစ်က ဒီလူ ပြဿနာ





ဖြစ်ပြီး မြကြာယံက ထွက်သွားခဲ့တာ"

"ဘယ်လိုပြဿနာမျိုးလဲ အန်ကယ်"

သူ့အနေဖြင့် မြကြာယံနဲ့ ပတ်သက်ပြီး စေ့စပ်စွာသိထား ရန် လိုတယ်ဟု ယူဆတာကြောင့် သေချာမေးခြင်းပါ။

"တရားမဝင်ပစ္စည်းကို ခြံထွက်ကုန်တွဲတင်တဲ့ကားမှာ တွေ့လို့ပဲ မောင်ရင်၊ အဲဒီမှာ ကိုခွန်လုံနဲ့ သူ ပြဿနာဖြစ်ပြီး ထွက်သွားတာပဲ"

"ဒါဆို အခု အဲဒီကိစ္စက ပြီးပြီလား အန်ကယ်"

ဦးဇော်မှန်း ခေါင်းညိတ်သည်။

စိုင်းနောင် ပြန်ရောက်လာတဲ့အတွက် ဦးဇော်မှန်း မျက်နှာ က စိတ်ရှုပ်နေဟန်။

"ဒီကိစ္စက စိုင်းနောင်နဲ့ ပတ်သက်တာမဟုတ်ဘူးလို့ ကိုခွန် လုံသိသွားခဲ့တယ်လေ၊ ဒါကြောင့် သူမရှိရင် မနှန်းကို စိုင်းနောင် ပြန်ခေါ်ဖို့ မှာခဲ့တာဖြစ်မယ် မောင်ရင်"

သူကတော့ နာမည်သာကြားဖူးသည် စိုင်းနောင်ဆိုသည့် လူအကြောင်း စဉ်းစားမိ၏။

"သူပြန်ရောက်တာနဲ့ မြကြာယံက ဘာတွေများ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်လို့လဲ အန်ကယ်''

''မောင်ရင်က ဒီလူ့အကြောင်းမသိလို့ပါ၊ သူက တွမ်းကျင်တဲ့ ခြံဦးစီးမှူးတစ်ယောက်ပဲ၊ ဒါကြောင့် သူပြန်ရောက်တာနဲ့ မြကြာယံခြံတွေအားလုံး ပြန်လည်တိုးတက်လာနိုင်တယ်၊ ဒီလိုဖြစ်ရင် မြကြာယံဟာ စီးပွားရေးခိုင်မာလာပြီး ကျုပ်တို့လိုချင်သလို လွယ်လွယ်နဲ့ ဘယ်ရောင်းတော့မလဲ မောင်ဝဏ္ဏမင်းရှိန်''

သည်လိုဆိုတော့ သူသဘောပေါက်သွား၏။ စိုင်းနောင် ရောက်လာခြင်းဟာ သူတို့ရဲ့လုပ်ငန်းကို အနှောင့်အယှက် ဖြစ်လာနိုင်တာပါလား။

''ကျွန်တော် သဘောပေါက်ပါပြီ အန်ကယ်၊ ဒါဆို အခု ကျွန်တော်ယှဉ်ပြိုင်ရမှာက စိုင်းနောင်ကိုပဲ''

''အသေအချာပေါ့ မောင်ရင်၊ သူ ခြံလုပ်ငန်းတွေ အောက်မချမိခင် ကျုပ်တို့က လက်ဦးဖို့လိုတယ်''

မှန်တာပြောရလျှင် ကုန်းမြင့်ပေါ်တွင်ရှိ မြကြာယံခြံကြီးကို သူကိုယ်တိုင်သဘောကျတာမို့ လက်လွှတ်မခံနိုင်ပါ။

''ကောင်းပြီလေ၊ ကျွန်တော် အဲဒီလူနဲ့ သွားတွေ့မယ် အန်ကယ်''





''မောင်ရင် အစီအစဉ်က ဘယ်လိုလဲ''

ဦးဇော်မွန်းအမေးကို သူ နှုတ်ခမ်းတွန့်ပြုံးသည်။

''ဒီလူက ခြံဦးစီးမှူးတစ်ယောက်ပဲ၊ အောင်မြင်မှုမရှိနိုင်တဲ့ ခြံတွေကို လုပ်ကိုင်နေမယ့်အစား သူစိတ်ကြိုက်ပေးပြီး ကျွန်တော်တို့က ဒီခြံတွေကိုဝယ်လိုက်ရင်''

''ကျုပ်သဘောပေါက်ပြီ မောင်ရင်၊ ဒီအစီအစဉ်သာ အောင်မြင်ရင် ကျုပ်တို့လိုချင်တာ ရပြီပဲ၊ ဟား ဟား ဒါကြောင့် မောင်ရင်က စီးပွားရေးလောကမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်တဲ့ လူတစ်ယောက် ဖြစ်နေတာကိုး''

ဦးဇော်မွန်း သဘောကျစွာရယ်ရင်း ပြော၏။ စိတ်ထဲမှာလည်း

''ငါ ဒီလူကို ခေါ်တာမှန်ပြီ''

ဟု တွေးလျက် ကြိတ်ကာ ပီတိဖြစ်နေသည်။

''ကျွန်တော့်သူဌေးက စီးပွားရေးအလုပ်မှာ မပိုင်ရင် ဘာမှ မလုပ်ဘူး အန်ကယ်ရဲ့''

ကိုစိုးကြီးက ဆရာ့အကြောင်း ဂုဏ်ယူစွာပြောသည်။ ဦးဇော်မွန်းက ခေါင်းတညိတ်ညိတ်ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဒီနေ့ မြကြာယံကို မောင်ရင်ရောက်တော့ ဘယ်လိုမြင်လဲ"

သူကိုကြည့်ပြီး ဦးဇော်မွန်း မေး၏။ သူပြုံးလိုက်သည်။

"အတော်ကို သာယာပြီး လှပခန့်ညားတဲ့ နေရာတစ်ခုပါ၊ ဘာမှမပြင်ဆင်ဘဲ ဒီအတိုင်းမြင်ရတာတောင် မြကြာယံက သစ်ဝင်ပန်းပင်တွေ စုံစုံလင်လင်နဲ့ တကယ့်ဥယျာဉ်ကြီးတစ်ခုထဲ ရောက်သွားသလိုပဲ အန်ကယ်"

"ဟား ဟား မောင်ရင်ကြည့်ရတာ မြကြာယံကို အတော်သဘောကျခဲ့ပုံပဲ၊ ဘာပဲဖြစ်ဖြစ် အချိန်တိုတိုအတွင်းမှာ မောင်ရင် မြကြာယံထဲကို ရောက်သွားတာ ကောင်းပါတယ်လေ၊ ကျုပ် ဘာကြောင့် မြကြာယံကို သဘောကျတယ်ဆိုတာ မောင်ရင် လက်တွေ့သိသွားတာပေါ့၊ ကဲ မိုးချုပ်ပြီ၊ မောင်ရင်လည်း အနားယူလိုက်ဦး ကျုပ်ပြန်မယ်"

"ဟုတ်ကဲ့"

ကိုစိုးကြီးကို သူ မျက်ရိပ်ပြလိုက်သည်။ အကင်းပါးသော ကိုစိုးကြီးက ဦးဇော်မွန်းကို ကားနားထိ လိုက်ပို့ပေး၏။

သူ မြကြာယံအကြောင်း စဉ်းစားရင်း ကျန်ခဲ့သည်။





တကယ်တော့ မြကြာယံအကြောင်း စဉ်းစားတာထက် မြကြာယံမှာရှိတဲ့ ထားအကြောင်း စဉ်းစားတာဆိုလျှင် မှားမည်မထင်ပေ။

"သူဌေး"

ကိုစိုးကြီး ပြန်ရောက်လာမှ သူအတွေးက နိုးထလာ၏။

"ဦးဇော်မွန်း ပြန်သွားပြီလား"

"ဟုတ်ကဲ့"

"ဒီမှာ ကိုစိုးကြီး၊ ကျုပ် စိုင်းနောင်ဆိုတဲ့လူအကြောင်း အသေးစိတ်သိချင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော် အမြန်ဆုံး စုံစမ်းလိုက်ပါ့မယ် သူဌေး"

သည်လိုနေရာမျိုးတွင် စိုးကြီး ကျွမ်းကျင်တာမို့ သူ့အတွက် အားကိုးစရာတစ်ခု ဖြစ်၏။

"မနက်ဖြန် ဘာအစီအစဉ်ရှိလဲ ကိုစိုးကြီး"

"ကျွန်တော်တို့ မနက်ဖြန် မြို့ထဲက ဦးစပ်မြတ်ဆီ သွားရပါ့မယ်"

"ကောင်းပြီလေ၊ မနက်ဖြန်အတွက် အသင့်ပြင်ထားပါ၊ ကဲ ကျွန်တော်နားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူအခန်းထဲဝင်ခဲ့၏။ အိတ်ဆောင်ကွန်ပျူတာကို ထုတ်ပြီး လုပ်ငန်းကိစ္စများ ဆောင်ရွက်သည်။ ရန်ကုန်မှာရှိတဲ့ ကုမ္ပဏီအတွက် လမ်းညွှန်မှုတွေ ဖုန်းဆက်ပြောရသည်။

ညဥ့် ဆယ်နှစ်နာရီထိုးသံကြားမှ သူအိပ်ဖို့ သတိရ၏။

သူ့မျက်နှာသစ် သွားတိုက်ပြီး အိပ်ရာဝင်ခဲ့သည်။ ချက်ချင်း အိပ်မပျော်။ ဒန်းလော့မွေ့ယာကြီးပေါ်တွင် တစ်ယောက်တည်း အထီးကျန်သလို ဖြစ်မိသည်။

ကြည့်စမ်း ဒီရောက်မှ သူ့စိတ်တွေ ဘာဖြစ်ရတာလဲ။

ထားမျက်နှာလေးကို ဖျတ်ခနဲ မြင်ယောင်မိ၏။ ရိုးသားဖြူစင်သည့် မျက်နှာပိုင်ရှင်မလေး။ လူလေးက လှပသလို အိမ်ရှင်မကောင်းပီသတဲ့ မိန်းကလေးပါလား။

"ဦးဝဏ္ဏမင်းရှိန် လိုအပ်တဲ့အကူအညီရှိရင် ပြောပါ၊ ထား တတ်နိုင်သလောက် ကူညီပါ့မယ်၊ ဦးဝဏ္ဏမင်းရှိန်က ဒီဒေသရဲ့ဧည့်သည်မဟုတ်လား"

ယဉ်ကျေးသိမ်မွေ့သူလေးတစ်ယောက် ဖြစ်သလို လူမှုရေးလည်း သိတတ်လှ၏။





"ကျေးဇူးတင်ပါတယ် ထား၊ ကျွန်တော် လိုအပ်ရင် ပြောပါ့မယ်"

ယခုပင် တွေးလိုက်တာနှင့် ထားက သူ့နားမှာ စကားလာပြောနေသယောင် ခံစားရ၏။

ထားကို သတိရစိတ်တွေ ပြင်းလာတာကြောင့် သူ ဖုန်းခေါ်ဖို့လုပ်မိသည်။

ဟာ···မဟုတ်သေးပါဘူး။ အချိန်က ညဥ့်နက်နေပြီပဲ။ ဒီအချိန် ထား အိပ်လောက်ရောပေါ့။

နေ့လယ်က ငါ့ကိုကျွေးဖို့ သူတစ်နေကုန်ချက်ပြုတ်နေရတာ။

ပင်ပန်းနေမှာပဲ။

ရုတ်တရက် ထားအပေါ် ကရုဏာစိတ်တွေ ယိုဖိတ်လာရ၏။ ထား၏ ဂရုစိုက်မှုအတွက်လည်း သူ့ကြိတ်ကာ ကြည်နူးကျေနပ်ရတာမဟုတ်လား။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

“စိုင်းနောင်ဟာ ခြံလုပ်ငန်းကျွမ်းကျင်တဲ့ လူတစ်ယောက်ပါ သူဌေး၊ ပညာတတ်၊ ဘွဲ့ရတစ်ယောက်ဖြစ်ပြီး မိဘနှစ်ပါးလုံးကတော့ မရှိတော့ပါဘူး၊ မြကြာယံက စိုင်းနောင်ကို ခြံလုပ်ငန်းတွေရဲ့ ဦးစီးဦးဆောင်အဖြစ် အားကိုးနေကြရတာပါ”

ကိုစိုးကြီးက စိုင်းနောင်၏ သတင်းအပြည့်အစုံကို အကျဉ်းချုပ်တင်ပြလာသည်။ သူ သေချာနားထောင်ပြီး တစ်စုံတစ်ရာကို စဉ်းစားလိုက်၏။

“ဒါဆို ကျွန်တော် သူနဲ့တွေ့ချင်တယ် ကိုစိုးကြီး၊ ခြံလုပ်ငန်းတွေအားလုံး သူ့လက်ထဲမှာရှိနေတော့ ဒီကိစ္စ သူနဲ့ဆွေးနွေးကြည့်ရမယ်”

“ကျွန်တော် လိုက်ပို့နိုင်ပါတယ် သူဌေး”

“ကောင်းပြီလေ၊ ဒါဆို အခုသွားကြတာပေါ့”





ကိစ္စတစ်ခုကို ကြာရှည်မထားတတ်သော ဝဏ္ဏမင်းရှိန်က ကိုစိုးကြီးနှင့်အတူ စိုင်းနောင်ထံသို့ ထွက်ခဲ့၏။

မြကြာယံနှင့် ဆက်စပ်နေသော စိုင်းနောင်ကို အလုပ်သဘောနဲ့ကော လူချင်းတွေ့ဖူးအောင်ဟူ၍လည်း ဝဏ္ဏမင်းရှိန် သွားတွေ့ခြင်းဖြစ်သည်။

“ရောက်ပါပြီ သူဌေး၊ ဒါ မြကြာယံရဲ့ ခြံတွေပါပဲ”

နှစ်နာရီကြာမျှ ကားမောင်းရသော ခရီးအဆုံးမှာ လမ်းတစ်လျှောက် ခြံကျယ်ကြီးများကို စိမ်းစိုသာယာလှပစွာ တွေ့ရသည်။

တောင်တန်းပြာပြာကြီးများ ကာဆီးထားလျက် စိမ်းညို့သောအသွင်ကြောင့် ပတ်ဝန်းကျင်က အေးချမ်းနေ၏။

ကိုစိုးကြီးက သူ့အတွက် တံခါးဖွင့်ပေးသည်။ ကားပေါ်မှဆင်းရင်း သူ ခြံထဲလျှောက်ခဲ့၏။

“ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ ခင်ဗျာ”

ခြံလုပ်သားတစ်ယောက်က မေးသည်။ ကိုစိုးကြီးက

“မင်းတို့ ခြံဦးစီးမှူးရှိလား၊ ဒါ ငါ့သူဌေးပဲ၊ မင်းတို့ ခြံဦးစီးမှူးနဲ့ တွေ့ချင်လို့ကွ”



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုသွန်ပြလျက် ပြောသည်။ ခြံအလုပ်သမားလေးက သွင်ပြင်ခန့်ညားထည်ဝါစွာ ရှိနေသော သူ့ကို တစ်ချက်လှမ်းကြည့်ပြီး

"ဟုတ်ကဲ့၊ ကျွန်တော် ခြံဦးစီးမှူးကို သွားပြောလိုက်ပါ့မယ်ခင်ဗျာ"

"အေး…တို့ ဒီကစောင့်နေမယ်"

ကိုစိုးကြီးစကားဆုံးတာနှင့် ကောင်လေး ထွက်သွား၏။

"အရင်က ခြံလုပ်ငန်းကို ကျွမ်းကျင်တဲ့လူ မဦးစီးလို့ ထင်တယ် အပျက်အစီးများနေပါလား ကိုစိုးကြီး"

မျက်စိထဲ မြင်တွေ့ရသလောက် သူကြည့်ရင်း ဝေဖန်သည်။

"ဟုတ်ပါတယ် သူဌေး၊ ဦးခွန်လုံနဲ့ ပြဿနာဖြစ်ပြီးနောက် စိုင်းနောင် ဒီခြံကထွက်သွားတာ တစ်နှစ်ကြာပါတယ်၊ အဲဒီအချိန်တွေမှာ ခြံလုပ်ငန်းတွေ အတော်ချို့ယွင်းပျက်စီးခဲ့လို့ စိုင်းနောင်ကို မကြာခင်က ပြန်ခေါ်တာပါ"

"အင်း…အတော်အချိန်ယူရမယ့်ကိစ္စပဲ ကိုစိုးကြီး၊ ဒီလိုအချိန် သူနဲ့ကျွန်တော်တို့ ဆွေးနွေးရင် အကျိုးရှိနိုင်တယ်ဗျ"





ပျက်စီးနေသော ခြံတွေကို ပြင်ဆင်စိုက်ပျိုးမည့်အစား ဈေးကောင်းကောင်းနှင့် ရောင်းကာ ထွက်သွားခြင်းက စိုင်းနောင်အတွက် အကျိုးရှိမည်ဟု ဝဏ္ဏမင်းရှိန် ထင်၏။

ထိုစဉ် စောစောက ခြံလုပ်သားလေးနှင့်အတူ အသက်အစိတ်ဝန်းကျင်ရှိ ကျစ်လစ်တွားကြိုင်းသော ကိုယ်ခန္ဓာနှင့် ရှမ်းဘောင်းဘီဝတ် အမျိုးသားတစ်ယောက် ပါလာသည်။

"ခြံဦးစီးမှူးကို တွေ့ချင်တယ်ဆိုတာ သူတို့ပါပဲ အစ်ကို"

အလုပ်သမားလေးက ဝဏ္ဏမင်းရှိန်တို့ကို ရည်ညွှန်းကာ စိုင်းနောင်အား ပြောပြသည်။

ကြည်လင်သော စိုင်းနောင်၏ မျက်လုံးတို့က ဝဏ္ဏမင်းရှိန်ထံ ရောက်သွား၏။

"ကျွန်တော် ဒီခြံတွေရဲ့ ဦးစီးမှူး စိုင်းနောင်ပါ၊ ခင်ဗျားတို့က"

"တွေ့ရတာဝမ်းသာပါတယ် ကိုစိုင်းနောင်၊ ကျွန်တော်က ဝဏ္ဏမင်းရှိန်ပါ၊ ဒါက ကျွန်တော့်မန်နေဂျာ ကိုစိုးကြီးပါ"

"ဟုတ်ကဲ့"

ကားအကောင်းစားကြီး စီးလာလျက် လူပုံစံကလည်း



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် အထက်တန်းကျသော ဝတ်စားဆင်ယင်မှုဟန်ကြောင့် နဂိုရှိသည့် ဥပဓိရုပ်နှင့် လိုက်ဖက်ကာ ကြည့်လိုက်တာနဲ့ လူကြီးလူကောင်းတစ်ယောက်ဟန်က အပြည့်ပါ။

သို့သော် ဝဏ္ဏမင်းရှိန်၏ မျက်လုံးများက လိုအပ်တာထက်ပို၍ တောက်ပလွန်းသည်ဟု စိုင်းနောင်ထင်၏။

"သေချာတာကတော့ ကျွန်တော်တို့နှစ်ယောက် ဒါ ပထမဆုံးအကြိမ် တွေ့ဖူးတာဖြစ်မယ် ဦးဝဏ္ဏမင်းရှိန်"

ခြံလုပ်သားလေး လာပြောတော့

"အစ်ကိုနဲ့တွေ့ဖို့ ဧည့်သည်ရောက်နေတယ်"

ဟု ဆိုတာကြောင့် အသိထဲက တစ်ယောက်ယောက်များလားဟု စိုင်းနောင် တွေး၏။ သို့သော် တကယ်တမ်းတွေ့ရတော့ စိုင်းနောင် တစ်ခါမှ မမြင်ဘူးသည့် ဦးဝဏ္ဏမင်းရှိန်တို့ဖြစ်နေသည်။

ထို့ကြောင့် အထက်ပါစကားကို စိုင်းနောင် ပြောလိုက်ခြင်းပါ။ ဝဏ္ဏမင်းရှိန် ပြုံးသည်။

"အဟွန်း…ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ ကိုစိုင်းနောင်တို့ ဒါ ပထမဆုံးအကြိမ် တွေ့ဖူးကြတာပါ၊ ကျွန်တော့်ဘက်က ကိုစိုင်းနောင်နဲ့ ဆွေးနွေးစရာကိစ္စလေး ရှိလို့ လာတွေ့တာပါ"





"ဒါဆို တဲထဲကိုကြွပါလို့ပဲ ဖိတ်ခေါ်ပါရစေ ဦးဝဏ္ဏမင်းရှိန်"

"ကောင်းပါပြီဗျာ"

ခြံထဲမှာတော့ အလုပ်သမားများ နားနေနိုင်ရန်အတွက် မြေစိုက်တဲကြီးတစ်ခု ဆောက်ထား၏။

"ဒီမှာတော့ ဆိုဖာတို့ ဆက်တီခုံတို့ မရှိလို့ ကွပ်ပျစ်ပေါ်ပဲ ထိုင်ရလိမ့်မယ် ဦးဝဏ္ဏမင်းရှိန်"

"ရပါတယ် ကိုစိုင်းနောင်၊ ကျွန်တော်လာတွေ့တာ ဟိုတယ်ကိုမှမဟုတ်ဘဲ၊ ခြံထဲရောက်မှတော့ ခြံသားလို ကျင့်နိုင်ရမှာပေါ့ဗျာ"

ဝဏ္ဏမင်းရှိန်က အပြုံးမပျက် ပြန်ပြော၏။ အမှန်တော့ ဝဏ္ဏမင်းရှိန်၏ သားနားစွာဝတ်ဆင်လာမှုအပေါ် စိုင်းနောင် အားနာမိခြင်းပါ။

"ဧည့်သည်တွေအတွက် အခါးရည်ယူခဲ့ပါ"

စိုင်းနောင်က အလုပ်သမားလေးကို ခိုင်းလိုက်၏။ ထို့နောက် သုံးယောက်သား ကွပ်ပျစ်ပေါ်ထိုင်သည်။

ဝဏ္ဏမင်းရှိန်နှင့် စိုင်းနောင်က မျက်နှာချင်းဆိုင်။ ကိုစိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



က အလိုက်သိစွာ ခပ်ခွာခွာမှာထိုင်၏။

ခဏနေတော့ ခြံလုပ်သားလေး ပြန်ရောက်လာသည်။ ရေနွေးကြမ်းနှင့် ဆတ်သားခြောက်ဖုတ် ယူလာ၏။

“သုံးဆောင်ပါဦး”

စိုင်းနောင်က ညွှန်ခံသည်။ အနီးကပ်မြင်ရသော စိုင်းနောင်သည် ယောကျ်ားပီသခန့်ညားသည့် လူတစ်ယောက်ဟု ဝဏ္ဏမင်းရှိန် သိလိုက်၏။

“ခုလိုညွှန်ခံတာ ကျေးဇူးတင်ပါတယ် ကိုစိုင်းနောင်၊ ကျွန်တော် ကိုစိုင်းနောင်နဲ့ လာတွေ့ရတဲ့ကိစ္စကို လိုရင်းပဲပြောချင်ပါတယ်”

“ဟုတ်ကဲ့၊ ပြောပါ ဦးဝဏ္ဏမင်းရှိန်”

မြို့ကြီးသားတစ်ယောက်၏ ပုံစံအပြည့်နှင့် ချောမောခန့်ညားသော ဝဏ္ဏမင်းရှိန်သည် သာမန်လူတစ်ယောက်တော့ မဖြစ်နိုင်ဟု စိုင်းနောင် တွေးမိ၏။

“ရှင်းရှင်းပြောရရင် ကျွန်တော်က ကုမ္ပဏီပိုင်ရှင်တစ်ယောက်ပါ ကိုစိုင်းနောင်၊ ဒါကြောင့် ကျွန်တော့်ရဲ့ ကုမ္ပဏီလုပ်ငန်း တိုးချဲ့တဲ့အနေနဲ့ အပန်းဖြေစခန်းတစ်ခု တည်ဆောက်ချင်





တယ်၊ ဒါကြောင့် ဒီမြို့ကို ကျွန်တော်လာပြီး လေ့လာတော့ အခု ကိုစိုင်းနောင်လုပ်နေတဲ့ ခြံမြေနေရာတွေကို ကျွန်တော်သဘောကျမိတယ်ဗျာ”

အေးဆေးတည်ငြိမ်စွာဖြင့် ဝဏ္ဏမင်းရှိန် ပြောလာသော စကားတို့ကို စိုင်းနောင် သေချာနားထောင်၏။

စိုင်းနောင်၏ စိတ်ဝင်စားမှုကြောင့် ဝဏ္ဏမင်းရှိန် အားတက်စွာ ဆက်ပြောသည်။

“ဒီခြံတွေရဲ့ အနေအထားအားလုံးကို ကျွန်တော် လေ့လာစုံစမ်းတဲ့အခါမှာ အခြေအနေ သိပ်မကောင်းကြောင်း သိရတယ် ကိုစိုင်းနောင်၊ ဒါကြောင့် ကျွန်တော်က ဒီခြံမြေတွေကို ပေါက်ဈေးထက် ပိုပေးပြီး ဝယ်ချင်ပါတယ် ကိုစိုင်းနောင်”

ဝဏ္ဏမင်းရှိန်၏ စကားအဆုံး စိုင်းနောင် မျက်နှာမပျက်အောင် ထိန်းလိုက်သည်။

“ဒါဆို ဦးဝဏ္ဏမင်းရှိန် လူရွေးမှားနေပြီဗျ၊ ဒီခြံတွေအားလုံး တိုပိုင်တာ မြကြာယံကပါ၊ ကျွန်တော်မဟုတ်ပါဘူး၊ ဒါကြောင့် အခု ဦးဝဏ္ဏမင်းရှိန်ပြောတဲ့ စကားကို မြကြာယံမှာ သွားပြောနိုင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ဝဏ္ဏမင်းရှိန်က ပြုံး၍ ခေါင်းခါယမ်း၏။

"ကျွန်တော် လူရွေးမမှားပါဘူး ကိုစိုင်းနောင်၊ ဒီခြံတွေကို မြကြာယံပိုင်တာ မှန်ပေမယ့် ဒီခြံတွေရဲ့ ဦးစီးမှူးက ကိုစိုင်းနောင်လေ၊ ဒီတော့ ကိုစိုင်းနောင်သာ တစ်စုံတစ်ခုဆုံးဖြတ်ရင် မြကြာယံက လက်ခံမှာပါ"

ဝဏ္ဏမင်းရှိန် ဘာကိုဆိုလိုတယ်ဆိုတာ စိုင်းနောင် သဘောပေါက်လိုက်၏။

"ဟုတ်ပြီလေ၊ ဦးဝဏ္ဏမင်းရှိန် ပြောတဲ့စကားတွေကို ကျွန်တော် မြကြာယံမှာ သွားပြီးပြောပြမယ်၊ ဆုံးဖြတ်တာကတော့ သူတို့အပိုင်းပေါ့"

"ကောင်းပါပြီ၊ ကိုစိုင်းနောင်ဆီက အဖြေစကားကို ကျွန်တော်စောင့်ပါ့မယ်၊ တစ်ခုတော့ ကြိုတင်အသိပေးချင်တယ်ဗျာ၊ ကျွန်တော့်ကို ကိုစိုင်းနောင်သာ ကူညီရင် ကျွန်တော့်ဘက်က ကိုစိုင်းနောင်ကျေးဇူးကို မေ့မှာမဟုတ်ပါဘူး"

ထိုစကားကြောင့် ဝဏ္ဏမင်းရှိန်ကို စိုင်းနောင် ရှုံ့ခဲ့ကြည့်သည်။

ထို့နောက် ခြံလုပ်သားလေးအား ခေါ်၍





"ဧည့်သည်တွေကို ပြန်ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့"

"ကဲ အလုပ်ရှိလို့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

စိုင်းနောင်က စတင်နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ တကယ်တော့ စိုင်းနောင်၏ရင်ထဲက ဒေါသများကို မျိုသိပ်လိုက်ခြင်းပါ။

ဦးဝဏ္ဏမင်းရှိန်...

မမျှော်လင့်ဘဲ ရောက်လာပြီး မြကြာယံကခြံတွေကို လာဝယ်တဲ့လူတစ်ယောက်။

မက်လုံးပေးပြီး စည်းရုံးဖို့ ရောက်လာတဲ့ထိုလူအား စိုင်းနောင် ဆက်စကားမပြောချင်တာကြောင့် ထွက်လာခြင်းဖြစ်သည်။

သည်မြေ ဒီခြံတွေဟာ မြကြာယံရဲ့ အသက်ဖြစ်သလို စိုင်းနောင်ရဲ့ဘဝလည်း ဖြစ်၏။

ဒါကို ဦးဝဏ္ဏမင်းရှိန် မသိပါ။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

—

တောင်ကြီးမြို့၏ ထင်ရှား၍ သာယာလှပသော နေရာများဆို ထားနှင့်အတူ ဝဏ္ဏမင်းရှိန် ရောက်ရှိခဲ့သည်။

"ရှုခင်းတွေက သိပ်လှတာပဲ၊ ဒီနေ့မှ ရာသီဥတုကလည်း သာယာ၊ ထားကလည်း စေတနာတွေနဲ့ ကျွန်တော့်ရဲ့ ဂိုက်လုပ်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

သည်နေ့မှာ ထားကိုခေါ်၍ မြို့အနှံ့လည်ခြင်းဖြစ်၏။ ထားကလည်း အားတယ်ဆို၍ သူ့အတွက် အဆင်ပြေသွားသည်။

"ကျေးဇူးတင်စရာ မလိုပါဘူးရှင်၊ ကျွန်မလည်း ဒီတစ်နေ့ အမေနန်းက အားလပ်ရက်ပေးလို့ပါ၊ ဦးဝဏ္ဏမင်းရှိန်က ညှိသည် ဆိုတော့ လိုက်ပို့ရမှာပေါ့"

ကိုစိုးကြီးက ကိစ္စရှိ၍ နေခဲ့တာကြောင့် သူနှင့်ထား နှစ်ယောက်တည်းဖြစ်၏။





"ထားလို ဝတ္တရားကျေတဲ့ အိမ်ရှင်မျိုးတွေ့ရတာ ကျွန်တော်ကံကောင်းတာပဲ၊ တကယ်လို့ ထား ရန်ကုန်ရောက်ရင် ကျွန်တော့်တိုဆက်သွယ်ပါ၊ ထားအပေါ် ကျွန်တော်လည်း အိမ်ရှင် ဝတ္တရားကျေပြွန်စေရပါ့မယ်ဗျာ"

အရှိန်နှင့်မောင်းနေသော ကားပေါ်မှာ သူမ၏ နက်ပြာ ပျော့ပျောင်းလှပသည့် ဆံနွယ်များက လေထဲတွင်ဝဲပျံနေသည်။

ကားမောင်းနေရာမှ ထားဘက်လှည့်ကြည့်၍ အပြုံးဖြင့် သူပြော၏။

"တကယ်လားရှင်ရယ်၊ တော်ကြာ ထား တကယ်ရောက်လာမှ ဦးဝဏ္ဏမင်းရှိန်က မသိဘူးဆိုရင် ခက်မယ်ရှင်"

"ကြည့်စမ်း ထားက ကျွန်တော့်ကိုမယုံဘူးလား၊ ဒီမှာ ထားရဲ့ ကျွန်တော်ဟာ ကိုယ့်ကျေးဇူးရှိဖူးတဲ့ လူတစ်ယောက်ကို လွယ်လွယ်နဲ့ မေ့တတ်သလို ပေးပြီးသားကတိတစ်လုံးကိုလည်း မဖျက်တတ်ဘူးဗျ"

သူ လေးနက်စွာပြောတော့ ထား ပြုံး၍ ခေါင်းညိတ်သည်။

"ကောင်းပါပြီရှင်၊ ကျွန်မ မှတ်ထားပါ့မယ်၊ ဟော



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း အင်းလေးတောင် ရောက်ပြီ"

"အင်းလေးကို ကျွန်တော် ပထမဆုံး ရောက်ဖူးတာပဲ၊ ထား လိုက်ပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ကားကို ဂုန်းပိုင်းဘက်မှာရပ်ခဲ့ပြီး ပွဲချိတ်ရှိရာသို့ သူတို့ လာခဲ့သည်။

"ကျွန်မက လိုက်ပို့တယ်ဆိုတာ လူပဲစိုက်တာပါရှင်၊ တကယ်သွားရတာက ဦးဝဏ္ဏမင်းရှိန့်ကားနဲ့ပါ၊ ဒါကြောင့် ကျွန်မကို အထူးကျေးဇူးတင်စရာမလိုပါဘူးနော်"

"အဟွန်း…ထားက စကားသိပ်ပြောတတ်တယ်ဗျာ"

သူတို့နှစ်ယောက်အတွက် သီးသန့်ပွဲချိတ်ငှားလိုက်၏။ အင်းလေးရေပြင်က အစပိုင်းသာ နောက်သလိုရှိပေမယ့် အလယ် မရောက်ခင်မှာ အထူးကြည်လင်လာသည်။

ရေပြင်က အထူးကြည်လင်ကာ ပြာလဲ့နေသလို အပြာ ရောင်ကောင်းကင်ကြီးမှာလည်း တည်ငြိမ်စွာလှပနေ၏။

ပင်လယ်ပြာပြာ မိုးပြာပြာပါလား။

"ဦးဝဏ္ဏမင်းရှိန်"

"ဗျာ"





"ရော့ ဒီမှာ စင်ရော်လေးတွေကို အစာကျွေးပါ"

"အဟွန်း…ဟုတ်သားပဲ၊ သူတို့လေးတွေက အုပ်စုလိုက် လိုက်လာကြတာပဲ"

ပြောရင်း သူက စင်ရော်လေးများကို အစာပင်ကျွေးသည်။ အံ့သြစရာကောင်းစွာ စင်ရော်ငှက်လေးများက သူတို့ပစ်ကျွေးသော အစာများကို မလွတ်တမ်း ဖမ်းစားနိုင်ကြခြင်းပင်။

"ကျွမ်းကျင်ရာလိမ္မာဆိုတဲ့ စကားက ဒီနေရာမှာ သိပ်မှန် တာပဲနော် ထား၊ ကြည့်ပါဦး စင်ရော်လေးတွေ သူတို့စားစရာကို မလွတ်တမ်း ကျွမ်းကျွမ်းကျင်ကျင် ဖမ်းနိုင်ကြတာ"

"အဟောင်း ဟုတ်တယ် ဦးဝဏ္ဏမင်းရှိန်၊ လူတွေလည်း ဒီလိုပဲ ကိုယ့်နေရာနဲ့ကိုယ် ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်ကြတာပဲ မဟုတ် လား"

မိုးပြာပြာအောက်မှ ရေပြင်ပြာပြာကို နောက်ခံထားလျက် ဖြူနုဝင်းမွတ်သော အသားအရေတွင် ကြည်ပြာရောင်ဝတ်စုံလေးဖြင့် ကျော့ရှင်းသည့် လည်တိုင်မှာ ကြည်ပြာရောင်ပဝါလေး စည်းထား သော အလှပိုင်ရှင်မလေး ထားက သူ့ကိုကြည့်၍ အပြုံးလေးနှင့် ပြောလိုက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ တား၊ လောကမှာ ကိုယ်မကျွမ်းကျင်တဲ့ကိစ္စတို့ လုပ်မိရင် ဘယ်လိုမှ အဆင်မပြေနိုင်သလို ကြီးပွားဖို့လည်း လမ်းမမြင်ဘူးလေ"

"ဦးဝဏ္ဏမင်းရှိန်ကတော့ ကိုယ်ကျွမ်းကျင်တဲ့ လုပ်ငန်းကိုပဲ လုပ်မယ့်သူလို့ ထင်ပါတယ်"

"အဟွန်း…တားပြောတာလည်း ဖြစ်နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ဒီလိုနေရာမျိုးမှာ တားနဲ့အတူသွားရတာ ကျွန်တော့်အတွက် မမေ့နိုင်စရာပဲဗျာ"

တစ်သက်လုံး စိတ်ကူးယဉ်ခံစားမှုကို ဦးစားမပေးခဲ့သောသူ့အနေဖြင့် ယခုလို သာယာလှပတဲ့ ဝန်းကျင်မှာ တားလို မိန်းမလှလေးတစ်ယောက်နှင့် အတူရှိနေတဲ့အဖြစ်က ဆန်းသစ်မှုတစ်မျိုးဖြစ်တာအမှန်။

ထိုစဉ်

"အို တားပဝါလေး"

"ဟာ"

လေပြင်းတစ်ချက်အဝှေ့မှ တားလည်ပင်းမှ အပြာရောင်ပဝါလေး လွင့်ခနဲ ပြုတ်ကျသွားသည်။





ထိုမြင်ကွင်းကို တွေ့လိုက်ရသော ဝဏ္ဏမင်းရှိန်က လျှင်မြန်စွာပင် ပဝါလေးကို အမြန်လိုက်ဖမ်းယူသည်။

ကံကောင်းစွာပဲ သူ့လက်ထဲ ပဝါလေးပြန်ရောက်သွား၏၊ တားမျက်နှာလေး ဝင်းလက်သွားသည်။

"ကျေးဇူးပါပဲ ဦးဝဏ္ဏမင်းရှိန်"

တားကပြောရင်း ပဝါလေးကို လက်ကမ်းယူ၏။ သူပြုံး၍ ခေါင်းခါယမ်းကာ…

"ရေအဆုံး ကုန်းတစ်ဝက်တဲ့တားရဲ့၊ ဒီပဝါလေးကို ကျွန်တော်ပိုင်တယ်"

"ဟင်"

"အဟွန်း ဒါကြောင့် ကျွန်တော်ပိုင်တဲ့ ပဝါလေးကို တားရဲ့လည်ပင်းမှာ ကျွန်တော်ကိုယ်တိုင် အမှတ်တရ စည်းပေးမယ်၊ ခွင့်ပြုပါတား"

သူက ပြောပြောဆိုဆို တားနှင့် မျက်နှာချင်းဆိုင်ရပ်ပြီး ပဝါအပြာလေးကို တားလည်တိုင်တွင် ညင်သာစွာ ချည်ပေး၏။

ထူးဆန်းစွာ ထိုအခိုက်အတန့်မှာ သူ့ရင်တွေ ခုန်နေသလို တားမှာ ဘာကြောင့် မျက်နှာလေးနီရဲနေမှန်း မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ရှုပ်"

"ဟာ…ခေတ်မှုရိုက်သွားပြီထား"

"အို ဘယ်သူလဲ"

သူတို့ကြည့်လိုက်တော့ တခြားပွဲချိတ်ပေါ်မှ ဆယ်ကျော်သက်အရွယ် ကောင်မလေးတစ်ယောက် ဖြစ်နေ၏။

"အစ်ကိုကြီးနဲ့ အစ်မကြီးတို့ ပဝါချည်နေပုံလေးက သိပ်သဘာဝကျလို့ မီးရိုက်လိုက်တာပါ၊ ဆောရီးနော်"

ကျော်တက်သွားသော ပွဲချိတ်ပေါ်မှ ကောင်မလေးက ရယ်၍ အော်ပြောလေသည်။ သူပြုံးလိုက်ကာ…

"ဘုရားရောက်မှ ချာတိတ်မဆီက ဖလင်တောင်းလိုက်မယ် ထား"

"ဟင် ပေးပါ့မလား ဦးဝဏ္ဏမင်းရှိန်"

"အဟွန်း ပေးအောင်ပြောရမှာပေါ့ ထား၊ ကျွန်တော် အဲဒီပုံကိုယူပြီး"

"ဖျက်ပစ်မလို့လားဟင်"

ထား၏အမေးကြောင့် သူ နှစ်ခြိုက်စွာ ပြုံးသည်။ ထို့နောက် နူးညံ့ရွှန်းလက်သော မျက်လုံးများဖြင့် ထားကိုကြည့်လာ





၏။

"အဲဒီပုံလေးကို ကျွန်တော် အမှတ်တရသိ ုထားချင်လို့ပါ"

"အို"

ဖျတ်ခနဲ ထားမျက်လွှာချလိုက်မိ၏။ ဘာကြောင့်များ သူ့အကြည့်တွေကို သူမ ရင်မဆိုင်ရဲတာပါလိမ့်။

ဘုရားရောက်တော့ ပွဲချိတ်ပေါ်မှ ဆင်းကြသည်။ သူက အရင်ဆင်းပြီး ထားကို လက်ကမ်း၏။

ခေါက်မြင့်ဖိနပ်စီးလာသော ထားမှာ ဆင်းဖို့ရာခက်တာကြောင့် ကမ်းပေးသည့် သူ့လက်အား ပြန်၍ ဆုပ်ကိုင်လိုက်ရသည်။

"အမေ့"

"ဟာ…ထား"

ထိုကြားထဲကမှ ထားတစ်ယောက် ချော်လဲမလိုဖြစ်တာကြောင့် သူ အချိန်မီ ဖက်ထိန်းလိုက်သည့်တိုင် ထားကိုယ်လေးက သူ့ရင်ခွင်ထဲ အလိုလိုရောက်သွားရတဲ့ အဖြစ်။

"လွှတ်…လွှတ်ပါ"

"ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



ထားအသံကြားမှ သူသတိဝင်ဟန်ဖြင့် ညင်သာစွာ လှတ်လေး၏။ ပတ်ဝန်းကျင်မှ လူတချို့ကတော့

"ရုပ်ရှင်ရိုက်နေတာလား မသိဘူး"

"ဟုတ်တယ်ဟေ့၊ မင်းသားနဲ့မင်းသမီးက သိပ်ချောတာပဲ"

"နှစ်ယောက် သိပ်လိုက်တာပဲဟာ"

စသော ဝေဖန်မှုတွေကြောင့် ထား၏ ဖြူနုသော မျက်နှာလေးမှာ ပန်းသီးတစ်လုံးလို ရဲတွတ်နေလေ၏။

ကြည့်စမ်း ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး တကယ့်ကို အတွေ့အကြုံမရှိတဲ့ မိန်းကလေးပါလား။

* * *



၉

"ကျွန်တော့်အနေနဲ့ ဒီစကားကို ပြောရမယ့်တာဝန်ရှိတယ်ထင်လို့ပါ အမေနန်း"

စိုင်းနောင်စကားဆုံးတာနှင့် ဒေါ်နန်း ခေါင်းခါယမ်း၏။

"မဖြစ်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး စိုင်း၊ ဒီခြံမြေတွေဆိုတာ ကိုခွန်လုံရဲ့ အသက်သွေးပဲ၊ သူမြတ်နိုးတဲ့ ဒီအရာတွေကို ဘယ်လောက်ပဲ တန်ဖိုးရပါစေ အမေနန်း မရောင်းနိုင်ပါဘူးကွယ်"

ပြတ်သားစွာဆိုလာသော အမေနန်းကြောင့် စိုင်းနောင် မျက်နှာ ဝင်းခနဲဖြစ်သွား၏။

ခြံတွေနှင့် ပတ်သက်လျှင် တာဝန်ရှိသူတစ်ယောက်အနေဖြင့် မကြာယံသို့လာ၍ အခြေအနေကို စိုင်းနောင် တင်ပြခြင်းပါ။

"ခြံတွေကို ပေါက်ဈေးထက် ပိုဝယ်မယ့်သူရှိနေပါတယ် အမေနန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု အသိလာပေးခြင်း။

စိုင်းနောင်အဖို့ ဥယျာဉ်မှူးသာဖြစ်၍ တခြားဆုံးဖြတ်ပိုင်ခွင့် မရှိပါ။

အမေနန်းက ရောင်းလိုက်လျှင်တော့ သူဘာတတ်နိုင်မည်နည်း။ သို့သော် ယခုလို အမေနန်းက ငြင်းဆန်လေတော့

"ဒီစကားကြားရတာ ကျွန်တော်ဝမ်းသာပါတယ် အမေနန်း၊ အမှန်တော့ ကျွန်တော်လည်း ဒီခြံတွေရောင်းဖို့ကို မလိုလားပါဘူး၊ ဒါပေမယ့် ဒီခြံတွေအခြေအနေကောင်းဖို့အထိ ငွေတချို့ကုန်ကျနိုင်တယ်ဆိုတော့"

"မင်းကို ပြန်ပြီးခေါ်လာနိုင်းကတည်းက အမေနန်း ဒါတွေကို စဉ်းစားထားပြီးသားပါ စိုင်း၊ ဒါကြောင့် ကုန်ကျမယ့် ငွေအတွက် မပူပါနဲ့"

ပြောရင်း အမေနန်းက အသင့်ပြင်ထားသော ငွေထုပ်ကို စိုင်းနောင်အား ပေး၏။

"ဒီငွေနဲ့မလောက်ရင် အမေနန်းကိုပြောပါ စိုင်း"

"ဒီငွေလောက်ဆိုရင် ရပါပြီ အမေနန်း၊ လုပ်ငန်းပိုင်းမှာ ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်"





"မင်းရဲ့တာဝန်ကျေမှုကို ယုံပါတယ်ကွယ်"

စိုင်းနောင်ကို သားတစ်ယောက်လို သဘောထားတာကြောင့် ဒေါ်နန်း အထူးယုံကြည်စွာ လွှဲအပ်၏။

"ကျွန်တော့်ကို ယုံကြည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အမေနန်း၊ ဒါဆို ခြံထဲမှာ အလုပ်တွေရှိသေးလို့ ကျွန်တော် ပြန်တော့မယ်"

နေရာမှထရင်း အမေနန်းကို စိုင်းနောင် နှုတ်ဆက်သည်။

"ထားကို မတောင့်တော့ဘူးလား စိုင်း"

အမှန်တော့ ယခုချိန်ထိ အရိပ်အယောင်မျှမတွေ့ရသေးသော ထားအကြောင်း မေးကြည့်ချင်ပါ၏။

"ထားက အိမ်မှာမရှိဘူးလား အမေနန်း"

"မရှိဘူးကွယ့်၊ ဒီနေ့ သူ့မိတ်ဆွေတွေကို အင်းလေးလိုက်ပို့တယ်"

"ဪ"

စိုင်းနောင်မှာတော့ ထားအတွက် လှပသော သစ်ခွများကို တောထဲမှ သူကိုယ်တိုင်ရှာလာခဲ့ခြင်းပါ။

ယခု ထားကိုမတွေ့ရဘဲ ပြန်မည်ဆိုတော့ စိုင်းနောင်ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တာသလိုလို။ တစ်ခေါက် တစ်ခေါက် လာရတာမလွယ်ပါ။ ထို့ကြောင့် အနည်းဆုံး ထားမျက်နှာလေးကို မြင်သွားချင်ပါ၏။

"ဒီတစ်ညတော့ မြကြာယံမှာပဲ အိပ်လိုက်ပါ စိုင်း၊ ထားလည်း ပြန်ရောက်လာတော့မှာပါကွယ်"

"ဟုတ်ကဲ့ အမေနန်း"

ပြန်မည်ဆိုလျှင်လည်း အချိန်နောက်ကျလှပြီမို့ အမေနန်းစကားကို ခေါင်းညိတ်လိုက်၏။

"ကဲ ညစာအတွက် ကောင်မလေးတွေကို အမေနန်း စီစဉ်ခိုင်းလိုက်ဦးမယ်၊ စိုင်းလည်း အခန်းပြန်ပြီး အနားယူလိုက်ဦး"

"ဟုတ်ကဲ့"

မြကြာယံ၏ အောက်ထပ်မှာ စိုင်းနောင်လာလျှင် အိပ်နေကြ အခန်းရှိသည်။ ထိုအခန်းကို ထားက အမြဲရှင်းလင်းပေးတတ်၏။

စိုင်းနောင် အခန်းထဲဝင်ခဲ့သည်။ ထားလက်ရာကြောင့် အခန်းက ရှင်းသန့်နေသည်။

လူမရှိပေမယ့် ထားက စားပွဲပေါ်တွင် နှင်းဆီပန်းအိုးလေး အမြဲထိုးပေးတတ်သည်။ ယခုလည်း လန်းဆန်းစွာ။





"ထားရယ်"

မွှေးပျံ့သော နှင်းဆီပန်းအိုးလေးကိုကြည့်ပြီး စိုင်းနောင် တီးတိုးစွာ ထားအမည်လေးကို ခေါ်မိ၏။

သစ်ခွပန်းတွေကိုမြင်လျှင် ဝင်းလက်သွားမည့် ထားမျက်နှာလေးအား မြင်ယောင်ကာ စိုင်းနောင်တစ်ယောက်တည်း ကြည်နူးစွာ ပြုံးမိရသည်။

"ဟာ... မဖြစ်သေးပါဘူး၊ ထားလာရင် အသင့်ဖြစ်အောင် ရေချိုးထားမှပဲ"

ထိုအတွေးဖြင့် စိုင်းနောင် ရေချိုးခန်း ဝင်သည်။ ရေချိုး၊ အဝတ်အစားလဲပြီးတာနှင့် ခြံရှေ့ထွက်ခဲ့၏။

သူ့ကိုမြင်လျှင် ထား ရုတ်တရက် ဝမ်းသာသွားအောင်လို့လေ။

သို့သော် ပတ်ဝန်းကျင်မှာ အမှောင်သန်းလာတဲ့အထိ ထားက ပြန်မရောက်လာသေးပါ။ စိုင်းနောင်က လက်ပတ်နာရီ တကြည့်ကြည့်။

ထိုစဉ်...

"ဟော... ကားလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကားမီးရောင်ကြောင့် သူ ခြံထောင့်မှာ ကွယ်ရပ်လိုက်၏။ ကားက ခြံရှေ့မှာရပ်လာသည်။

"ဟင်"

ကားပေါ်မှာ ပထမဆုံးဆင်းလာသူက မကြာခင်ကမှ ခြံထဲ ရောက်လာသည့် ဦးဝဏ္ဏမင်းရှိန်။

ဝဏ္ဏမင်းရှိန်က အပြုံးများဖြင့် ထားဘက်မှ တံခါးကို သွားဖွင့်ပေးခြင်း။

ကြည်ပြာရောင်ဝမ်းဆက်လေးဖြင့် ထားက ကားပေါ်မှ လှပစွာဆင်းလာ၏။

"မိုးချုပ်သွားပြီ ထား"

"အဟင်း...ဘယ်တတ်နိုင်မလဲ ဦးဝဏ္ဏမင်းရှိန်၊ သွားရင်း လာရင်းက အချိန်ကုန်သွား ဘာကို"

"ဘာပဲဖြစ်ဖြစ် ဒီနေ့ကိုတော့ ကျွန်တော် အမြဲသတိရ နေမှာပါထား"

"ရပါတယ် ရှင်၊ ကဲ အမေနန်း မျှော်နေတော့မယ် ဦးဝဏ္ဏမင်းရှိန်"

သည်တော့ ဝဏ္ဏမင်းရှိန်က ထားအား စူးနစ်စွာတစ်ချက်





ကြည့်ပြီး

"ကျွန်တော်တို့ နောက်တစ်ခါ ပြန်ဆုံကြဦးမှာပါ ထား၊ ကဲ ထား ဝင်တော့"

"ခွင့်ပြုပါရှင်"

နှုတ်ဆက်ပြီး ထား ခြံထဲဝင်ခဲ့၏။ သည်တော့မှ ဝဏ္ဏမင်းရှိန် ပြန်သွားလေ၏။

"ထား"

"ဟင် စိုင်း"

ခြံထောင့်ကွယ်မှ ရုတ်တရက်ထွက်လာသော စိုင်းနောင် ကြောင့် ထား အံ့ဩသွား၏။

စိုင်းနောင်က လှပသောထားကို တည်ငြိမ်စွာကြည့်သည်။

"စောစောကလူက ဘယ်သူလဲထား"

"ဦးဝဏ္ဏမင်းရှိန်ကို ပြောတာလား စိုင်း"

"အင်း"

ခပ်လေးလေးပုံစံဖြင့် စိုင်းနောင် ခေါင်းညိတ်ပြ၏။

"သြော် သူက ထားရဲ့မိတ်ဆွေပါ စိုင်း"

"မိတ်ဆွေ ဟုတ်လား ထား၊ အရင်က ထားမှာ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ မရှိပါဘူး''

မျက်မှောင်တွန့်ကာ မကြိုက်ဟန်ဖြင့် စိုင်းနောင်ပြောတော့ ထား နားမလည်သလိုကြည့်၏။

''ဟုတ်တယ် ဦးဝဏ္ဏမင်းရှိန်နဲ့သိတာ မကြာသေးဘူး၊ စိုင်းကို မန္တလေးလာခေါ်တုန်းက သိခဲ့ကြတာပဲ''

''ဘာ ကိုယ့်ကိုခေါ်တုန်းကဟုတ်လား ထား''

စိုင်းနောင် အံ့ဩသလိုမေးတော့ ထား ခေါင်းညိတ်သည်။ စိုင်းနောင် မျက်မှောင်တွန့်ကာ

''ထားတို့ ဘယ်လိုသိခဲ့ကြတာလဲ''

''ဒါလား၊ သူနဲ့ထားက ဟိုတယ်တစ်ခုတည်းမှာ အတူတည်းရင်း သိသွားတာလေ စိုင်း''

အဖြစ်မှန်ကို ထားကပြောပေမယ့် စိုင်းနောင်အတွက် တစ်စုံတစ်ရာ စဉ်းစားစရာဖြစ်သွား၏။

''ဒီလူဟာ အကြံတစ်ခုခုနဲ့များ ထားကို ချဉ်းကပ်တာ မဖြစ်နိုင်ဘူးလား''

''ဟင်း စိုင်း ဘာကိုဆိုလိုတာလဲ၊ ဦးဝဏ္ဏမင်းရှိန်က ဒီလိုလူမျိုးမဟုတ်ပါဘူး၊ လူကြီးလူကောင်းတစ်ယောက်ပါ စိုင်း''





မထင်မှတ်ဘဲ ထားက ဝဏ္ဏမင်းရှိန်ဘက်မှ လိုက်ပြောသလို ဖြစ်သွားသည်။ စိုင်းနောင်က ထားကို ဖျတ်ခနဲကြည့်၏။

''သူနဲ့ထားက တော်တော်ရင်းနှီးနေကြပြီပေါ့ ဟုတ်လား''

''ဟင်. . အဲဒီလောက်လည်း မဟုတ်ပါဘူး၊ သူက ဒီမြို့ကိုလာတဲ့ ဧည့်သည်ဆိုတော့ ထားက အိမ်ရှင်အနေနဲ့ လိုက်ပို့ပေးတာမျိုးပါ စိုင်း''

သည်လူ ဘာကြောင့် ဒီမြို့ကို ရောက်လာတယ်ဆိုတာ ထား သိရဲ့လားဟု စိုင်းနောင်တွေးမိ၏။

''သူ ဘာကိစ္စနဲ့ ဒီကိုလာတာတဲ့လဲ ထား''

''ဟင့်အင်း အဲဒါတော့ ထား မမေးမိဘူး၊ သူ့ကိုယ်ရေးကိုယ်တာကိစ္စလေ စိုင်း၊ နေပါဦး စိုင်းက ဘာကြောင့် ဦးဝဏ္ဏမင်းရှိန့်အကြောင်း ဒီလောက်စိတ်ဝင်စားနေရတာလဲဟင်''

ယခုတစ်ခါ ထားက စိုင်းနောင်ကို အံ့ဩသလို ပြန်မေး၏။ ဝဏ္ဏမင်းရှိန်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ ယခုချိန်မှာ ထားကို မပြောချင်၍

''သြော်. . . ဒီလူက ပစ္စည်းဥစ္စာချမ်းသာပြီး ခပ်ချောချော မဟုတ်လား၊ ထား ပါသွားမှာစိုးလို့လေ''



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း စိုင်း မကောင်းဘူး၊ ထားကို အဲဒီလိုအရာ တွေမက်တဲ့ မိန်းက- လးမှတ်နေလား စိုင်း"

စိတ်ဆိုးဟန်လေးဖြင့် ထားမေးတော့ စိုင်းနောင်ပြုံးသည်။

"မသိဘူးလေ၊ မိန်းကလေးအတော်များများက အဲဒီလို အရာတွေ မက်ကြတယ် မဟုတ်လား"

"စိုင်းနော်၊ ထားအကြောင်းသိလျက်နဲ့ ဘာကြောင့် ဒီလို ပြောတာလဲ၊ စိုင်းပြောတဲ့ မိန်းကလေးမျိုးထဲမှာ ထား မပါဘူး၊ ထား တကယ်ချစ်မိတဲ့သူဆိုရင် ဆင်းရဲတာပဲဖြစ်ဖြစ် ချမ်းသာတဲ့လူ ပဲဖြစ်ဖြစ် လက်ခံမှာပဲ၊ ကဲ ထား အမေနန်းကို သွားနှုတ်ဆက်လိုက် ဦးမယ်"

စိုင်းနောင်ကိုချန်ခဲ့ပြီး ထား ထွက်လာခဲ့သည်။ တကယ် တော့ ယနေ့ထိ ထားဘဝမှာ အခင်ဆုံး သူငယ်ချင်းလေးအဖြစ် စိုင်း တစ်ယောက်သာ ရှိခဲ့တာမဟုတ်လား။

* * *



မနက်အာရုံအလင်းမှာ ထားတစ်ယောက် အိပ်ရာက ကြည်လင်လန်းဆန်းစွာ နိုးထလာ၏။ ညက အမေနန်းကို နှုတ်ဆက်ပြီး ထား အိပ်ရာဝင်ခဲ့သည်။

စိုင်းကို စိတ်ဆိုးသလိုဖြစ်မိတာကြောင့် အိပ်ရာဝင်တဲ့အထိ နှုတ်မဆက်ခဲ့ပေ။ စိုင်းပြောပုံက ထားကပဲ ဝတ္ထုမင်းရိုနဲ့ ချမ်းသာ ကြွယ်ဝလို့ စိတ်ဝင်စားနေဟန်။

သို့သော် စိုင်းအပေါ် ကြာကြာစိတ်မကောက်နိုင်သော ထားက အိပ်ရာမှနိုးတာနှင့် စိတ်ဆိုးပြေနေပြီ။

"ဒီနေ့ စိုင်းကို ဟင်းကောင်းကောင်းချက်ကျွေးရမယ်၊ သူခမျာ ခြံထဲမှာနေရတော့ အစားအသောက်ဆင်းရဲမှာပဲ"

ထိုအတွေးဖြင့် ထားက အိပ်ရာမှ သွက်လက်စွာထပြီး ရေချိုးခန်းဝင်လိုက်၏။ အလှပြင် အဝတ်အစားလဲပြီး ထား အောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင်းလာသည်။

"ဟော မမထား အိပ်ရာကနိုးပြီလား"

အိမ်မှာနိုင်းသည့် ကောင်မလေးက နှုတ်ဆက်၏။ ထားပြုး၍ ခေါင်းညိတ်ကာ

"မမ အိပ်ရာထတာ နည်းနည်းနောက်ကျသွားတယ်ကွယ်"

"ညက မမ ဟိုဧည့်သည်တွေလိုက်ပို့ရလို့ ပင်ပန်းသွားတာ ဖြစ်မှာပါ၊ အမေနန်းတောင် ခုပဲ မနက်စာစားပြီး ဘုရားခန်းတက်သွားပြီ မမထား"

"ဟင် ဟုတ်လား၊ ဒါနဲ့ စိုင်းကော"

ယခုချိန်ထိ အရိပ်အယောင်မမြင်ရသေးသော စိုင်းကို ထားမေးလိုက်၏။

"အစ်ကိုစိုင်း ပြန်သွားပြီလေ၊ ဟောဒီမှာ မမအတွက်စာနဲ့ သစ်ခွပန်းတွေ ထားခဲ့တယ်"

"ဟင်"

စိုင်းပြန်သွားပြီဆိုတာကြောင့် ထား မျက်နှာလေးမျက်မိ၏။ ကြည့်စမ်း စိုင်းက ထားကိုတောင် နှုတ်ဆက်ဖော်မရပါ





လား။

ကောင်မလေးပေးလာသော စာကို ဖွင့်ဖတ်လိုက်သည်။

*ထား*

*မြို့ထဲမှာ အရေးကြီးတဲ့ကိစ္စလေးတွေရှိလို့ ကိုယ်ပြန်သွားပြီ၊ ထားအတွက် ကိုယ်တိုင်ခူးလာခဲ့တဲ့ သစ်ခွပန်းတွေ ထားခဲ့တယ်၊ လှကိုယ်တိုင်ပေးချင်ပေမယ့် အခွင့်အရေးမရလိုက်ဘူး ကိုယ်ခူးလာတဲ့ပန်းတွေ ထား ကြိုက်နှစ်သက်မယ်လို့ မျှော်လင့်လျက်*

*စိုင်း*

စိုင်း၏စာဆုံးတာနှင့် ထားတစ်ယောက် ရင်ထဲ စိတ်မကောင်းသလို ဖြစ်သွား၏။

ထားအတွက်ဟု စိုင်းကိုယ်တိုင်ခူးလာတဲ့ ပန်းတွေက လန်းဆန်းစွာလှနေသည်။

ပန်းလေးတွေကို ထား မြတ်နိုးစွာ ပွေ့ဖက်လိုက်၏။

စိုင်းရယ်။

စိုင်းကိုယ်တိုင်သာပေးရင် ထား ဒီထက်ပိုမျှော်လင့်မိမယ် ထင်ပါတယ်ကွယ်။

ပန်းလေးတွေကိုကြည့်ရင်း စိုင်း၏တည်ကြည်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ပေါ်လာသည်။

ထားရဲ့နှလုံးသားကို မကြည့်တတ်ပါလား စိုင်းရယ်။

"မမလေး"

"ဟင် ဘာလဲ"

နောက်မှခေါ်သံကြောင့် ကြည့်လိုက်တော့

"ဟောဒီမှာ မမလေးအတွက် လူတစ်ယောက်က ဒီပန်းတွေ လာပို့ပေးတယ်"

"အို"

ကောင်မလေး၏လက်ထဲတွင် အလွန်လှပသော နှင်းဆီပန်းခြင်းကြီးတစ်ခု။

"ပို့တဲ့လူကော"

"ပြန်သွားပြီ မမ"

ထား ပန်းခြင်းထဲမှ ကဒ်လေးကို ယူဖတ်လိုက်၏။

မနေ့က လိုက်ပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်။

ကိုယ်

ဝဏ္ဏမင်းရှိန်လက်ရေးမှန်း ထားသိလိုက်၏။ ဟိုတယ်မှာတုန်းကတစ်ခါ ထားထံ ဒီလိုပန်းခြင်းကို သူပို့ပေးဖူးတာမဟုတ်





လား။

"ကလင် ကလင်"

"ဟော ဖုန်းခေါ်သံ မမ"

"နေပါစေ၊ မမသွားကိုင်လိုက်မယ်"

ဖုန်းရှိရာသို့ ထား ခပ်သွက်သွက်ထွက်ခဲ့၏။ အနားရောက်တဲ့အထိ ဖုန်းသံလေးက ဆူညံဆဲ။ ထား ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ထား"

ကြည်လင်ပြတ်သားသော အသံပိုင်ရှင်ကို တားသိလိုက်၏။

"ဪ ဦးဝဏ္ဏမင်းရှိန်"

"အဟွန်း··· ထားက ကိုယ့်အသံကို မှတ်မိသားပဲ"

"သိပ်လည်း အထင်မကြီးပါနဲ့ရှင်၊ ကျွန်မဆီ ဖုန်းဆက်တဲ့သူဆိုလို့ ဦးဝဏ္ဏမင်းရှိန်ပဲရှိတာလေ"

သည်စကားကို ထားက အမှတ်တမဲ့ပြောလိုက်ပေမယ့်တစ်ဘက်မှ ဝဏ္ဏမင်းရှိန်အတွက် ကျေနပ်စရာဖြစ်သွား၏။

"ဗျာ တကယ်လားထား၊ ဒါ ကျွန်တော့်အတွက် ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ရောဝဲ"

"ရှင် ဦးဝဏ္ဏမင်းရှိန်က ဘာကို ဝမ်းသာတာလဲဟင်"

ထိုအမေးကြောင့် ဖုန်းထဲမှ သူ့ရယ်သံပေါ်လာ၏။

"အဟွန်း ဝမ်းသာရမှာပေါ့ဗျာ၊ မှန်တာပြောရရင် ထားဆီ တခြားဖုန်းဆက်မယ့်လူရှိမှာ ကျွန်တော်က စိုးရိမ်နေမိတာဗျ"

"ဦးဝဏ္ဏမင်းရှိန်စကားကို ကျွန်မနားမလည်ဘူး"

လုပချော‌မောသည်နှင့်အမျှ ရိုးသားဖြူစင်လွန်းတဲ့ 'ထား' လိုမိန်းကလေးနှင့် တွေ့ရတာ သူ့အတွက် ကံကောင်းတယ်ဟု ဝဏ္ဏမင်းရှိန် ထင်မိ၏။

"ထား နားလည်အောင် ကျွန်တော် တစ်ချိန်မှာ ရှင်းပြနိုင်ပါလိမ့်မယ်၊ ခုတော့ ကျွန်တော်ပေးတဲ့ ပန်းခြင်းကို ထား သဘောကျရဲ့လား သိချင်တယ်ဗျာ"

"သြော် ဒါကတော့ အထူးမေးစရာမလိုပါဘူးရှင်၊ ကျွန်မတို့ မိန်းမသားတွေဆိုတာ ပန်းကြိုက်တတ်တဲ့ အမျိုးပဲ၊ ဒီတော့ ဦးဝဏ္ဏမင်းရှိန်ပို့ပေးတဲ့ ပန်းခြင်းအတွက် ကျွန်မက ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ"

ချိုနွဲ့သောအသံလေးဖြင့် သူမပြောတော့ ဝဏ္ဏမင်းရှိန်





တစ်ယောက် ကျေနပ်စွာ ပြုံးမိရ၏။

"အဟွန်း ထားဆီက ဒီလိုပြောတဲ့ အသံလေးကြားရတာ ကျွန်တော်ပို့ပေးရကျိုးနပ်သွားပြီဗျာ၊ အဲဒီအတွက် ဒီနေ့ ထားကို ဒင်နာဖိတ်ပါရစေ"

"ဟင် ဦးဝဏ္ဏမင်းရှိန်က ပန်းခြင်းလည်းပို့ပေးတယ်၊ ဒင်နာလည်းကျွေးမယ်ဆိုတော့ ကျွန်မအတွက် အားနာစရာမဖြစ်ဘူးလားရှင်"

"နိုး နိုး ထားက လက်ခံရင် ကျွန်တော် ကျေးဇူးတင်နေရမှာပါ၊ ဒီနေ့ညခြောက်နာရီ ကျွန်တော် ဟိုတယ်မှာ စောင့်နေမယ်နော် ထား"

"အို ကျွန်မ"

သို့သော် ဝဏ္ဏမင်းရှိန်ဘက်မှ ဖုန်းချသွားပြီ။ ထားတစ်ယောက်တည်း သက်ပြင်းလေးကြိတ်ချမိရ၏။

ဦးဝဏ္ဏမင်းရှိန်သည် ထက်မြက်သော လူတစ်ယောက်ဖြစ်သလို ဆုံးဖြတ်ချက်ကိုလည်း တစ်ဖက်သတ်ချတတ်ပါလားဟု ထား တွေးမိရသည်။

စိတ်က ဒီလိုတွေးမိပေမယ့် လူကတော့ ဦးဝဏ္ဏမင်းရှိန်



www.burmeseclassic.com

www.burmeseclassic.com



နှင့်သွားတွေ့ရန် ထား ရေချိုးဖို့ ပြင်ဆင်လိုက်၏။

"အမေနန်း ထားမိတ်ဆွေတစ်ယောက်နဲ့ ညစာချိန်းထားလို့ ဒီမှာမစားတော့ဘူးနော်"

"သြော် အေးကွယ်၊ ထားမိတ်ဆွေဆိုတာ ဟိုသူငယ် မောင်ဝဏ္ဏမင်းရှိန်လား"

"ရှင် ဟုတ်ကဲ့"

ဘာကြောင့်မှန်းမသိ အမေနန်းကို ထိုသို့ခေါင်းညိတ်ပြရတာပင် ထားစိတ်ထဲ မလုံသလို ဖြစ်နေ၏။

ဒေါ်နန်းကတော့ လူငယ်သဘာဝကို နားလည်စွာ ပြုံးသည်။ ထားက အရွယ်ရောက်နေပြီဖြစ်သော အမျိုးသမီးလေး တစ်ယောက်မို့ ယခုလို အမျိုးသားမိတ်ဆွေရှိတာ မဆန်းပေ။

"အကဲခတ်ရသလောက်တော့ မောင်ဝဏ္ဏမင်းရှိန်က လူကောင်းတစ်ယောက်ပါပဲ ထား၊ ကဲ ကဲ နောက်ကျမယ်၊ အလှသွားပြင်လိုက်ဦး"

"အို အမေနန်းကလဲ"

ထားရှက်ရှက်ဖြင့် အမေနန်းရှေ့ကထွက်ခဲ့သည်။ လက်ရှိ ထားနှင့် ဦးဝဏ္ဏမင်းရှိန်တို့၏ အခြေအနေက သာမန်မိတ်ဆွေမျှသာ





ဖြစ်သည်။

"ဦးဝဏ္ဏမင်းရှိန် ရှင့်ကို လူကြီးလူကောင်းတစ်ယောက် အဖြစ်နဲ့ ကျွန်မ ဒင်နာကို လက်ခံလိုက်တယ်မှတ်ပါ"

မှန်တင်ခုံရှေ့မှာ ထားက စိတ်တိုင်းကျ အလှပြင်ရင်း တစ်ယောက်တည်း စိတ်ထဲမှ ရေရွတ်နေမိ၏။

ညဘက်မှာ မိတ်ကပ်ကို အနည်းငယ် အရောင်တောက် အောင်လိမ်းကာ လိမ္မော်ရောင်ပါးပြင်၊ လိမ္မော်ရောင်နှုတ်ခမ်းနီတို့ဖြင့် ဝတ်စုံကိုလည်း အနက်နှင့်လိမ္မော်ရောင် များများပါသော လက်ပြတ် ဝမ်းဆက်လေးဝတ်သည်။

ရှည်လျားနက်မှောင်သော ဆံနွယ်များကို ခေါင်းလျှော်ပြီး လေမှုတ်စက်ဖြင့် အခြောက်ခံကာ ဖြန့်ချထားတာကြောင့် 'ထား'၏ အသွင်မှာ နုပျိုလန်းဆန်းလှပနေတော့၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

သူမရောက်ချိန်တွင် လမ်းဘေးစာတ်မီးတိုင်များ ထွန်းလင်းနေပြီ။ ဝိတ်တာကောင်လေးက သူမကို ဦးဝဏ္ဏမင်းရှိန်ရှိနေသည့်စားပွဲသို့ ခေါ်ဆောင်သွား၏။

"ထား ရောက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

နေရာမှရပ်လျက် သူက အဲရိုးတံဆိပ်နီညိုရောင်မျှော့မျှောကွမ်းရိုးစင်းရှပ်အင်္ကျီလက်ရှည်ကို အနက်ရောင်သက္ကလပ်ပျော့ဘောင်းဘီရှည်ဖြင့် တွဲဝတ်လျက် ပေါ့ပါးလန်းဆန်းနေသည့်အသွင်။

"ဖိတ်တဲ့လူက ဖိတ်မှတော့ ကျွန်မလာရမှာပေါ့၊ ဦးဝဏ္ဏမင်းရှိန်"

"အဟွန်း အဲဒီလိုနားလည်မှုရှိတဲ့ ထားကို ကျွန်တော်သချာပေါက် စောင့်နေမိတာ မမှားဘူးဆိုတာ ပိုသိလိုက်ရတယ်၊ ထိုင်ပါထား"





"ကောင်းပါပြီရှင်"

သူနှင့်မျက်နှာချင်းဆိုင်တွင် 'ထား'ဝင်ထိုင်လိုက်၏။ မီးရောင်အောက်မှ လိမ္မော်ရောင်များသန်းနေသော 'ထား'သည် မြင်သူတကာ ငေးရလောက်အောင် ကျက်သရေရှိစွာ လန်းဆန်းလှပနေတယ်ဟု "ဝဏ္ဏမင်းရှိန်"က ထင်မိ၏။

"တစ်ခုခု အရင်သောက်မလား ထား"

"ဟုတ်ကဲ့ အချိုရည်ဆိုရင် အဆင်ပြေပါတယ်၊ ဦးဝဏ္ဏမင်းရှိန်"

"ကျွန်တော်မှာလိုက်ပါ့မယ် ထား"

ဝိတ်တာလေးကို အချိုရည်နှစ်ခွက် အရင်မှာလိုက်၏။

"ဦးစိုးကြီးကော မပါဘူးလား၊ ဦးဝဏ္ဏမင်းရှိန်"

အအေးသောက်ရင်း ထား မေးသည်။

"သူ မလိုက်နိုင်ဘူးထား"

"ထားသိရသလောက်တော့ ဦးဝဏ္ဏမင်းရှိန်တို့ ဒီကိုလာတာ အပန်းဖြေသက်သက် ဟုတ်မယ်မထင်ဘူး၊ အမြဲတမ်း အလုပ်များနေသလိုပဲနော်"

ထိုစကားကြောင့် ဝဏ္ဏမင်းရှိန်မျက်နှာ ကွက်ခနဲပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထားကို အကဲခတ်ကြည့်ကာ

"ဘာကြောင့် ထားက ဒီလိုပြောရတာလဲဟင်"

"သြော် အဟင်း ဦးဝဏ္ဏမင်းရှိန် တစ်ယောက်တည်းနေတဲ့ အခါတွေဆိုရင် တစ်စုံတစ်ခုကို စဉ်းစားနေတဲ့ပုံပေါက်လို့ပါရှင်"

"အဟွန်း ဒါကြောင့်လားထား၊ အေးဗျာ မှန်တာပြောရင် ကျွန်တော်က နည်းနည်းအလုပ်များတယ် ထား၊ ရန်ကုန်မှာရှိတဲ့ ကုမ္ပဏီကိစ္စတွေက ကျွန်တော်ခေါင်းထဲ အမြဲရောက်တယ်"

စိုင်းနောင်မှတစ်ဆင့် သူ့အကြောင်းကို ထားသိသွားပြီလား ဟု စိုးရိမ်မိခဲ့၏။

သို့သော် ယခုတိုင် ထားပုံစံက မသိသေးဟန်ကြောင့် သူကြိတ်သက်ပြင်းချနိုင်သည်။

"အပန်းဖြေခရီး ထွက်တဲ့အချိန်မှာ လုပ်ငန်းကိစ္စတွေ ခဏ ဖယ်ထားလိုက်ပါ ဦးဝဏ္ဏမင်းရှိန်၊ ဒါမှ ခရီးထွက်ရကျိုးနပ်မှာပေါ့ ရှင်"

"အဟွန်း ကောင်းပါပြီဗျာ၊ ထား အကြံအတိုင်း လိုက်နာပါ့မယ်၊ ကဲထား စားစရာတွေမှာကြရအောင်၊ ထားကြိုက်တာတွေ မှာပါ"





မီးနူးကဒ်ကို ထားကြည့်သည်။ ဟိုတယ်မှာ ဟင်းတွေစုံလင်၏။

"ဦးဝဏ္ဏမင်းရှိန်ကြိုက်တဲ့ ဟင်းတွေမှာပါရှင်"

"ကျွန်တော်က ဟင်းသိပ်မများတတ်ဘူး ထား၊ ထားကြိုက်တာမှာပါ၊ ကျွန်တော် ဟင်းမရွေးပါဘူး"

သူက စွတ်ပြောနေတာကြောင့် ထားကပဲ ဦးဆောင်၍ ဟင်းလေးငါးမျိုးမှာလိုက်၏။

"ဟင်းက ဒီလောက်ပဲလား ထား၊ မနည်းလွန်းဘူးလား"

"အို ကျွန်မမှာတာလေးငါးမျိုးပဲ ဦးဝဏ္ဏမင်းရှိန်၊ စားမယ့်လူက ကျွန်မတို့နှစ်ယောက်တည်းပဲ၊ ဟင်းတွေအများကြီးမှာပြီး မကုန်ရင် နှမြောစရာမဟုတ်လား"

မိန်းမသားပီသစွာ နှမြောတတ်သော 'ထား'ကြောင့် သူပြုံးမိသည်။ ထားသည် သူနှင့်အတွင်ရှိနေသော မိန်းမတွေလို ဟော့ဟော့ရမ်းရမ်း ဝတ်စားသုံးစွဲတတ်သည့် မိန်းကလေးမျိုး မဟုတ်ပါလားဟု ကျေနပ်စွာ တွေးမိရ၏။

"ကျွန်တော်က ထားကို များများစားစေချင်လို့ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ခုမှာတဲ့ဟင်းတွေကိုပဲ များလှပါပြီရှင်၊ ဒါတောင်မှ ဦးဝဏ္ဏမင်းရှိန်က ဟင်းများများမှ စားတတ်မယ်ဆိုရင်တော့"

"ဟာ ကျွန်တော်က အဲဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူးထား၊ တစ်ခါ တစ်ခါ ကျွန်တော်ဆို အလုပ်များလွန်းလို့ ခေါက်ဆွဲပြုတ်နှင့် ပြီးလိုက်ရတာတောင် ရှိပါတယ်ထား"

သူ့အမှန်ပြောခြင်းဖြစ်၏။ နေတာက ယောကျ်ားသားတွေဖြစ်သလို အလုပ်ကို အလေးထားတတ်တာကြောင့် အစားအသောက်အတွက် အထူးပြုလုပ်မနေတတ်ပေ။

"အို ဒီလိုတော့လည်း ကြာရင် ကျန်းမာရေးထိခိုက်မှာပေါ့ ဦးဝဏ္ဏမင်းရှိန်၊ လူဆိုတာ အလုပ်ချိန်မှာအလုပ်၊ အစားစားချိန်မှာလည်း မှန်မှန်စားသင့်တယ်လို့ ကျွန်မထင်ပါတယ်"

"ကျွန်တော့်ကို အဲဒီလို သတိပေးဖို့ အနားမှာ တစ်ယောက်မှမရှိဘဲ ထားရယ်"

ထိုစကားကြောင့် ထား စိတ်မကောင်းဖြစ်သွား၏။

ဝဏ္ဏမင်းရှိန်မှာလည်း 'ထား'သာ သူ့နားရှိလျှင် ဒီလို သတိပေး ဂရုစိုက်မှုကိုခံရမှာပဲဟု ဘာကြောင့် တွေးမိမှန်းမသိ။

"ဦးဝဏ္ဏမင်းရှိန်က အလုပ်တွေကို အရမ်းဂရုစိုက်လွန်း





နေတာမျိုး ဖြစ်ပါလိမ့်မယ်ရှင်"

"ထား ဘာကိုဆိုလိုတာလဲဟင်"

"သြော် ကျွန်မအမြင်တော့ ဦးဝဏ္ဏမင်းရှိန်လို လူတစ်ယောက်နားမှာ ဂရုစိုက်ချင်တဲ့ လူတွေရှိနေမှာပါ"

"အဲဟွန်း ထားက ကျွန်တော်ကို အထင်ကြီးတာပဲဗျာ၊ ဒီနေ့ဒီချိန်ထိ ကျွန်တော်ပထမဆုံးခင်မိတဲ့ မိန်းကလေးဟာ 'ထား' ပါ"

သူက ထားနှင့် မျက်လုံးချင်းဆုံ၍ ပြော၏။ ထားက သူ့အကြည့်တွေကို ရှောင်လွဲကာ

"တကယ်သာဆိုရင် ကျွန်မဂုဏ်ယူစရာပေါ့ ဦးဝဏ္ဏမင်းရှိန်၊ ဟော့ စားစရာတွေလာပြီ"

သူတို့မှာထားသော စားစရာများရောက်လာ၏။ မွှေးလတ်ဆတ်သော ဟင်းလျာများ။

"ကျွန်မမှာထားတာတွေ ဦးဝဏ္ဏမင်းရှိန် ကြိုက်ပါတယ်နော်"

သူ့မျက်နှာကိုကြည့်ကာ ထားမေးသည်။ သူပြုံး၍

"အထူးမေးနေစရာမလိုပါဘူးဗျာ"

ဟုပြောတော့မှ ထား ပြုံးလေ၏။ တကယ်ပဲ ထားမှာပေး



www.burmeseclassic.com

www.burmeseclassic.com



သောဟင်းများကို သူ နှစ်နှစ်ခြိုက်ခြိုက်စားသည်။

"အို ဒီ ငါးဟင်းကော မစားဘူးလား ဦးဝဏ္ဏမင်းရှိန်"

ကျုပ်တို့ဟင်းတွေစားပေမယ့် 'ငါး'ဟင်းတစ်မျိုးမထိတာ ကြောင့် ထားမေးသည်။ သူပခုံးတွန့်ကာ

"ကျွန်တော် ငါးရိုးကြောက်တယ် ထား"

"ဒီငါးမှာ အရိုးအများကြီးမပါပါဘူး၊ ထားလုပ်ပေးမယ်"

ပြောပြောဆိုဆို ထားက ငါးထဲမှာပါသော အရိုးအနည်းငယ်ကို ဖယ်ရှား၍ အသားများထွင်ကာ သူ့ပန်းကန်ထဲထည့်ပေး၏။

ထိုသို့ ဂရုစိုက်ခံရသော ဝဏ္ဏမင်းရှိန်မှာ ရင်ထဲ 'စိမ့်'ခနဲ ဖြစ်သွားလျက် ထားကို မျက်တောင်မခတ် ကြည့်မိ၏။

"ဟင် ဘာဖြစ်လို့လဲ၊ ဦးဝဏ္ဏမင်းရှိန်"

သူ၏အကြည့်ကို သတိပြုမိလိုက်သော ထားက အံ့သြ သလိုမေးသည်။

သူပြုံး၍ ခေါင်းခါ၏။

"ဘာမှမဖြစ်ပါဘူး ထား၊ ထား ဒီလို ငါးအရိုးထွင်ပေး တာမြင်တော့ ကျွန်တော့်အမေကို ရုတ်တရက် သတိရလို့ပါ၊ ကျွန် တော်ငယ်ငယ်က ထမင်းစားချိန်မှာ 'ငါး'ဟင်းပါရင် အမေက





ဒီလိုပဲ အရိုးထွင်ပေးနေကြလေ ထား"

"ဪ အမေတွေဆိုတာ ဒီလိုပါပဲ ဦးဝဏ္ဏမင်းရှိန်၊ ကိုယ့်သားသမီး အန္တရာယ်မဖြစ်ရအောင် ဂရုစိုက်တတ်ကြပါတယ်"

"ဒါပေမယ့် အမေတိုင်းတော့ ဟုတ်မယ်မထင်နိုင်ဘူး ထား၊ သေချာတာကတော့ ထားမှာ မိခင်စိတ်ရှိတာ ဝမ်းသာစရာပဲ"

"မိန်းမသားတိုင်းဟာ အနည်းနဲ့အများတော့ မိခင်စိတ်ရှိ တတ်ကြပါတယ် ဦးဝဏ္ဏမင်းရှိန်"

မျက်လွှာလေးချကာ ထားပြော၏။ သူက ထားထည့်ပေး သော ငါးအသားလွှာများကို နှစ်ခြိုက်စွာစားလိုက်သည်။

ကောင်းလေစွဟု ပြောရမလိုပါပဲ။ ထား၏စေတနာတွေ ကြောင့်လေ။

ထမင်းစားပြီး 'ထား'ပြန်တော့ သူက

"ကျွန်တော် လိုက်ပို့ပါရစေ"

ဟု ခွင့်တောင်းတာကြောင့် ထား လက်ခံလိုက်ရသည်။ ညမီးရောင်တွေအောက်မှာ သူနှင့်အတူ ထားပြန်ခဲ့၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေရာလေးက သိပ်သာယာတာပဲ၊ ကျွန်တော်တို့ ခဏ လေညှင်းခံရအောင် ထား"

"ကောင်းပြီလေ၊ ဦးဝဏ္ဏမင်းရှိန် သဘောပါ"

သူက ဒီမြို့ရဲ့ဧည့်သည်ဖြစ်သဖြင့် သူမအလိုလိုက်မိ၏။ ကားကို လမ်းဘေးရှိ သစ်ပင်အောက်မှာရပ်၍ နှစ်ယောက်သား ဆင်းကာ လမ်းလျှောက်ရ၏။

"ထား"

"ရှင် ဦးဝဏ္ဏမင်းရှိန်"

နှစ်ယောက်သား လမ်းယှဉ်လျှောက်နေရာမှ သူခေါ်တာကြောင့် သူမ အသာငဲ့ကြည့်မိသည်။ သူက လေးနက်သောမျက်ဝန်းများဖြင့် သူမကိုကြည့်ကာ

"ကျွန်တော့်ဘဝမှာ ဒီအချိန်မတိုင်ခင်အထိ အလုပ်က





လွဲလို့ ဘယ်မိန်းမတစ်ယောက်ကိုမှ စိတ်မဝင်စားခဲ့ဖူးဘူးဆိုရင် ထား ယုံမလားဟင်"

သည်မေးခွန်း ဘာကြောင့်သူမကိုမေးရတာပါလဲဟု သူ့အား နားမလည်စွာ ကြည့်မိ၏။

"ကျွန်မက လူကဲခတ်တော့ သိပ်မကျွမ်းကျင်ဘူး ဦးဝဏ္ဏမင်းရှိန်၊ ဒါပေမယ့် ဘာကြောင့်မှန်းမသိဘဲ ကျွန်မစိတ်ထဲမှာ ဦးဝဏ္ဏမင်းရှိန်ကို အလိုလိုယုံကြည်မိနေတယ်"

"ထား တကယ်ပြောတာလားဟင်၊ ဝမ်းသာလိုက်တာ ထားရယ်၊ ကျွန်တော့်ဘဝမှာ အလိုချင်ဆုံးက ထားရဲ့ယုံကြည်မှုကိုပါ"

မီးရောင်အောက်မှာ ရွှန်းလက်သော မျက်လုံးများဖြင့်ကြည့်ကာ သူမကိုပြောလာသည်။

သူမပခုံးလေး အသာတွန့်မိရင်း

"ဘာကြောင့် ကျွန်မရဲ့ ယုံကြည်မှုက ရှင့်အတွက် အလိုအပ်ဆုံးဖြစ်နေရတာလဲ ဦးဝဏ္ဏမင်းရှိန်"

နားမလည်သော မျက်ဝန်းများဖြင့်ကြည့်ကာ သူ့ကိုမေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြုံးသည်။

"ဘာကြောင့်လဲဆိုတော့ ကျွန်တော် ထားကိုချစ်မိနေလို့ပဲ"

"ရှင်"

ရုတ်တရက် သူမခြေလှမ်းတွေ ရပ်တန့်သွား၏။ သူလည်း ရပ်လျက် နှစ်ယောက်သား မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

သူက တည်ငြိမ်လေးနက်သော မျက်ဝန်းများဖြင့် သူမအား နူးညံ့စွာကြည့်လာ၏။

"ဟုတ်တယ် ထား၊ ထားနဲ့ မတွေ့ခင်အထိ ကျွန်တော် ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့သမျှ ထားကိုတွေ့တဲ့အချိန်မှာတော့ ကျွန်တော်ရဲ့ အေးစက်နေတဲ့ နှလုံးသားဟာ နွေးထွေးလာခဲ့ရတယ်၊ ထားဟာ ကျွန်တော့်ဘဝအတွက် အချိန်တိုင်း သတိရစရာ မိန်းမတစ်ယောက်ဖြစ်နေပြီလေ"

"အို"

သူဒီလိုပြောမည်မထင်ခဲ့ပါ။ သူလို လူချောလူခန့် တစ်ယောက်မှာ အနည်းဆုံး ရန်ကုန်တွင် 'ချစ်သူ'တော့ ရှိနေမယ်ဟု ထင်ခဲ့၏။





"ကျွန်တော်တို့တွေ့ကြတာ မကြာသေးပေမယ့် ထားအပေါ် ချစ်မိတဲ့ အချစ်ကတော့ ကျွန်တော်အတွက် တစ်သက်စာ စွဲမြဲနေပြီလို့ ပြောပါရစေ"

ထားခေါင်းလေး ဖြည်းညှင်းစွာမော့လာသည်။ သူ့အကြည့်တွေကို ရင်ဆိုင်ရ၏။

"ကျွန်မအထင်တော့ ဦးဝဏ္ဏမင်းရှိန့်အနားမှာ ကျွန်မထက် စိတ်ဝင်စားစရာကောင်းတဲ့ မိန်းကလေးတွေ အများကြီးရှိနိုင်ပါတယ်"

"မှန်ပါတယ် ထား၊ ကျွန်တော် မငြင်းပါဘူး၊ ဒီအချိန်ထိ ကျွန်တော့်မေတ္တာကို လိုချင်တဲ့ မိန်းကလေးတွေ ရှိနိုင်ပေမယ့် သူတို့ကို ကျွန်တော်က ရေစက်ရှိတယ်လို့ မထင်မိဘူးလေ၊ ထားနဲ့ကြမှ ကျွန်တော်ရင်ခုန်တတ်တာ မဆန်းဘူးလားဟင်"

အပြုံးဖြင့်သူပြောသည်။ သူမမျက်နှာလေး အလိုလိုနီလာကာ ရင်ခုန်သံမြန်ချင်လာရ၏။

"ကျွန်တော့်ကို အဖြေပေးနိုင်မယ် မဟုတ်လား ထား"

"ဒါကတော့"

"ဘာလဲဟင် ကျွန်တော်ကို ထား မယုံလို့လား၊ အချစ်



www.burmeseclassic.com

www.burmeseclassic.com



ထိရှနဲ့ပတ်သက်ရင်တော့ ထားယုံပါ၊ ကျွန်တော်အတွက် ထားဟာ ထေထေခံဆုံးပါဗျာ''

တစ်စုံတစ်ယောက်၏အချစ်ကို ကြိတ်ကာမျှော်လင့်ခဲ့ပေမယ့် ယနေ့အချိန်ထိ မရခဲ့သော သူမအတွက် ဤလူချောလူခန့်ကြီး ဦးဝဏ္ဏမင်းရှိန်၏ အချစ်ကိုတောင်းခံမှုကြောင့် ရင်ထဲ နွေးထွေးလာတာ ငြင်းမရပေ။

သို့သော် သူနှင့်ထားက တွေ့တာမကြာသေးသလို တကယ်တမ်းမှာ သူ့အကြောင်းကို ထားဘာမျှ သေချာမသိပါ။

''အချစ်ဟာ အချိန်နဲ့မဆိုင်ဘူးဆိုတာ သိပေမယ့် ကျွန်မက မိန်းမသားဖြစ်လေတော့ ဦးဝဏ္ဏမင်းရှိန်အနေနဲ့ နည်းနည်းအချိန်ပေးစေချင်ပါတယ်''

''ကျွန်တော်နားလည်ပါတယ် ထား၊ အလုပ်နဲ့ပတ်သက်ရင် ဆန္ဒစောတတ်တဲ့ ကျွန်တော်က အချစ်ရေးမှာလည်း ဒီလိုဖြစ်ခဲ့ရင် ခွင့်လွှတ်ပါဗျာ''

သည်တော့ သူမလှစ်ခနဲပြုံးမိရ၏။ ဦးဝဏ္ဏမင်းရှိန်လို တစ်သက်လုံး စီးပွားရေးကိုသာ အဓိကထားခဲ့သော လူတစ်ယောက်အတွက် အချစ်နှင့်စီးပွားရေး အတူတူမြင်နေတတ်တာ မဆန်းပေ





ထင်မိ၏။

''တစ်ခုတော့ ကျွန်မပြောချင်တယ်''

''ပြောပါ ထား''

သူ့ပုံစံက သူမပြောသမျှကို စိတ်ရှည်စွာ နားထောင်မည့်ဟန်။

''ကျွန်မပြောချင်တာက တခြားမဟုတ်ပါဘူး၊ ဦးဝဏ္ဏမင်းရှိန်၊ ကျွန်မဟာ မြကြာယံမှာနေပေမယ့် တကယ်တမ်း မြကြာယံနဲ့ ဘယ်လိုမှမပတ်သက်တဲ့ မိန်းကလေးပါ၊ နောက်တစ်ခုက ကျွန်မမှာ မိဘနှစ်ပါးလုံး မရှိတော့ဘဲ ကိုယ့်ဘာသာ တစ်ကောင်ကြွက်ဘဝနဲ့ မြကြာယံက အမေနန်းကောင်းမှုကြောင့် ဒီအချိန်ထိ ရပ်တည်ခွင့်ရခဲ့တာပါလို့''

သူမပြောသမျှနားထောင်ပြီး သူ စူးစိုက်စွာကြည့်နေ၏။ သူမစကားဆုံးတော့

''အဲဒီတော့''

''ဟုတ်ကဲ့ ကျွန်မလို ဘာမှမရှိတဲ့ သာမန်မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို ဦးဝဏ္ဏမင်းရှိန် ထည့်စဉ်းစားဖို့ပြောချင်တာပါ''



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်စွာပဲ သူမပြောလိုက်၏။ သူမျက်နှာပြုံးသွားသည်။ သူက ဖျတ်ခနဲ သူမပခုံးလေးနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်သည်။

"ဒီမှာ ထား၊ ကိုယ်ထားကို သဘောကျတာ ဒီလိုပွင့်လင်းတဲ့ အမူအရာတွေကြောင့်ပဲ၊ လောကမှာ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ဆိုရင် ကိုယ့်အတွက် အချစ်ကြောင့်ကလွဲလို့ တခြားဘာအကြောင်းမှမရှိဘူး ထား၊ ဒါကြောင့် ထားပြောတဲ့ အကြောင်းအရာတွေအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ထားစဉ်းစားရမှာက ကိုယ့်အချစ်ကို လက်ခံဖို့ပါကွယ်"

ဘယ်လောက်များ ရင်ခုန်စရာကောင်းလိုက်တဲ့ စကားတွေလဲဟင်။

သူမကိုချစ်တာ တခြားဘာအရာမှ မပါဝင်တဲ့ အချစ်တစ်ခုတည်းအတွက်ဆိုပါလား။

"ဦးဝဏ္ဏမင်းရှိန်က အချစ်နဲ့လက်ထပ်ခြင်းကို အတူတူပဲလို့ သဘောထားတာလားဟင်"

လှပသောမျက်ဝန်းဝိုင်းလေးများဖြင့် သူမမေးမိ၏။ သူပြုံး၍ ခေါင်းညိတ်သည်။





"ဒါပေါ့ ထား၊ လောကမှာ ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူဟာ တစ်ယောက်တည်းဖြစ်ရမယ်၊ အဲဒါ ကိုယ့်ဘဝအတွက် နဂိုကတည်းက ဆုံးဖြတ်ချက်ပဲထား"

သူ၏အပြုံးမှာ နွေးထွေးရင်းနှီးမှုတွေ ပါဝင်နေသည်။ တကယ်လို့ သူမကသာ သူ့ကို ခေါင်းညိတ်လိုက်လျှင် ဒီနေ့ဟာ သူနဲ့လက်ထပ်ဖို့ ကတိပေးလိုက်ခြင်းသာဖြစ်လိမ့်မည်။

"ယောက်ျားတိုင်းဟာ အချစ်နဲ့လက်ထပ်ခြင်းကို အတူတူလို့ သဘောထားရင် သိပ်ကောင်းမှာပဲနော်၊ တချို့ကြတော့ ချစ်ရုံသာချစ်တတ်ကြပြီး လက်ထပ်ဖို့ တာဝန်မယူချင်ကြဘူးလေ"

မိန်းမသားများဘက်မှ သူမစာနာ၍ပြောသည်။

"မှန်ပါတယ် ထား၊ လောကမှာ ထားပြောသလို ယောက်ျားတွေရှိပါတယ်၊ ကိုယ့်အမြင်တော့ အဲဒါဟာ ကိုယ့်တာဝန်ကိုယ်မယူချင်တဲ့ ယောက်ျားမပီသတဲ့လူတွေရဲ့ လုပ်ရပ်ပဲ၊ ကိုယ်ကတော့ ထား ဒီနေ့ ခေါင်းညိတ်ရင် မနက်ဖြန်လက်ထပ်ဖို့စဉ်းစားမယ့်လူမျိုးပါ"

"ဦးဝဏ္ဏမင်းရှိန်ကို ထားယုံပါတယ်"

တိုးညှင်းသောလေသံလေးဖြင့် သူမပြောမိသည်။ သူပြုံး၍

www.burmeseclassic.com



ကြည့်၏။

"ဒီနေ့ ကိုယ်ကိုယုံတယ်လို့ ထားပြောတာ နှစ်ကြိမ်ရှိပြီ နော်၊ ဒါကြောင့် ကိုယ့်စကားကို သုံးကြိမ်မြောက်ယုံတယ်လို့ ထား နှုတ်ဖျားကကြားချင်ပါတယ်၊ ကဲ ခုတော့ ထား နောက်ကျမယ် မြန်မြန်"

"ဟုတ်ကဲ့"

အပြန်လမ်းခရီးမှာ တစ်ယောက်နဲ့တစ်ယောက် စကား မပြောမိသည့်တိုင် နှလုံးသားတို့က အလိုလိုနွေးထွေးနေကြသည် ထင်မိ၏။

သုံးကြိမ်မြောက် ယုံပါရစေတဲ့။

သူဘာကို ဆိုလိုတာမသိပေမယ့် သူမကတော့ သုံးကြိမ် မြောက်မှာလည်း သူ့ကို ယုံနေမည်ဟုထင်လေသည်။

* * *



"စိုင်းနောင်က ပြောလိုက်ပါတယ်သူဌေး၊ ဒီခြံတွေကို လုံးဝမရောင်းပါဘူးတဲ့"

ဟိုတယ်သို့ သူပြန်ရောက်တော့ ကိုစိုးကြီးက သတင်း ပို့လာ၏။ ထားနှင့်တွေ့ပြီး ကြည်နူးစိတ်ဖြင့် ပြန်လာသော ဝဏ္ဏမင်း ရှိန်မှာ ကိုစိုးကြီးထံမှ သတင်းကြောင့် အာရုံနောက်ကျိသွားရသည်။

"သူ ဒီလိုငြင်းလိုက်တာတော့ ဟုတ်ပါပြီ၊ မြကြာယံက အန်တီနန်းရဲ့ သဘောထားကကော ဘယ်လိုတဲ့လဲ ကိုစိုးကြီး"

"မြကြာယံက သဘောထားဟာလည်း စိုင်းနောင်ရဲ့ အဖြေနဲ့ အတူတူပါပဲတဲ့ သူဌေး"

"သြော်"

ခြံတွေကို ပေါက်ဈေးထက်ပိုပေးမည်ဆိုတာတောင်မှ မြကြာယံဘက်က ငြင်းနေတာကြောင့် ဝဏ္ဏမင်းရှိန်အတွက် စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

ရောဖြစ်လာ၏။ သူတိတ်ဆိတ်သွားတော့ ကိုစိုးကြီးက လှမ်းကြည့်သည်။

"ကျွန်တော်တို့ ဘာဆက်လုပ်မကြမလဲ သူဌေး"

"ဒီကိစ္စကို ဦးဇော်မွန်း သိပြီလား ကိုစိုးကြီး"

"စောစောက သူဌေးပြန်မလာခင် ဦးဇော်မွန်းရောက်လာပြီး ကျွန်တော်ကို အခြေအနေမေးတာနဲ့ ဒီအကြောင်းတွေ ပြောပြလိုက်ပါဘယ် သူဌေး"

"ဟာင်"

ကိုစိုးကြီးက အပြစ်ရှိသူတစ်ယောက်လို သူ့ကို ဝန်ခံလာ၏။ သူ့ မျက်မှောင်တွန့်သွားသည်။ အမှန်ပြောရလျှင် သူ့အနေဖြင့် ဒီကိစ္စကို ဦးဇော်မွန်းအား အသိမပေးချင်ပါ။

"ကျွန်တော် မှားသွားပါတယ် သူဌေး"

သူခေါင်းခါယမ်းလိုက်၏။ အခိုက ဦးဇော်မွန်း ဒီကိစ္စမှာ မပါဝင်ဖို့ပင်။

"ဦးဇော်မွန်း ဘာပြောသွားလဲ"

"သူဌေးကို စောင့်နေသေးတယ် နောက်တော့ ကိစ္စရှိလို့ဆိုပြီး ပြန်သွားပါတယ်"





သူ့စိတ်ထဲ ထင့်ခနဲဖြစ်သွား၏။ ဦးဇော်မွန်း၏ကိစ္စဆိုတာ တစ်စုံတစ်ရာနဲ့ ပတ်သက်နေသလား။

"စိုင်းနောင်ဆိုတဲ့လူနဲ့ ကျွန်တော်ထပ်ပြီး ဆွေးနွေးကြည့်မယ် ကိုစိုးကြီး"

"ကျွန်တော့်အမြင်တော့ အဲဒီလူနဲ့ ထပ်တွေ့လည်း မထူးဘူးထင်ပါတယ် သူဌေး၊ အခိက မြကြာယံကို သူဌေး တိုက်ရိုက်ဆွေးနွေးရင်"

"မဖြစ်ဘူး ကိုစိုးကြီး၊ မြကြာယံကို ကျွန်တော်မသွားနိုင်သေးဘူး"

ကြားဖြတ်မှာပဲ သူငြင်းလိုက်သည်။ ကိုစိုးကြီးက သူ့ကို နားမလည်သလို ကြည့်၏။

"မြကြာယံကို မသွားချင်ဘူးဆိုတာ မမထားကြောင့်လား သူဌေး"

ကိုစိုးကြီးအမေးကို မဖြေဘဲ ဝရန်တာမှန်ရှိန် ပြတင်းပေါက်မှာ သွားရပ်၏။ အလုပ်နှင့်ပတ်သက်လျှင် ပြတ်သားတတ်သော သူလိုလူက ဒီလိုဝေခွဲမရဖြစ်နေတာ ကိုစိုးကြီးအတွက် ပထမဆုံး တွေ့ဖူးခြင်းပါ။


www.burmeseclassic.com

www.burmeseclassic.com



"မြကြာယံနဲ့ မမထားဟာ ဘာမှမဆိုင်ဘူးလို့ သူဌေး လည်းသိထားတာပဲ မဟုတ်လား"

သူဖျတ်ခနဲ လှည့်ကြည့်၏။

"ကျွန်တော် ထားကို ချစ်မိနေပြီ ကိုစိုးကြီး၊ ဒီနေ့ပဲ ထားကို ချစ်ကြောင်း ကျွန်တော်ဖွင့်ပြောခဲ့ပြီ"

"ဟာင်"

'အလုပ်'ကလွဲလို့ အချစ်ဆိုတာကို ဘယ်တုန်းကမှ စိတ် မဝင်စားခဲ့သော သူလိုလူက ယခုတော့ မိန်းမတစ်ယောက်ကို ချစ်နေမိပြီဟု ဝန်ခံလိုက်တာပါလား။

ကိုစိုးကြီးက သူ့ကို အံ့သြသလိုကြည့်ပြီး

"ကျွန်တော် နားကြားမလွဲပါဘူးနော် သူဌေး"

"ခင်ဗျား နားကြားမလွဲပါဘူး ကိုစိုးကြီး၊ လောကမှာ တစ်ခါတော့ ချစ်တတ်ကြတယ်မဟုတ်လား"

ပြောရင်း သူ့မျက်ဝန်းတွေက ထားကိုမြင်ယောင်လာလျက် နူးညံ့လာ၏။

"ဒါပေမယ့် သူဌေးဗျာ"

"ဘာလဲ ခင်ဗျားက ကျွန်တော်ကို မချစ်တတ်တဲ့ကောင်





လို့ ထင်နေခဲ့တာလား ကိုစိုးကြီး၊ အပျော်း ကျွန်တော် ခင်ဗျားကို ပြောခဲ့သားပဲ၊ ကျွန်တော် အလုပ်ထက်ပိုပြီး စိတ်ဝင်စားရမယ့် မိန်းကလေးမျိုးတွေ့ခဲ့ရင် ဆိုတာလေ"

ကိုစိုးကြီး ခေါင်းညိတ်သည်။ ထိုစကားကို ဒီမြို့မရောက်ခင်မှာပဲ သူတို့ပြောခဲ့ကြသည်။

"မထားက သူဌေးအတွက် အလုပ်ထက်ပိုပြီး အရေးကြီး တယ်လို့ ဆိုလိုတာလားဗျာ"

"ဒါပေါ့ ကိုစိုးကြီး၊ ထားက ကျွန်တော့်ဘဝအတွက် ပထမဆုံးနဲ့နောက်ဆုံးချစ်မိတဲ့ မိန်းမတစ်ယောက်ပဲ၊ ဒါကြောင့် ထား စိတ်အနှောင့်အယှက်ဖြစ်မှာမျိုး ကျွန်တော်မလုပ်ချင်ဘူးဗျာ"

'အချစ်'နှင့်ပတ်သက်ပြီး သူဒီလောက် ပျော့ညံ့လိမ့်မည် ဟု ကိုစိုးကြီး မထင်ခဲ့ပါ။

"ဒါဆို မြကြာယံကို ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ သူဌေး"

"ဦးဇော်မွန်းနဲ့တိုင်ပင်ပြီး တခြားနေရာတစ်ခုခုကို ကျွန်တော်တို့ ရွေးကြတာပေါ့ ကိုစိုးကြီး"

သည်တော့ ကိုစိုးကြီး ခေါင်းခါယမ်း၏။

စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူဌေး နောက်ကျသွားပြီလို့ ကျွန်တော်ထင်တယ်၊ ဒီနေ့ ဝဲ ဦးဓော်မွန်းသွားတာက မြကြာယံကိုဆိုရင်"

"ဘာ ဘာပြောလိုက်တယ် ကိုစိုးကြီး"

"ဟုတ်တယ် သူဌေး၊ စိုင်းနောင်က ငြင်းလိုက်တယ်လို့ ကြားတာနဲ့ မြကြာယံမှာ သူကိုယ်တိုင် သွားဆွေးနွေးမယ်ဆိုပြီး ထွက်သွားတာ"

"ဟာ"

သူနာရီကြည့်လိုက်၏။ အချိန်က အတော်နောက်ကျနေပြီ။ သည်အချိန် မြကြာယံသို့ သူသွားလျှင် ဘယ်လိုမှ မသင့်တော်ဟု နားလည်၏။

"ခင်ဗျား ဘာလို့စောစောက ကျွန်တော့်ကို မပြောတာလဲ ကိုစိုးကြီး"

"မြကြာယံကို သူဌေးမသွားချင်ဘူးလို့ ကျွန်တော်ထင်တာနဲ့၊ ဦးဓော်မွန်းသွားတာ ပိုပြီး အဆင်ပြေမယ်ထင်လိုက်လို့ပါ သူဌေး"

"ကျွတ်"

သူ့ စုတ်တစ်ချက်သတ်မိ၏။ သူနှင့် ကိုစိုးကြီးဆိုတာ





ဆရာတပည့်လို နေခဲ့ရုံမဟုတ်။ တစ်ခါတစ်ရံမှာ ညီအစ်ကိုလို ဆက်ဆံတတ်ကြ၏။ ကိုစိုးကြီးပြောတာ သူကောင်းဖို့ဆိုပေမယ့် မြကြာယံသို့ ဦးဓော်မွန်းသွားတာ သူ့အတွက် အခြေအနေရှုပ်ထွေး စရာပါ။

"ဦးဓော်မွန်းဆီ ဖုန်းခေါ်ပါ ကိုစိုးကြီး"

"ဟုတ်ကဲ့"

ဦးဓော်မွန်းတစ်ယောက် မြကြာယံသို့သွားပြီး ဘာတွေ ပြောခဲ့မလဲဟု သူစိတ်ရှုပ်စွာတွေး၏။

"ဖုန်းပြောလို့ရပါပြီ သူဌေး"

ကိုစိုးကြီးလက်ထဲမှ ဖုန်းကို သူပြောင်းကိုင်လိုက်သည်။

"ဟဲလို"

"ဦးဓော်မွန်း ခင်ဗျား အခု ဘယ်မှာလဲ"

"ဟဲ ဟဲ မောင်ရင်က ကျုပ် မြကြာယံမှာရှိနေတုန်းလို့ ထင်တာလား"

အရက်သောက်ထားဟန်ရှိသော ဦးဓော်မွန်း၏အသံက အနည်းငယ်လေးနေသည်။

"ကျွန်တော် ခင်ဗျားဆီလာခဲ့မယ်၊ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"နီး နီး၊ ဒီအချိန် ကျုပ် မင်းကို ညှော်ခံနိုင်မှာမဟုတ်ဘူး မောင်ရင်၊ ဒါပေမယ့် မောင်ရင်အတွက် သတင်းကောင်းတော့ပေးလိုက်မယ်၊ ကျုပ် မြကြာယံကိုသွားပြီး ခြံတွေရောင်းဖို့အကြောင်းပြောခဲ့တယ်၊ ဝယ်မယ့်လူက သိပ်ချမ်းသာပြီး အပန်းဖြေစခန်းဆောက်ချင်လို့ ပေါက်ဈေးထက် ပိုပေးတာလို့"

"ဟင်"

သူ့အကြောင်းတွေပါ ဦးဇော်မွန်းထည့်ပြောခဲ့တာပါလား။ သည်အကြောင်း ထားသိသွားလျှင် သူ့ကို ဘယ်လိုထင်မလဲ။

"ခင်ဗျား ဘာကြောင့် ကျွန်တော်နဲ့မတိုင်ပင်ဘဲ မြကြာယံကို သွားရတာလဲ ဦးဇော်မွန်း"

သူ့ဒေါသဖြင့် အနည်းငယ်အော်လိုက်မိ၏။ အမှန်တော့ လူကြီးတစ်ယောက်ကို သူဒီလို ရိုင်းရိုင်းစိုင်းစိုင်း တစ်ခါမျှ မဆက်ဆံဖူးပါ။

"ဘာတိုင်ပင်စရာလိုလဲ မောင်ရင်၊ ဒါက မောင်ရင်နဲ့ ကျုပ် နှစ်ဦးနှစ်ဖက် ကောင်းဖို့ပဲ၊ ကျုပ်ကြားသလောက်တော့ မောင်ရင်ဟာ အလုပ်နဲ့ပတ်သက်ရင် အင်မတန်ပြတ်သားတယ်ဆို၊ ဒါပေမယ့် ဒီတစ်ခါကိစ္စမှာ ကျုပ်အမြင် မောင်ရင်မပြတ်မသားဖြစ်





နေပြီ၊ ဒါကြောင့် ဒီကို မောင်ရင် ဘာကြောင့်ရောက်လာရတယ်ဆိုတာ ပြန်စဉ်းစားပါ"

ဦးဇော်မွန်းကပြောပြီး ဖုန်းချသွား၏။ သူသက်ပြင်းချကျန်ခဲ့သည်။ တကယ်တော့ ဦးဇော်မွန်းဘက်ကကြည့်တော့လည်း မလွန်ပါ။

သည်ကိစ္စမှာ သူသာ ထားနှင့်မတွေ့ခဲ့လျှင် ဘာမှထောက်ညှာစရာမရှိဘဲ ဆောင်ရွက်သွားမည်မဟုတ်လား။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

"ထားဝင်ခဲ့မယ်နော် အမေနန်း"

အခန်းတံခါးဖွဖွခေါက်ကာ အသံပေးပြီး ထားခွင့်တောင်းလိုက်သည်။ အထဲမှ အမေနန်း၏ ခပ်ဖျော့ဖျော့အသံပေါ်လာသည်။

"အင်း ဝင်ခဲ့လေ ထား"

တံခါးကိုတွန်းဖွင့်၍ ထားဝင်ခဲ့လိုက်၏။ သည်မနက် အမေနန်းကို မနက်စာ စားချိန်ထိ မတွေ့ရတာကြောင့် ထားရောက်လာခြင်းဖြစ်သည်။

"ဟင် အမေနန်း နေမကောင်းဘူးလား"

မျက်နှာမကောင်းစွာနှင့် အိပ်ရာထဲလှဲနေသော အမေနန်းကိုမြင်တော့ ထား စိုးရိမ်စွာမေးမိ၏။

"အင်း ညက ဦးဇော်မွန်းပြန်သွားချိန်ကစပြီး အမေနန်း ဒီလိုဖြစ်သွားတာပဲ ထားရယ်"





"အို ဒီလူကြီးက မြကြာယံကို ဘာလာလုပ်တာလဲ အမေနန်း၊ ညက ထားပြန်ရောက်တော့ အမေနန်းအိပ်နေတယ်ဆိုလို့ လာနှုတ်မဆက်တာပါ"

ဦးဝဏ္ဏမင်းရှိန်ပြန်ပို့တော့ အချိန်က အနည်းငယ်နောက်ကျနေပြီ။ မြကြာယံမှာ အားလုံးအိပ်နေကြလျက် ကောင်မလေးတစ်ယောက်သာ ထားကိုစောင့်၍ တံခါးဖွင့်ပေးခြင်းဖြစ်၏။

"ညက ထား ပျော်ခဲ့ရဲ့လား"

"ရှင်"

"လူငယ်သဘာဝကို အမေနန်း နားလည်ပါတယ်ကွယ်၊ မောင်ဝဏ္ဏမင်းရှိန်နဲ့ဆို ထားဟာ လိုက်ဖက်ပါတယ်"

"အို"

မျက်နှာမကောင်းသည့်ကြားမှ အမေနန်းက ခပ်ဖျော့ဖျော့ပြုံး၏။ သူမကို မိခင်တစ်ယောက်လို နားလည်ပေးတဲ့အတွက် ဝမ်းသာရမလိုပါ။

"အမေနန်း ခုကော သက်သာရဲ့လားဟင်"

"လူကတော့သက်သာပါတယ်ကွယ်၊ ဒါပေမယ့် စိတ်ကတော့ မသက်သာချင်ဘူး၊ ညက ဦးဇော်မွန်းရောက်လာတာ ဟောဒီ



www.burmeseclassic.com

www.burmeseclassic.com

မြကြာယံနဲ့ မြကြာယံရဲ့ခြံတွေအားလုံးကို ရောင်းဖို့တိုက်တွန်းတာပဲ ထား"

"ဘာလဲ အမေနုန်း သူက မြကြာယံပိုင်ခြံတွေအားလုံးကို မတန်တဆစျေးနှိမ်ပြီး ဝယ်ချင်တာမဟုတ်လားဟင်"

ဦးခွန်လုံရှိစဉ်ကတည်းက တစ်မြေတည်းနေပေမယ့် ဦးဇော်မွန်းကို သဘောမကျခဲ့ပါ။ ဦးဇော်မွန်းလိုလူက ကိုယ်ချမ်းသာဖို့ကလွဲလို့ ဘာမှထည့်စဉ်းစားတတ်တာမျိုးမဟုတ်၍ ထား ကိုယ်တိုင်လည်း မဆက်ဆံပါ။

"မဟုတ်ဘူး ထား၊ ခုဟာက မြကြာယံနဲ့ခြံတွေအားလုံးကို ရန်ကုန်က ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်က သဘောကျလို့ တန်ဖိုးကို ပေါက်ဈေးထက်ပိုပေးပြီး ဝယ်မှာတဲ့ကွယ်"

"အို"

ထားအထင်နှင့်လွဲသွားတာမို့ အံ့သြမိ၏။ မှန်တာပြောရလျှင် ဦးခွန်လုံမရှိတော့သည်နောက်ပိုင်း မြကြာယံ၏ စီးပွားရေးအခြေအနေ မကောင်းခဲ့တာ ထားအသိ။

ထို့အတွက် စိုင်းနောင်ကိုရှာဖွေ၍ ထားခေါ်လာခြင်းဖြစ်၏။





"ဦးဇော်မွန်းက ဒီလိုတန်ဖိုးကြီးပေးပြီး ဝယ်မယ့်သူရှိတုန်း ရောင်းလိုက်ဖို့ အမေနုန်းကို လာတိုက်တွန်းတာလေ၊ အဲဒီသူဌေးကိုလည်း သူပဲ ဒီကိုခေါ်လာတာတဲ့၊ ဦးဇော်မွန်းအပြောအရတော့ သူကပဲ မြကြာယံအတွက် ကယ်တင်ရှင်လိုလိုပဲ ထားရဲ့၊ အဟင်း ခက်တာက အမေနုန်းဟာ လျှာပေါ်မြက်ပေါက်ပါစေ သွားလေသူမြတ်နိုးတဲ့ ဒီခြံ၊ ဒီမြေတွေကို ဘယ်သူ့လက်ထဲမှ မထည့်နိုင်ဘူးဆိုတာ ကိုဇော်မွန်း မသိတာပဲ"

စောစောက အရောင်မှေးနေသော အမေနုန်း၏မျက်လုံးများသည် ခုတော့ ခိုင်မာသော ဆုံးဖြတ်ချက်ကြောင့် အရောင်တလက်လက် တောက်ပလာသလိုပါပဲ။

"အမေနုန်း ဆုံးဖြတ်တာမှန်ပါတယ်၊ မြကြာယံဟာ အစဉ်အဆက် နေလာခဲ့ကြတာပဲ၊ ဘာအတွက်နဲ့မှ သူစိမ်းတစ်ယောက်လက်ထဲ မထည့်နိုင်တာ ဂုဏ်ယူစရာပါရှင်"

အမေနုန်းအပေါ် သံယောဇဉ်ရှိသော ထားက ထောက်ခံအားပေးလိုက်၏။ အမေနုန်းပြုံးကာ

"ဒီအကြောင်းတွေ တိုင်ပင်ဖို့ စိုင်းကို ခေါ်ထားတယ် ထား"


www.burmeseclassic.com

www.burmeseclassic.com



“ဟင် ဟုတ်လား၊ ဒါဆို သူစားဖို့ ထားကိုယ်တိုင် ဟင်းစီစဉ်မှုပဲ အမေနန်း၊ အမေနန်းအတွက် မနက်စာကို အခန်းထဲ ပို့ပေးရမလားဟင်”

“အေးကွယ်”

စိုင်းနောင်အပေါ်တွင်လည်း သံယောဇဉ်ရှိသော ‘ထား’ကို သက်ပြင်းကြိတ်ချလျက် ခေါ်နန်းကြည့်မိ၏။ မှန်တာပြောရလျှင် မြကြာယံနှင့် အနီးစပ်ဆုံးဖြစ်တဲ့ စိုင်းနောင်နှင့်ထားကို ပြေလည်စေချင်ပေမယ့် နှလုံးသားရေးရာဆိုတော့ ဘေးလူကဝင်၍ ဆုံးဖြတ်လို့ရတာမှမဟုတ်ပဲ။

အမေနန်း အခန်းက ထားထွက်လာစဉ်, ဖုန်းသံပေါ်လာ၏။

ထား ဖုန်းကိုင်၍ ဝရန်တာထွက်ခဲ့သည်။

“ဟဲလို”

“ထား”

ဦးဝဏ္ဏမင်းရှိန်၏အသံက ဖုန်းထဲမှာပင် ကြည်လင်ပြတ်သားနေသည်။

“ညက ထားကိုပို့ပြီး ကိုယ် တော်တော်နဲ့ အိပ်မပျော်





ဘူး”

“အဟင်း ပင်ပန်းသွားလို့ဖြစ်ပါလိမ့်မယ် ဦးဝဏ္ဏမင်းရှိန်”

“ထားက ဒီလိုပဲ ထင်သလားဟင်၊ ကိုယ်အိပ်မပျော်တာ ထားကိုသိပ်သတိရလွန်းလို့ဗျ”

ထိုစကားကြောင့် ထား ရုတ်တရက် ငြိမ်သွား၏။ ဝန်ခံရလျှင် ထားရင်ထဲ လှုပ်ခတ်သွားခြင်းပါ။

“ထား”

“ပြောပါ ဦးဝဏ္ဏမင်းရှိန်”

“ကိုယ် ထားအတွက် ပန်းခြင်းပို့လိုက်တယ်၊ မကြာခင် ရောက်လာလိမ့်မယ် ထား”

“နေ့တိုင်း ပန်းပို့ပေးတာ ထားအတွက် အားနာစရာဖြစ်နေပြီရှင်”

ဟန်လုပ်ပြီးပြောလိုက်ရသည့်တိုင် ထားစိတ်ထဲ သတိတရဖြင့် ပန်းခြင်းပို့ပေးတဲ့သူကို ကျေးဇူးတင်မိပါ၏။

“ကိုယ်က ထားအတွက် အားနာရမယ့်လူလားဟင်၊ ဒီတစ်ခါ ကိုယ်ပို့ပေးလိုက်တဲ့ပန်းက အဖြူရောင်နှင်းဆီနဲ့ ပန်းနုရောင်နှင်းဆီတွေပဲ ထား”



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပါတယ် ဦးဝဏ္ဏမင်းရှိန်၊ ထား အဲဒီအရောင်တွေ ...''

သူမက ရိုးစင်းစွာပြန်ဖြေမိတော့ တစ်ဘက်မှ သူရယ်နေ၏။

''အဟွန်း ကိုယ်ပို့ပေးတဲ့အရောင်ကို ထား ကြိုက်တယ်ဆိုလို့ ဝမ်းသာပါတယ်ဗျာ၊ ဒါပေမယ့် ကိုယ်က ဒီနေ့ တမင်ပဲ အဲဒီအရောင်တွေ ထားဆီ ရွေးပို့ပေးလိုက်တာ''

''ဟင် ဟုတ်လား၊ ဒါဆို ဘာအဓိပ္ပါယ်နဲ့လဲ ဦးဝဏ္ဏမင်းရှိန်''

သူတစ်ခဏ ငြိမ်သွားပြီးမှာ လေးနက်သောအသံဖြင့်

''ကိုယ့်အချစ်တွေဟာ ထားအပေါ် ဘာမှဖျော့လင့်ခြင်းမရှိတဲ့ အဖြူရောင်ပါလို့ ပြောပြချင်တာပါ ထား၊ ပန်းနုရောင်ကတော့ ကိုယ့်ရင်ထဲက အချစ်ကို ကိုယ်စားပြုတာလေ၊ အချစ်တစ်ခုတည်းအတွက်ပါလို့ ထားကို ယုံစေချင်တာပါကွယ်''

''အဟင်း ဟုတ်ပါပြီတဲ့ရှင်၊ ဦးဝဏ္ဏမင်းရှိန်က ထားကို ယုံစေချင်တယ်လို့ ပြောတယ်နော်၊ ထားအနေနဲ့ ဘယ်တုန်းကများ ဦးဝဏ္ဏမင်းရှိန်ရဲ့ အချစ်ကို မယုံဘူးလို့ ပြောမိလို့လဲဟင်''





အမှတ်တမဲ့ဆိုလိုက်သော ထား၏စကားက တစ်ဖက်မှ သူ့အတွက် အံ့သြဝမ်းသာစရာဖြစ်သွားသည်။

''ဗျာ ဒါဆို ထားက ကိုယ့်အချစ်ကို ယုံတယ်ပေါ့နော်''

''အို''

ယခုမှသတိပြုမိလိုက်သော ထားမှာ ပြောမိတဲ့စကားကို ပြန်လည်ပြင်ဆင်ချိန်မရတော့ပါ။

''ကိုယ် ဝမ်းသာလိုက်တာထားရယ်၊ ကိုယ့်အချစ်ကို ယုံတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဲဒီစကားကို ထားနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး ကိုယ်နားထောင်ချင်လိုက်တာဗျာ''

''အို ကျွန်မ လာနိုင်မယ်မထင်ဘူး''

''အဟွန်း ထားလာနိုင်မယ့်အချိန် ကိုယ်စောင့်မျှော်နေပါ့မယ်ဗျာ၊ ထား ကိုယ့်ကို ချစ်တယ်နော်''

''ရှင် ဒါက''

''အဟွန်း မငြင်းပါနဲ့တော့ ထားရယ်၊ ကိုယ့်အချစ်ကို ယုံတာ ကိုယ့်ကိုလက်ခံတာပဲပေါ့၊ ညနေ တွေ့ကြရအောင်နော် ထား ဘိုင်''

''အို ဦးဝဏ္ဏမင်းရှိန်''



www.burmeseclassic.com

www.burmeseclassic.com


သို့သော် သူက တစ်ဘက်မှ ဖုန်းချသွားလေပြီ။ ထားမှာ တစ်ယောက်တည်း ပြုံးကျန်ရစ်ခဲ့သည်။

မထင်မှတ်ဘဲ သူ့အချစ်ကို လက်ခံမိလိုက်ပါလား။

* * *

"ထား"

"ဟင် စိုင်း"

ဦးဝဏ္ဏမင်းရှိန်နှင့် ဖုန်းပြောပြီး၍ လှည့်ထွက်စဉ် ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော စိုင်းနောင်ကို ထား တွေ့လိုက်ရ၏။

"စောစောက ဖုန်းဆက်တာ ဘယ်သူလဲ ထား"

အပြာရင့်ရောင်ဂျင်းဘောင်းဘီကို လည်စွပ်ဆွယ်တာ အနက်ခံထားပြီး အပေါ်မှ ဂျင်းဂျာကင်ဝတ်ထားသော စိုင်းနောင်က ခြံအလုပ်သမားပီသစွာ ကြံ့ခိုင်လျက် မျက်နှာချင်းဆိုင် အနေအထား ဖြင့် သူမကိုမေး၏။

ထားက လက်ထဲမှာကိုင်ထားသော ဖုန်းလေးကို တစ်ချက် ငုံ့ကြည့်ပြီး ညာမပြောတတ်တဲ့အလျောက်



www.burmeseclassic.com

www.burmeseclassic.com



"ဦးဝဏ္ဏမင်းရှိန်ဆီကပါ စိုင်း"

ဟု အမှန်အတိုင်းပြောလိုက်သည်။ ဝဏ္ဏမင်းရှိန်ဆိုသော နာမည်ကြားတာနှင့် စိုင်းနောင် မျက်နှာပျက်သွား၏။

"ထားကို သူနဲ့ပတ်သက်ပြီး ကိုယ်ပြောစရာရှိတယ်"

"ဘာပြောမှာလဲ စိုင်း၊ ဝဏ္ဏမင်းရှိန်ဟာ မြို့သားလူလည် တစ်ယောက်မို့ သူ့ကိုမယုံဖို့ဆိုတဲ့ အကြောင်းမျိုးလားဟင်"

ခပ်ရွှံ့ရွှံ့ ထား မေးလိုက်မိသည်။ စိုင်းနောင်က ထား၏ အမေးကြောင့် မျက်ခုံးထူထူတို့ အသာတွန့်သွားသည်။

"ဘယ်လိုပြောလိုက်တာလဲ ထား၊ ကိုယ်နဲ့ထားဟာ ငယ်စဉ်ကတည်းက ရင်းနှီးခင်မင်ခဲ့သူတွေပါ၊ ထား တစ်စုံတစ်ရာ မှားမှာကို ကိုယ်က ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား"

"ဪ ဦးဝဏ္ဏမင်းရှိန်နဲ့ပတ်သက်လို့ ထား တစ်ခုခုမှား ယွင်းမှာကို စိုင်းက စိုးရိမ်တယ်ပေါ့လေ၊ အဟင်း ဒီအတွက် ကျေးဇူးတင်ပါတယ် စိုင်း၊ ဒါပေမယ့် သူနဲ့ပတ်သက်ပြီး ထား ဘက်က ဘာမှမှားယွင်းစရာမရှိဘူး ထင်ပါတယ်၊ တကယ်လို့ မှားယွင်းခဲ့ရင်တောင်မှ အဲဒါဟာ ထားရဲ့ဆုံးဖြတ်ချက်ကြောင့် ထား သတ္တိရှိရှိခံပါ့မယ်"





စိုင်းနောင် ခေါင်းခါယမ်းမိ၏။ ထားစကားတွေက သူ့ အပေါ် တမင်အရွဲ့တိုက်သလိုဖြစ်နေတယ်ဟု ခံစားရသည်။

"ထားဘာကိုဆိုလိုတာလဲဟင်၊ ဦးဝဏ္ဏမင်းရှိန်နဲ့ပတ်သက် ပြီး ထားတစ်ခုခု ဆုံးဖြတ်ထားသလားဟင်"

လှပသော ထားမျက်နှာလေးကိုကြည့်၍ စိုင်းနောင် မေးမိ သည်။ ထားက စိုင်းနောင်ကို တောင်းပန်သလိုကြည့်၏။

"ဝမ်းနည်းပါတယ် စိုင်း၊ ထား ခုပဲ သူ့အချစ်ကိုလက်ခံ လိုက်ပါပြီ"

"ဘာ ဘာပြောတယ်ထား၊ မင်း မင်းက ဦးဝဏ္ဏမင်းရှိန် ရဲ့အချစ်ကို လက်ခံလိုက်ပြီဟုတ်လား၊ မင်း မင်း ဘာကြောင့် ဒီလိုလုပ်တာလဲဟင်၊ သူ့အကြောင်း မင်းဘယ်လောက်သိလို့လဲ ထား"

စိုင်းနောင်က ပေါက်ကွဲစွာဖြင့် ထား၏ပခုံးလေးနှစ်ဘက်ကို ခပ်ကြမ်းကြမ်းလှုပ်၍ မေးသည်။

ထားက သူ့လက်များကို ဖယ်ရှားပြီး ခပ်စူးစူးကြည့်၏။

"ဒီမှာ စိုင်း၊ ဦးဝဏ္ဏမင်းရှိန်နဲ့ထားတို့ တွေ့ဆုံကြသေးတာ မကြာသေးဘူးဆိုပေမယ့် သူဟာ ထားအပေါ် ကြင်နာတယ်၊

www.burmeseclassic.com



ကရှစိုက်တယ်၊ အဟောင်း စိုင်းမေးသလို ခဏာတာတွေ့ရတဲ့ ဦးဝဏ္ဏမင်းရှိန်ရဲ့အကြောင်းကို ထား ဘယ်လောက်မှ မသိဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် သူက ထားကိုချစ်တယ်လေ၊ တစ်သက်လုံး အကြောင်းသိလာတဲ့ လူတစ်ယောက်ရဲ့အချစ်ကိုကော ထားက ဘယ်အချိန်ထိ စောင့်နေရမှာလဲဟင် စိုင်း၊ ပြောပါဦး"

စိုင်းနှင့်ပတ်သက်ပြီး ထား တစ်သက်လုံး ကြိတ်၍ မျှော်လင့်ခဲ့သမျှ ယခုတော့ ပေါက်ကွဲစွာမေးမိ၏။

"ထားရယ်"

သည်အချိန်ကြမှ စိုင်းဘက်ကကော ထားကို ဘာပြောနိုင်မည်နည်း။ မည်သူမဆို လှသောပန်းလေးတစ်ပွင့်ကို လိုချင်ကြမှာ ပေမယ့် ခူးယူဖို့ဆိုလျှင် အခြေအနေပေါ်မူတည်သေးတာပဲ။

မျက်ရည်လည်သောမျက်လုံးကြီးများဖြင့် စိုင်းကိုကြည့်ကာ ထား မေးလိုက်ခြင်း။

"စိုင်း တစ်ခုခုမပြောနိုင်ဘူး မဟုတ်လားဟင်၊ ဒါကြောင့် ထားကိုချစ်တဲ့ ဦးဝဏ္ဏမင်းရှိန်ကို ထားပြန်ချစ်မိလို့ မှားပါစေ၊ ထားခံယူပါမယ်၊ ဒါပါပဲ စိုင်း"

ဆက်နေလျှင် စိုင်းရှေ့မှာ မျက်ရည်ကျမည်စိုး၍ ထား





ထွက်ခဲ့သည်။

စိုင်းနောင်က နေရာမှရပ်ရင်း ထား၏နောက်ကျောပြင်လေးအား ငေးကြည့်ကျန်ခဲ့သည်။

"ဦးဝဏ္ဏမင်းရှိန်ဟာ မင်းအပေါ် တကယ့်မေတ္တာစစ်နဲ့ ချစ်ပါစေလို့ ကိုယ်ဆုတောင်းပါတယ် ထား"

စိုင်းနောင်မှာ ထားနှင့်ပတ်သက်၍ ရင်ထဲက တိုးတိတ်စွာ ဆုတောင်းလိုက်၏။

"အစ်ကိုစိုင်း အမေနန်းစောင့်နေပါတယ်ရှင်"

ကောင်မလေးတစ်ယောက်ကလာပြောမှ စိုင်းနောင် လာရင်းကိစ္စကို သတိရသွား၏။

"ဟင် အေး၊ ငါ အခုလာခဲ့မယ်"

"ဟုတ်ကဲ့"

မကြာယံသို့လာတာ အမေနန်းခေါ်၍ဖြစ်သည်။ ရောက်တာနှင့် ပထမဆုံး ထားကို စိုင်းနောင်ရှာမိခြင်းပါ။

ဝဏ္ဏမင်းရှိန်နှင့်ပတ်သက်ပြီး ထားကို သူသတိပေးစရာတွေ ရှိနေ၍ဖြစ်၏။

ယခုတော့ ထားက သူ့ကို အထင်လွဲကာ စကားအပြောမခံ



www.burmeseclassic.com

www.burmeseclassic.com

တဲ့အဖြစ်။

"ကျွန်တော်ရောက်ပါပြီ အမေနှန်း"

"အေး လာကွယ်၊ ဒါနဲ့ ထားကိုတွေ့ပြီးပြီလား စိုင်း"

"ဗျာ ဟုတ်ကဲ့"

ဒေါ်နှန်းက စကြည့်ခန်းမှာ သူ့ကိုစောင့်ခြင်းဖြစ်သည်။

"အေး အေး၊ ညက အမေနှန်းဆီ ဦးဇော်မှုန်းလာသွားတယ် စိုင်း၊ ဘာကိစ္စလဲဆိုတော့ မြကြာယံနဲ့ ခြံတွေကို ရောင်းဖို့ပဲ"

"ဗျာ သူကဝယ်မှာလား အမေနှန်း"

"မဟုတ်ဘူး စိုင်း၊ ဝယ်မှာက မင်းကိုလာတွေ့တဲ့ ရန်ကုန်က ကုမ္ပဏီပိုင်ရှင်ဆိုတာပဲတဲ့၊ ဒါကြောင့် အဲဒီလူဟာ ဘယ်သူလဲလို့ သိရအောင် စိုင်းကို ဒီခေါ်လိုက်တာ"

ဝဏ္ဏမင်းရှိန်၏အကြောင်းကို စိုင်းနောင် ဘယ်လိုပြောရမလဲ။ ထိုစဉ် အခန်းထဲသို့ လူရိပ်ဝင်လာ၍ကြည့်လိုက်တော့

"ထား"

ဖြစ်နေ၏။ ထားက သူ့ကိုမကြည့်ဘဲ...

"အမေနှန်း ထားကိုခေါ်တယ်ဆို"

"ဟုတ်တယ် ထား၊ မြကြာယံနဲ့ပတ်သက်ရင် အမေနှန်း





အတွက် စိုင်းနဲ့ထားဟာ အရင်းနှီးဆုံး တိုင်ပင်ရမယ့် လူတွေပဲ၊ ဒါကြောင့် ခေါ်ခိုင်းလိုက်တာ"

"ဟုတ်ကဲ့"

အခန်းတံခါးပိတ်ပြီး သူတို့သုံးယောက် စကြံပုံထိုင်လိုက်ကြ၏။ အမေနှန်းက စိုင်းနှင့်ထားတို့ကိုကြည့်ပြီး

"ဦးဇော်မှုန်းလာသွားတဲ့ ကိစ္စကို စိုင်းနဲ့ထားသိခဲ့ပြီပဲ၊ ဒီတော့ မြကြာယံကိုမှ လိုချင်ပါတယ်ဆိုတဲ့လူဟာ ဘယ်သူ့ဆိုတာ အမေနှန်းတို့ဘက်က သိမှဖြစ်မယ်၊ ကဲ စိုင်းက အဲဒီလူအကြောင်း ပြောပြပါကွယ်"

ခက်ပြီ ဘာမှမသိသော အမေနှန်းက တောင်းဆိုနေ၏။ စိုင်းနောင်က ထားကိုတစ်ချက်လှမ်းကြည့်သည်။ ထားကလည်း သူ့ကိုကြည့်နေ၏။

"စိုင်း"

"ဟုတ်ကဲ့ အမေနှန်း"

"ခြံထဲကိုလာတဲ့ ရန်ကုန်ကသူဌေးဆိုတာ ဘယ်သူလဲ ကွယ်"

စိုင်းနောင် သက်ပြင်းချလိုက်၏။ လူကြီးတစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဓားနေမှတော့ မဖြေရှုမဖြစ်ပါ။

ထို့ကြောင့်

''မြကြာယံရဲ့ ခြံတွေကို လာဝယ်တဲ့ ရန်ကုန်က ကုမ္ပဏီ ပိုင်ရှင်သူဌေးဆိုတာ ဦးဝဏ္ဏမင်းရှိန် အမေနန်း''

''ဟင်''

''အို''

ဝဏ္ဏမင်းရှိန်ဟူသော နာမည်ကို ကြားလိုက်တာနှင့် အမေနန်းနဲ့ ထား အံ့သြသွားကြ၏။

ထားကမျက်နှာပျက်ကာ

''စိုင်း စိုင်း၊ ဒါ ဒါ တကယ်ပြောနေတာလားဟင်၊ မြကြာယံရဲ့ ခြံတွေကိုဝယ်ချင်တာ ဦးဝဏ္ဏမင်းရှိန်ဆိုတာ''

နီမြန်းသော မျက်နှာလေးမှာ သွေးဆုတ်သွားဟန်ဖြင့် ဖြူလျော့ကာ ထား မယုံနိုင်သလိုမေး၏။

စိုင်း လေးတွဲစွာ ခေါင်းညိတ်ပြလိုက်သည်။

''မနေ့က ဦးဝဏ္ဏမင်းရှိန်ရဲ့ မန်နေဂျာ ကိုစိုးကြီးဆိုတဲ့လူ ခြံထဲလာပြီး အဖြေတောင်းတယ်၊ ကျွန်တော်က အမေနန်းစကား အတိုင်း မရောင်းဘူးလို့ အပြတ်ပြောလိုက်တော့ မျက်နှာပျက်ပြီး





ပြန်သွားတယ်''

''သော် ဒါကြောင့် ညကမှ ဦးဓော်မွန်း မြကြာယံကို ရောက်လာပြီး ဒီစကားတွေပြောတာကိုး''

အမေနန်းက အဖြစ်အပျက်ကိုဆက်စပ်ပြီး မှတ်ချက်ချ၏။ ထားက နေရာမှ ဆတ်ခနဲရပ်လိုက်၏။

''ဘာလုပ်မလို့လဲ ထား''

စိုင်း စိုးရိမ်စွာမေးသည်။ ထားက အမေနန်းကို အားနာ ဟန်ဖြင့်ကြည့်ပြီး

''ထား သူနဲ့သွားတွေ့မယ် အမေနန်း၊ သူဟာ ဒီလိုလူ တစ်ယောက်မှန်း ထားမသိခဲ့ဘူး၊ ဒါဟာ ထားရဲ့ယုံကြည်မှုကို အလွဲသုံးစားလုပ်တာပဲ''

ပြောရင်း ထားအသံလေး ဝမ်းနည်းမှုကြောင့် တုန်ခါလာ၏။

ရက်စက်လိုက်တာ ဦးဝဏ္ဏမင်းရှိန်ရယ်။

ရှင်က ကျွန်မကို လှည့်စားပြီး မြကြာယံကို လိုချင်ခဲ့တာ ကိုး။

''ထား တစ်ယောက်တည်းသွားလို့ မဖြစ်ဘူး၊ ကိုယ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လိုတ်မယ် ထား"

"ဟုတ်တယ် ထား၊ စိုင်းကိုခေါ်သွားပါ၊ ထားဟာ မြကြာယံနဲ့ပတ်သက်ပြီး ရှိုးသားတယ်လို့ အမေနှန်း ယုံကြည်ပါတယ်ကွယ်"

"အမေနှန်းရယ်"

တစ်ချိန်လုံး သူမအပေါ်တွင် လှည့်စားလိမ်ညာခဲ့သည့် ဦးဝဏ္ဏမင်းရှိန်အား တွေးမိတိုင်း စိတ်နာရ၏။

ယခုတော့ မြကြာယံနှင့်ပတ်သက်ပြီး ထားက တာဝန်အရှိဆုံးဖြစ်နေပြီ။

ဒါတွေဟာ ရှင့်ကြောင့်။

ရှင့်ကြောင့်ပဲ ဦးဝဏ္ဏမင်းရှိန်။

✠ ✠ ✠



"ဟင် ထားလိုက်လာတယ်"

သူမကိုတွေ့လိုက်တာနှင့် သူက အံ့ဩဝမ်းသာဟန်ဖြင့် နေရာမှ ထရပ်လျက် အပြုံးဖြင့်ပြောသည်။ သို့သော် သူမနောက်မှ စိုင်းနောင်ကိုတွေ့လိုက်ရချိန်မှာတော့ ဝဏ္ဏမင်းရှိန်မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ရှင် ကျွန်မကို ဘယ်အချိန်ထိ ဟန်ဆောင်လှည့်စားနေဦးမှာလဲ ဦးဝဏ္ဏမင်းရှိန်"

အစဉ်အမြဲ နူးညံ့လှပလျက်ရှိသော မျက်နှာလေးမှာ ယခုတော့ လှည့်စားခံ့ရလေခြင်းဟု နာကြည်းချက်ဖြင့် အလိုလိုတင်းမာလျက် သူ့ကိုကြည့်ပြီး တစ်လုံးချင်းမေးပစ်မိ၏။

"သြော် ထားက ကိုယ့်အကြောင်းတွေ သိလာခဲ့ပြီကိုး၊ အဟွန်း ခင်ဗျားပြောပြလိုက်တာလား ကိုစိုင်းနောင်"

•



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏမင်းရှိန်က စိုင်းနောင်ကို လှမ်းကြည့်ပြီးမေးသည်။ စိုင်းနောင်က ဝဏ္ဏမင်းရှိန်နှင့် မျက်လုံးချင်းဆုံကြည့်၏။

"ခင်ဗျားက ဘယ်လိုလူတစ်ယောက်လဲဆိုတာ ကျွန်တော် မပြောလည်း ထား တစ်နေ့သိမှာပါပဲ ဦးဝဏ္ဏမင်းရှိန်၊ တကယ်တော့ ထားကိုအသုံးချပြီး ခင်ဗျား မြကြာယံကို မချဉ်းကပ်သင့်ဘူးလို့ ကျွန်တော်ထင်တယ်"

"ကျွန်တော်က ထားကို အသုံးချတယ် ဟုတ်လား ကိုစိုင်းနောင်၊ အဟွန်း ကျွန်တော်ဘဝမှာ မိန်းမတစ်ယောက်ကို အသုံးချပြီး ဘယ်တုန်းကမှ စီးပွားရေးအတွက် မဆောင်ရွက်ခဲ့ဖူးဘူး ကိုစိုင်းနောင်၊ ထားကို ကျွန်တော် အသုံးချတာ မဟုတ်ဘူး၊ ထားကို ကျွန်တော်ချစ်မိခဲ့တာဗျ"

"ဟင် ခင်ဗျား"

ယခုချိန်ထိ ထိုစကားကို ရဲဝံ့စွာဆိုရဲသော ဝဏ္ဏမင်းရှိန်အား စိုင်းနောင် ရူးရဲစွာကြည့်မိ၏။

ထားမှာ ယောကျ်ားသားနှစ်ယောက်ကိုကြည့်ကာ…

"စိုင်း ဒီကိစ္စဟာ ထားနဲ့ဆိုင်တာမို့ ထားပဲ သူနဲ့ရှင်းပါရစေ၊ ကျေးဇူးပြုပြီး စိုင်း အပြင်ကစောင့်နေပါ"





သည်တော့ စိုင်းနောင်က စိတ်ကိုဘာသာဆုံးမလျက် ထား စကား နားထောင်လိုက်၏။

"ကောင်းပြီလေ၊ ငါ အပြင်မှာရှိနေမယ် ထား"

ထိုနောက် ဝဏ္ဏမင်းရှိန်ကို တစ်ချက်ကြည့်ပြီး စိုင်းနောင် ထွက်သွားသည်။

"ကိုယ် စိတ်မကောင်းပါဘူးထား၊ ညက ဦးဇော်မွန်း မြကြာယံကိုသွားတယ်ဆိုကတည်းက ဒီကိစ္စဖြစ်လာတော့မယ်လို့ ကိုယ်ထင်ပြီးသားပါ"

"သြော် ဒါနဲ့တောင် မနေ့ကအချိန်ထိ ရှင်က ကျွန်မကို ဘာမှမဖြစ်သလို အေးအေးဆေးဆေး လှည့်စားနိုင်သေးပါလား ဦးဝဏ္ဏမင်းရှိန်"

နာကြည်းနေသော ထား၏မျက်နှာလေးကိုကြည့်ကာ သူ သက်ပြင်းချလိုက်သည်။

"ကျေးဇူးပြုပြီး ကိုယ့်အပေါ် လှည့်စားတယ်ဆိုတဲ့စကား မသုံးပါနဲ့လား ထား၊ ဒီကိစ္စတွေ ရှင်းပြချင်လို့ ညနေတွေ့ကြဖို့ ကိုယ်ဖုန်းထဲမှာ ပြောခဲ့တယ်လေ"

"အို ဒါက"



www.burmeseclassic.com

www.burmeseclassic.com



သူထံသို့ သူမထွက်လာချိန်တွင် အောက်ထပ်မှာအပြုံးနှင့် ဝန်းနေရာထားသော အလွန်လှပသည့် နှင်းဆီပန်းခြင်းကြီး ရောက်ရှိနေပြီ။

''မနေ့ကပဲ ထားကို ကိုယ်ပြောခဲ့ပါတယ်၊ ကိုယ့်ရဲ့နှစ်ကြိမ်မြောက်စကားကို ထားယုံပေးပြီးတဲ့နောက် သုံးကြိမ်မြောက်လည်း ယုံပေးစေချင်တယ်လို့၊ အဲဒါဟာ ဒီကိစ္စအတွက်ပါ ထား''

''ရှင် ဒီကိစ္စအတွက်ပြောခဲ့မှန်း ကျွန်မတကယ် မသိခဲ့ဘူး ဦးဝဏ္ဏမင်းရှိန်၊ ကျွန်မ သိလိုက်တဲ့အချိန်မှာ ရှင်ဟာ မြကြာယံကို ဖျက်ဆီးမယ့် လူတစ်ယောက်အဖြစ်''

ဆက်ပြောရမှာကိုပင် ထားအတွက် ရင်နာစရာဖြစ်တာကြောင့် ထိုမျှရပ်လိုက်ရ၏။

''ကိုယ်ရှင်းပြတာကို ကျေးဇူးပြုပြီး စိတ်အေးအေးနဲ့ နားထောင်ပေးပါလား ထားရယ်''

''ဟင့်အင်း ရှင်က ဘာကိုထပ်ပြီး ရှင်းပြဦးမှာလဲဟင်၊ ဆင်သေကို ဆိတ်သားရေနဲ့ဖုံးအုပ်မလို့လား ဦးဝဏ္ဏမင်းရှိန်''

မယုံကြည်သော မျက်ဝန်းများဖြင့် ခေါင်းလေးခါယမ်းလျက် သူမပြောတော့ သူရင်နာသွားရ၏။





''ကိုယ်ဟာ အပြစ်ကို ရှောင်လွှဲတတ်တဲ့ လူစားမျိုးမဟုတ်ပါဘူး ထား၊ အပြစ်ရှိရင် ရဲရဲခံဝံ့တဲ့ လူစားမျိုးပါ၊ ကိုယ့်အတွက် မြကြာယံနဲ့ ထားဟာ တခြားစီပါ''

''ရှင် ဘယ်လိုပြောလိုက်တာလဲ ဦးဝဏ္ဏမင်းရှိန်၊ မြကြာယံဟာ ကျွန်မရဲ့ ကျေးဇူးရှင်ပါ၊ ဒါကြောင့် မြကြာယံ ပျက်စီးဒုက္ခရောက်မှာကို ကျွန်မက မဆိုင်သလို ကြည့်မနေနိုင်ဘူး''

သူခေါင်းညိတ်သည်။ ထားဘက်ကကြည့်လျှင် ဒီလိုပဲဖြစ်မည်ဆိုတာ နားလည်၏။ ထို့ကြောင့် မြကြာယံကိစ္စကို သူတော်တော်နှင့် မကိုင်တွယ်ခဲ့တာပါ။

''ကိုယ်နားလည်ပါတယ် ထား၊ ဒါကြောင့် မြကြာယံ ပျက်စီးဒုက္ခရောက်မှာမျိုး ကိုယ်မလုပ်ခဲ့တာပါ''

''ဘာ…အဟင်း ရှင်က မြကြာယံပျက်စီးဒုက္ခရောက်အောင် မလုပ်ဘူး ဟုတ်လား၊ ခုပဲ ရှင်ဟာ ဦးဇော်မွန်နဲ့ပေါင်းပြီး မြကြာယံရဲ့ခြံတွေကို မတန်တဆဈေးနဲ့ဝယ်ပြီး ဖျက်ဆီးဖို့ ကြံစည်နေပြီလေ''

စိမ်းကားသောမျက်ဝန်းများဖြင့် သူ့ကိုကြည့်၍ ထား စွပ်စွဲသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ထား၊ အဲဒါ အစကအကြံအစည်တစ်ခုပဲ၊ ကိုယ် ဒီကိုရောက်လာတာ ဦးဇော်မွန်းနဲ့ပူးပေါင်းပြီး အယန်းဖြေစခန်း တစ်ခု ဆောက်ချင်လို့၊ နေရာအကွက်အကွင်းကိုကြည့်တော့ မြကြာ ယံဟာ အသင့်တော်ဆုံးပဲလို့ မြင်တယ်၊ ဒါပေမယ့် ထားဟာ မြကြာယံနဲ့ပတ်သက်နေတဲ့ မိန်းကလေးတစ်ယောက်မှန်း သိတဲ့အချိန် တစပြီး ဒီကိစ္စအတွက် ကိုယ် အတော်ဆုံးဖြတ်ရခက်သွားခဲ့တယ်"

စကားရှည်ကြီးကို ပြောလိုက်ပြီးမှ သူခဏရပ်၍ ထားအား ကြည့်၏။ တည်ငြိမ်သောမျက်ဝန်းများဖြင့် ထားက သူ့ကိုကြည့်နေ သည်။ သူဆက်ရှင်းပြမိ၏။

"မနေ့ကအချိန်ထိ ကိုယ်ဟာ ထားနဲ့ပတ်သက်ပြီး မြကြာယံကို လက်လျှော့ဖို့ ဆုံးဖြတ်ပြီးသားပါ၊ အလုပ်ကိစ္စနဲ့ ပတ်သက်ရင် အမြဲတမ်းပြတ်သားတတ်တဲ့ ကိုယ်ဟာ ဒီတစ်ခါ ယောင်ည့်နေလို့ ကိုယ့်မန်နေဂျာ ကိုစိုးကြီးနဲ့ ဦးဇော်မွန်းက အားမရဖြစ် ကြတယ်၊ ဒါကြောင့် ဦးဇော်မွန်းက မြကြာယံကို ကိုယ်တိုင်သွားပြီး ရောင်းဖို့ ဒေါ်နန်းကို တိုက်တွန်းတာပဲ ထား"

တကယ့်အရေးကြီးသော အချိန်ရောက်တာတောင်မှ သူ့ အသွင်ပြင်က တည်ငြိမ်ခန့်ညားလျက် ချောမောခန့်ညားသော မျက်နှာမှာ လေးနက်နေ၏။

"ဒီလိုဆိုရင် အခု မြကြာယံနဲ့ပတ်သက်ပြီး ရှင် ဘာဆက် လုပ်မလဲ ဦးဝဏ္ဏမင်းရှိန်"

ထားလေသံက စောစောကလို မတင်းမာတော့ပေ။ သူ အားတက်သွား၏။ ထားကို နူးညံ့ကြင်နာစွာကြည့်မိသည်။

"ကိုယ်ကိုယုံပါ ထား၊ ခုဆို ထားဟာ ကိုယ့်ချစ်သူပါ၊ ဒါကြောင့် ထားစိတ်ဆင်းရဲမယ့်ကိစ္စမျိုး ကိုယ်ဘယ်တော့မှ မလုပ် ဘူး"

ဖြူနုလှပအိစိုနေသော ထားမျက်နှာလေးအား ငေးစိုက် ကြည့်ပြီး သူလေးနက်စွာပြောသည်။

သူ့အကြည့်တွေကြောင့် ထား မျက်လွှာလေးချကာ

"ကျွန်မ ရှင့်ကို တကယ်ပဲ ယုံရမှာလားဟင်"

"ထားရယ် ကိုယ့်စကားကို သုံးကြိမ်မြောက် ယုံပေးစေ ချင်ပါတယ်ဗျာ"

"ကောင်းပြီလေ၊ ရှင့်လုပ်ရပ်က ရှင့်အဖြေပါပဲ၊ မမေနန်း ကို မြကြာယံနဲ့ပတ်သက်ပြီး မစိုးရိမ်ဖို့ ကျွန်မပြောလိုက်တော့မယ် နော်"







www.burmeseclassic.com

www.burmeseclassic.com



''သေချာပြောပြလိုက်ပါ ထား၊ ကိုယ်က ထားကိုချစ်မိသွားလို့ ပထမဆုံးအကြိမ် အလုပ်ကိစ္စနဲ့ပတ်သက်ပြီး မျက်လိုက်ပါပြီလို့''

''အို''

ထားမျက်နှာလေး ပန်းနုရောင်သမ်းလျက် သူ့ကို ဖျတ်ခနဲမှုက်ဆောင်းထိုးမိ၏။

''ကျွန်မ သွားတော့မယ်''

''ခဏနေပါဦး ထား''

''အို ရှင်''

သူက ထား၏နူးညံ့လှပသော လက်လေးအား ဖျတ်ခနဲဖမ်းဆွဲထားသည်။

''ကိုယ့်ကို မျက်နှာချင်းဆိုင် တစ်ခုခုပြောခဲ့ပါလား ထား''

''အို ကျွန်မ ကျွန်မက ဘာပြောရမှာလဲ၊ ရှင်နော်''

အံရှက်သည်းစွာဖြင့် ထားမျက်နှာလေးနီကာ သူ့လက်မှဆတ်ခနဲရုန်းလျက် ပြေးထွက်ခဲ့တော့၏။

''အဟွန်း ဟွန်း ထားရယ်''

အချစ်နှင့်ပတ်သက်လျှင် အတွေ့အကြုံမရှိသော 'ထား'





၏ဟာန်လေးက ဝဏ္ဏမင်းရှိန်အတွက် ချစ်အသည်းယားစရာတစ်ခုရယ်ပါ။

✽ ✽ ✽



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို သူက မြကြာယံနဲ့ပတ်သက်ပြီး နောက်ဆုတ်ဖို့ အနှောင့်အယှက်မပေးဖို့ ကတိပေးလိုက်ပြီပေါ့ ထား"

"အင်း"

မြကြာယံသို့ နှစ်ယောက်အတူပြန်လာရင်း စိုင်းနောင်က မေးခြင်း။ ထားက ပန်းနုရောင်မျက်နှာလေးအား မမြင်စေလိုတာကြောင့် ခေါင်းသာတွင်တွင်ညိတ်လေ၏။

"နင် သူ့စကားကိုယုံသလား ထား"

"ဘယ်လိုမေးလိုက်တာလဲ စိုင်း၊ ဦးဝဏ္ဏမင်းရှိန်ဟာ လူကြီးလူကောင်းပီသတဲ့ လူတစ်ယောက်ပါ၊ သူပေးပြီးသားကတိကို ဖျက်မှာမဟုတ်ဘူး"

သည်လောက်ဆို ထား၏သဘောထားကို စိုင်းနောင်သိပြီ။ ဝဏ္ဏမင်းရှိန်ကို ထား ယုံနေပြီဆိုတာ။





"အင်းလေး နင်ယုံရင်ပြီးတာပါပဲ၊ ဘာပဲဖြစ်ဖြစ် မြကြာယံ ဆက်လက်ရပ်တည်နိုင်ဖို့က အရေးကြီးပါတယ် ထား"

"ဒါပေမယ့် ခြံတွေကို ပြုပြင်ရမယ့်ကိစ္စတွေအတွက် ငွေအများကြီးကုန်ဦးမှာ မဟုတ်လား စိုင်း"

"အဲဒီကိစ္စအတွက် အမေနန်းက ထုတ်ပေးမယ်လို့ပြောတယ် ထား"

"သြော်"

တကယ်တမ်းမှာ ဦးကြီးခွန်လုံမရှိသည့်နောက် မြကြာယံမှာ စီးပွားရေးမကောင်းတာ ထား အနည်းအကျဉ်းသိ၏။ တတ်နိုင်လျှင် ထားကူညီချင်ပေမယ့် ထားကိုယ်တိုင်က မြကြာယံကို မှီခိုနေရသူ။

"ဒီအကြောင်း အမေနန်းသိရင် စိတ်ချမ်းသာမှာပဲ ထား"

"အင်း ဟုတ်တယ်နော်"

မြကြာယံရောက်တော့ အမေနန်းက စောင့်မျှော်နေသည်။

"သူ ဝန်ခံသလားထား"

"ဟုတ်ကဲ့ အမေနန်း၊ သူ ထားကို ရှင်းပြပါတယ်"

မကွယ်မဝှက်ဘဲ ထားက ဝဏ္ဏမင်းရှိန်ရှင်းပြတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အရှန်တို့ ပြောပြလိုက်၏။

အမေနန်းက ခေါင်းတညိတ်ညိတ် နားထောင်ရင်း

"ဒီလိုဆိုတော့လည်း မြကြယ်အတွက် စိတ်ပူစရာမလို တော့ဘူးပေါ့လေ"

"အမေနန်းကော ဦးဝဏ္ဏမင်းရှိန်ကို ဘယ်လိုမြင်လဲဟင်"

လူကြီးတစ်ယောက်၏ မှတ်ချက်ကို ကြားလိုသဖြင့် ထား ကမေးသည်။

"အမေနန်း အမြင်မှာတော့ မောင်ဝဏ္ဏမင်းရှိန်ဟာ ပြော ပြီးသားစကားတစ်ခွန်းကို တည်မယ့်လူစားမျိုးပါ ထား၊ စိုင်းကော ဘယ်လိုမြင်လဲကွယ်"

အမေနန်းက တိတ်ဆိတ်နေသော စိုင်းနောင်ကို လှည့်မေး ၏။

"ကျွန်တော်လည်း အမေနန်းလိုပဲ ထင်ပါတယ်"

"ကဲ ဒါဆို ကိစ္စပြီးပြီပေါ့၊ ဒီညနေစာကို အမေနန်းကိုယ် တိုင် စီစဉ်ထားတယ်၊ မော်ပော်ပါးပါး စားကြစို့"

စိတ်ထဲ ပေါ့ပါးသွားပြီမို့ အမေနန်းမျက်နှာ လန်းလာ၏။ ထိုကြောင့် အပြုံးဖြင့်ပြောသည်။





"ကျွန်တော် မစားတော့ပါဘူး အမေနန်း၊ ခြံထဲမှာ ကိစ္စ လေးတွေရှိလို့ ပြန်မှဖြစ်မယ်"

"အို စိုင်းကလည်း ရောက်တုန်းတစ်ညလောက် အိပ်ပါဦး လား"

ထားက လှမ်းတားသည်။ စိုင်းနောင် မချိုသလိုပြုံးရင်း ခေါင်းခါယမ်း၏။

"ဒီအချိန်က ခြံကိုဂရုစိုက်ရမှာမို့ပါ ထား၊ နောက်အချိန် တွေ အများကြီးကြုံဦးမှာပါ"

"အေးလေ စိုင်းပြောတာဟုတ်ပါတယ်၊ ထားက စိုင်းခြံ ထဲမှာစားဖို့ ဟင်းတွေထည့်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ အမေနန်း"

တားမရမယ့်အတူ ထားပဲ သွက်လက်စွာ ထမင်းစားခန်း ထဲဝင်၍ ဟင်းအခြောက်အခြမ်းများကို ဗူးများဖြင့် ထည့်လိုက်သည်။

"ဒီမှာ ဟင်းတွေအများကြီး ထည့်ပေးလိုက်တယ် စိုင်း၊ အလုပ်ဘယ်လောက်များများ ထမင်းစားချိန်တော့ ဂရုစိုက်နော် စိုင်း"

ပွယန်စွာမှာနေသော ထားကို စိုင်းနောင်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုချိန်ထိ ထား၏မျက်ဝန်းမှာ သူ့အပေါ် သံယောဇဉ်ရိပ်တွေ ထင်ဟပ်နေသယောင်။

"စိတ်ချပါ ထား၊ ကဲ ငါသွားတော့မယ်"

"အင်း"

ထွက်ခွာသွားသော စိုင်းကိုကြည့်ပြီး ထား သက်ပြင်းလေး ကြိတ်ချမိ၏။

စိုင်းရယ်။

တို့နှစ်ယောက်က နီးလျက်နဲ့မဆုံနိုင်တဲ့ ဘဝတွေပါကွယ်။

ထိုအတူ စိုင်းတစ်ယောက်မှာလည်း

"ဦးဝဏ္ဏမင်းရှိန်ကြောင့် နင်ပျော်နေမယ်ဆိုရင် ငါကျေနပ်ပါတယ် ထားရယ်၊ တကယ်တော့ ထားဆိုတဲ့ အင်မတန်နူးညံ့လှပတဲ့ ပန်းလေးတစ်ပွင့်ဟာ ငါ့လိုကြမ်းတမ်းတဲ့ ခြံအလုပ်သမား တစ်ယောက်နဲ့ မတန်ပါဘူး၊ နင့်ဘဝကို သာယာလှပအောင် ဖန်တီး ပေးနိုင်မယ့် ဦးဝဏ္ဏမင်းရှိန်နဲ့သာ အလိုက်ဖက်ဆုံးပါ"

ရင်ထဲက စေတနာတွေကို ထား မြင်နိုင်လိမ့်မည်မဟုတ် ပေ။

ထိုအချိန်

"မြကြာယံကိစ္စကို လက်လျှော့လိုက်ပြီဆိုတဲ့အကြောင်း





ဦးဇော်မွန်းကို သူဌေးသွားပြောမယ် ဟုတ်လား"

ထားတို့ပြန်သွားပြီးနောက် ကိုစိုးကြီးရောက်လာသည်။

"လမ်းမှာ ဟိုလူနိုင်းနောင်နဲ့ မထားတို့ကို တွေ့လိုက် တယ် သူဌေး"

"ဟုတ်တယ် သူတို့ ကျွန်တော်ဆီလာသွားတာပဲ ကိုစိုး ကြီး"

"ဒါဆို မထား ဒီအကြောင်းတွေ သိသွားပြီပေါ့ သူဌေး"

"အင်း"

သူ့မျက်နှာမကောင်းတာကို အကဲခတ်ကြည့်၍ ကိုစိုးကြီး မေးလာခြင်းပါ။

"သူဌေး ဘယ်လိုစဉ်းစားထားလဲ"

"မြကြာယံနဲ့ပတ်သက်ပြီး ထားက ကျွန်တော်ကို အတော် အထင်လွဲနေတယ် ကိုစိုးကြီး၊ ကျွန်တော် ဒီလိုလူမဟုတ်တာ ထား သိစေချင်တယ်၊ ဒါကြောင့် ဒီညပဲ ဦးဇော်မွန်းနဲ့သွားတွေ့ပြီး မြကြာ ယံကိစ္စ ဆက်မလုပ်ဖို့ သွားပြောမယ်"

ထိုသို့ သူမေးလိုက်တာနှင့် ကိုစိုးကြီး မျက်လုံးပြူးကာ အထက်ပါစကားမေးလာခြင်းဖြစ်၏။

"ထားကို ကျွန်တော် ကတိပေးလိုက်ပြီ ကိုစိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဦးဇော်မွန်းက သူဌေးပြောတာကို လွယ်လွယ်နဲ့ လက်ခံမယ်လို့ ကျွန်တော်မထင်ဘူး၊ ပြီးတော့ သူဌေးအပေါ်မှာလည်း ဦးဇော်မွန်း တစ်မျိုးမြင်သွားနိုင်တယ်"

"ဒါတွေ ကျွန်တော် ဂရုမစိုက်ဘူး ကိုစိုးကြီး၊ အဓိက ကျွန်တော်ကို ထား အထင်မလွဲဖို့ဘဲ"

သည်တစ်ကြိမ်တော့ သူဆရာ တကယ်ပဲ ချစ်တတ်သွားပြီဟု ကိုစိုးကြီး နားလည်လိုက်၏။

"ဟုတ်ပြီလေ ထားမရှမှတော့ ကျွန်တော်လည်း သူဌေးနဲ့ အတူ ဦးဇော်မွန်းဆီ လိုက်ခဲ့မယ်"

"မလိုဘူး ကိုစိုးကြီး ကျွန်တော်တစ်ယောက်တည်းပဲ သွားမယ်"

"ဖြစ်ပါ့မလား သူဌေး"

"ဖြစ်ပါတယ်ဗျာ"

ဆုံးဖြတ်ပြီးလျှင် မပြင်တတ်သော သူ့အကြောင်း ကိုစိုးကြီးသိနေ၏။

သူထွက်သွားတော့ ကိုစိုးကြီးက စိုးရိမ်စွာ 'ထား' ထံ ဖုန်းဆက်သည်။

"ရှင် ဘာပြောတယ်၊ ဦးဝဏ္ဏမင်းရှိန်က ဒီအချိန်ကြီး





တစ်ယောက်တည်း ဦးဇော်မွန်းထံသွားတယ် ဟုတ်လား"

ကိုစိုးကြီးထံမှ ဖုန်းရတာနှင့် ထားတစ်ယောက် ဝဏ္ဏမင်းရှိန်အတွက် စိတ်ပူသွား၏။

"ဟုတ်တယ် မထား၊ ကျွန်တော်ကိုလည်း ထားခဲ့တယ်၊ မကြာယ်ကိစ္စနဲ့ပက်သက်ပြီး သူ ဆက်မလုပ်တော့ဘူးဆိုတာ ဦးဇော်မွန်းကို သွားပြောတာ"

"အို"

ထားကိုပေးလိုက်သော ကတိအတိုင်း သူတည်အောင် လုပ်နေတာပါလားဟုတွေးကာ ရင်ထဲ လှုပ်ရှားမိ၏။

"ဦးဝဏ္ဏမင်းရှိန် ရှင်ဟာ ကတိတည်ကြည်တဲ့ ယောကျ်ားပီသတဲ့ လူတစ်ယောက်ပါရှင်"

စိတ်ထဲမှ သူ့မပြောမိရင်း

"ကျွန်မလာခဲ့မယ် ကိုစိုးကြီး"

ဟုပြောပြီး ဖုန်းချလိုက်တော့၏။ ထို့နောက် အဖြူရောင်ဆွယ်တာအင်္ကျီထပ်ဝတ်ပြီး ထွက်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား စီးပွားရေးလောကမှာ ဝဏ္ဏမင်းရှိန်ဆိုတာ နာမည်တစ်လုံးနဲ့နေလာသမျှ ဒီတစ်ခါတော့ မယုံနိုင်လောက်အောင် ပျော့ညံ့သွားပါလားကွ ဟင်"

မီးရောင်အောက်မှာ ဦးဇော်မွန်းမျက်နှာကြီးက အရက်ရှိန်ကြောင့် အနီရောင်သန်းနေ၏။

ပုလင်းထဲမှ ယစ်ရွှေရည်များကို ဖန်ခွက်ထဲလောင်းထည့်ရင်း သူ့ကို လှောင်ပြောင်နေသည့်တိုင် တုန့်လှုပ်မှုမပြဘဲ

"ဒီအချိန်မှာ အန်ကယ် ကျွန်တော်ကို ကြိုက်သလိုပြောနိုင်ပါတယ်၊ ဒါပေမယ့် မကြာခင်ပတ်သက်ပြီး ကျွန်တော် ဘာကိစ္စမှ ဆက်မလုပ်ဖို့ ဆုံးဖြတ်ထားပါတယ်"

"အဲဒါ ဟိုမိန်းကလေးကြောင့်မဟုတ်လား မောင်ရင်၊ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက်နဲ့ မောင်ရင်က





တစ်သက်လုံး စောင့်ထိန်းလာတဲ့ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာကို ဖျက်ဆီး မလို့လားဟင်"

စားပွဲကို လက်နှင့်ပုတ်၍ ဒေါသဖြစ်စွာ ဦးဇော်မွန်း ဒေါသ ဖြစ်စွာပြော၏။

"အန်ကယ် ကြိုက်သလိုထင်ပါ၊ ကျွန်တော်အတွက်တော့ ငွေဟာ အချိန်မရွေး ရှာနိုင်တယ်လို့ ကျွန်တော် ယူဆပါတယ်၊ ဒါပေမယ့် 'အချစ်'ဆိုတာကိုတော့ ကျွန်တော်ဘဝမှာ ဒါပထမဆုံး အကြိမ် တွေ့ခဲ့တာပါ အန်ကယ်၊ ဒါကြောင့် ကျွန်တော်ကို အန်ကယ် နားလည်ပေးပါ၊ ခွင့်ပြုပါဦး"

ဝဏ္ဏမင်းရှိန်က နှုတ်ဆက်ပြီး နေရာမှထလိုက်သည်။

"ပြန်ထိုင်စမ်းမောင်ရင်၊ မင်းက ဒီလိုလွယ်လွယ်ပြော လိုက်တာနဲ့ ကျုပ်က ခေါင်းညိတ်လက်ခံမယ် ထင်နေလားဟင်၊ ဇော်မွန်းဆိုတဲ့ကျုပ်ဟာ ရည်ရွယ်ချက်တစ်ခုခုကို လွယ်လွယ်နဲ့ မစွန့်လွှတ်တတ်ဘူးကွ"

"ဝမ်းနည်းပါတယ်၊ ကျွန်တော်သွားတော့မယ်"

ဦးဇော်မွန်း၏စကားကို နားမထောင်ဘဲ သူကလှည့်ထွက်ဖို့ ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုယ့်လူ ကျုပ်ဆရာက ရပ်ဆိုရပ်လိုက်မှပေါ့"

ဘယ်ကထွက်ပေါ်လာမှန်းမသိသော ဦးဇော်မွန်း၏တပည့်တစ်ယောက်က သူ့ရှေ့မှတားသည်။

သူမျက်နှာ တင်းခနဲဖြစ်သွားလျက်

"မင်း ငါ့ရှေ့ဖယ်စမ်း"

"အဟား မဖယ်ဘူးဆိုရင်ကောဗျာ"

သည်လိုလူနှင့် ဖက်ပြိုင်ပြောစရာမလိုတာကြောင့် ရှောင်လွှဲ၍ထွက်စဉ်

"ဒီလိုလုပ်လို့မရဘူးဟေ့၊ ကျုပ်တို့ဆရာကို ဆန့်ကျင်ရင် ဟောဒီလို"

"ခွပ်"

"အင့်"

ဦးဇော်မွန်းတပည့်ထံမှ လက်သီးချက်များက သူ့မျက်နှာပေါ်ရောက်လာသည်။ အငိုက်မို့ သူခံလိုက်ရပေမယ့် နောက်ထပ်ရောက်လာသော လက်သီးများကိုတော့

"ကဲကွာ ခွပ်"

သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြိတ်မိကြသည်။





ထိုစဉ် သူတို့ကိုယ်ပေါ်သို့ မီးရောင်စူးခနဲရောက်လာကာ

"ဦးဝဏ္ဏမင်းရှိန်"

အသံနှင့်အတူ ကားပေါ်မှာ အပြေးလေးဆင်းလာတာက 'ထား'ဖြစ်သည်။ ကားမောင်းလိုက်ပို့တာက ကိုစိုးကြီး။

"ဟိတ်ကောင် ရပ်လိုက်စမ်း"

ဆရာလုပ်သူ ခံနေရတာကြောင့် ကိုစိုးကြီး ကားပေါ်မှ တုတ်ကိုင်၍ဆင်းသည်။ သို့သော် ချက်ချင်းပင် ဦးဇော်မွန်းနှင့် သူ့တပည့်တို့ ကားဖြင့် ဝေါခနဲမောင်းထွက်သွားကြ၏။ ကိုစိုးကြီးက လိုက်မည်ပြင်တော့

"သွားပါစေ ကိုစိုးကြီး"

လဲကျနေရာမှ ဝဏ္ဏမင်းရှိန် လှမ်းတားသည်။ ထားက သူ့အနားမှာ ဒူးထောက်ထိုင်လိုက်ရင်း

"ဦးဝဏ္ဏမင်းရှိန် ရှင် ရှင် ဘာဖြစ်သွားသေးလဲဟင်၊ အို မျက်နှာမှာလည်း သွေးတွေ"

ထားသည် မျက်နှာလေးပျက်ကာပြောရင်း သူ့ကို ပွေ့ယူလိုက်၏။

"ကိုယ့်အတွက် မပူပါနဲ့ထား၊ ကိုယ် နှုတ်ခမ်းနည်းနည်း

www.burmeseclassic.com



တွဲသွားတာပါ"

ခမ်ိယဲ့ယဲ့ပြုံး၍ တိုးညှင်းစွာသူပြောတော့ ထား မျက်ရည်လေးဝဲကာ ခေါင်းခါယမ်းသည်။

"ရှင် ရှင် ဘာကြောင့် ဒီလိုတစ်ယောက်တည်းသွားရတာလဲဟင်၊ ကိုစိုးကြီးဖုန်းဆက်တော့ ကျွန်မ ရှင့်အတွက် ဘယ်လောက်စိတ်ပူသွားတယ်ဆိုတာ သိရဲ့လား"

သူ့နှုတ်ခမ်းပေါ်မှ သွေးစလေးများကို ကြင်နာယုယစွာ သုတ်ပေးရင်း ထားက စိတ်ထိခိုက်စွာပြောသည်။

ထား၏ထိုစကားလေးတစ်ခွန်းနှင့် ကြင်နာယုယမှုက ဝဏ္ဏမင်းရှိန်အတွက် ဦးဇော်မွန်းကိုလာတွေ့ရကျိုး နပ်စေပါ၏။

"ကိုယ့်အတွက် ထား ဘာကြောင့် စိတ်ပူတာလဲဟင်"

"အို"

ဆံပင်များဖြန့်ကျဲလျက် အိပ်ရာဝင်ခါနီး ညဝတ်စုံပေါ် အဖြူရောင်ဆွယ်တာအင်္ကျီကောက်ဝတ်၍ ထွက်လာသည့်ထိုင် သူမ အသွင်မှာ ကပိုကယိုဟန်လေးဖြင့် လှပနေပါသည်။

သူမေးတော့ သူမမျက်နှာလေး နီသွားစဉ် ကိုစိုးကြီးရောက်လာပြီး





"သူ့ဒွေး သူ့ဒွေး စိုးရိမ်ရသလား မထား"

"ကျွန်တော် အခြေအနေကောင်းပါတယ် ကိုစိုးကြီး"

နာကျင်သော ဒဏ်ရာတွေကြားမှ ပြုံးလျက် သူပြောသည်။ ကိုစိုးကြီးက သူ့မျက်နှာကိုကြည့်၏။

"ဒါကြောင့် ကျွန်တော်လိုက်ခဲ့ပါမယ်လို့ သူ့ဒွေးကိုပြောတာ"

"ရပါတယ်ဗျာ ဦးဇော်မွန်းက ဒီလိုမှမပေါက်ကွဲရင်၊ ကျွန်တော့်အတွက် ဒီထက်ပိုဆိုးမယ် အား ကျွတ်"

သူ့နာကျင်ဟန်ပြတော့ ထားမျက်နှာလေးပျက်လျက်

"အို သူ သူ့ကို ကားပေါ်အမြန်တင်ပါ ကိုစိုးကြီး၊ ဒဏ်ရာတွေ ဆေးထည့်ရမယ်"

"ဟုတ်ကဲ့ မထား"

ကိုစိုးကြီးက ဝဏ္ဏမင်းရှိန်ကို ထမ်း၍ ကားနောက်ခန်းထည့်သည်။ ထားလည်း ကားနောက်ခန်းမှာ ဝင်ထိုင်၍ သူ့ကိုပြုစုရင်းပါလာ၏။

ဟိုတယ်သို့ပြန်ရောက်တာနှင့် သူ့ကို အခန်းထဲပို့ကာ လိုအပ်သော ဆေးဝါးတွေယူ၍ ထား ပြုစု၏။



www.burmeseclassic.com

www.burmeseclassic.com



"မသက်သာရင် ဆေးရုံကိုသွားမလားဟင်"

အခန်းထဲမှာ သူနှင့်ထားနှစ်ယောက်တည်း။ ကိုစိုးကြီးက အလိုက်သိစွာ ထွက်သွားသည်။

အိပ်ရာထက်မှ သူက အသာခေါင်းယမ်းပြကာ ထား လက်လေးအား ဆုပ်ကိုင်၏။

"ထားပြုစုလို့ ကိုယ်အများကြီး သက်သာသွားပါပြီ"

"ဟင့်အင်း သူ့ကို ထားက ဘာမှမပြုစုသေးရပါဘူးကွယ်၊ ဦးဝဏ္ဏမင်းရှိန် ဒီလိုဖြစ်တာ ထားကြောင့်"

ပြောရင်း ထားမှာ စိတ်ထိခိုက်လျက် အသံလေးဆို့နင့်သွား၏။ ထို့နောက် ဖြူနုသော ပါးပြင်ပေါ်သို့ မျက်ရည်လေးများ စီးကျလာသည်။

"ထားရယ်"

ထား၏မျက်ရည်တို့က သူ့ရင်ကို နာကျင်စေသွားတာကြောင့် လက်နှစ်ဖက်မြှောက်၍ ထားကိုယ်လေးကို ရင်ခွင်ထဲပွေ့ယူမိ၏။

ထားက သူ့ရင်ခွင်မှာ တစ်သိမ့်သိမ့် ရှိုက်ငိုလျက်

"မငိုပါနဲ့ ထားရယ်၊ မောင့်အတွက်နဲ့ မင်း မျက်ရည်မကျ





ရဘူး၊ မောင့်အချစ်က မင်းကို ပျော်ရွှင်စေဖို့ ပြုံးရယ်ဖို့ပဲ ဖြစ်စေချင်တာပါဗျာ"

သူ၏ပါးပြင်နှင့် ထားပါးပြင်လေးတို့ကို ပွတ်တိုက်ရင်း စိတ်ထိခိုက်သလို သူပြောသည်။

"မောင် မောင်ရယ် ထားကို မောင်တကယ်ချစ်တယ်ဆိုတာ ထား ယုံပါပြီကွယ်"

"ထား ထားရယ်"

ထားက ဖြူနုသွယ်လျပြည့်တင်းသော လက်ချောင်းလေးများဖြင့် သူ့ကျောပြင်ကို တင်းတင်းဖက်ရင်းပြောသည်။

ထား၏'မောင်'ဟုခေါ်သံလေးကြောင့် သူ့ရင်တစ်ခုလုံး ကြည်နူးပီတိလွှမ်းသွားရသည်။

"မောင်တဲ့လား ထားရယ်၊ မောင်ဝမ်းသာလိုက်တာ အချစ်ရယ်၊ အဟွန်း ဒီဒဏ်ရာတွေ ပေးသွားတဲ့ ဦးဇော်မွန်းကို မောင်ကျေးဇူးတင်ရမယ်ဗျု"

"ဟင် ဘာကြောင့်လဲ၊ မောင့်ကို နှိပ်စက်သွားတဲ့ လူကြီးပဲ"

ထားက မကျေနပ်သလို မျက်မှောင်းထိုးမေးသည်။ သူပြုံး



www.burmeseclassic.com

www.burmeseclassic.com



၌ ခေါင်းခါယမ်း၏။

"သူ အဲဒီလိုနှိပ်စက်သွားလို့ ဟော့ဒီမိန်းကလေးဆီက အချစ်တွေ၊ အကြင်နာတွေ မောင်ရတာလေ၊ ကဲ ပြောပါဦး မောင့်ကို ချစ်လားဟင်"

"ကိုယ့်ကို နှိပ်စက်တဲ့လူများ ကျေးဇူးတင်နေရသေးတယ်လို့ မောင်ရယ်"

"ဟော့ စကားမရှောင်နဲ့လေ၊ မောင်မေးတာဖြေဗျာ"

လက်ညှိုးလက်မဖြင့် ထားမျက်နှာလေးကိုကိုင်ကာ မျက်နှာချင်းဆိုင် သူထပ်မေးလာ၏။ သည်တစ်ခါတော့ ဘယ်လိုမှ ရှောင်လွှဲလို့မရသော ထားက ရှက်ပြုံးလေးဖြင့်

"ပြောစရာလိုသေးလား၊ မောင်ရယ်၊ မောင့်ကို ချစ်လို့ ထား ဒီထိအောင် ရောက်လာတာပေါ့ရှင်"

စကားဆုံးတော့ သူ့ရင်ခွင်ထဲမှ မျက်နှာလေးဝှက်၍ ပုန်းရှောင်လိုက်လေတော့၏။

✠ ✠ ✠



"မောင်ဝဏ္ဏမင်းရှိန် သက်သာရဲ့လားထား"

"ရှင် ဟုတ်ကဲ့"

ယနေ့မနက် ထား စောစောအိပ်ရာထကာ မောင့်အတွက် ဖွပ်ပြုတ်လုပ်၏။ မနက်စာပြင်ဆင်ပြီးချိန်မှာ အမေနန်းရောက်လာကာမေးသည်။

"အေးကွယ် ဦးဇော်မွန်းဟာ အသက်ကြီးသလောက် အတော်မိုက်မဲတဲ့လူပဲ မောင်ဝဏ္ဏမင်းရှိန်သာ ရဲကိုတိုင်ရင် ဒီအချိန် သူ့အဖမ်းခံနေရပြီ ထား"

"ဟုတ်ပါတယ် အမေနန်း၊ မောင် အယ် ဟိုဦးဝဏ္ဏမင်းရှိန်က ကိစ္စအကျယ်မဖြစ်စေချင်တာနဲ့ ရဲကိုမတိုင်တော့တာပါ၊ ဒီကိစ္စကြောင့် ဦးဇော်မွန်းက မကြာယံအပေါ်ပိုပြီး အငြိုးဖြစ်မှာကို သူက စိုးရိမ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း မောင်ဝဏ္ဏမင်းရှိန်က လူငယ်သလောက် စိတ်သဘောထား ပြည့်ပါပေတယ်ကွယ်၊ မောင်ဝဏ္ဏမင်းရှိန်ကို အမေနှမ်းတ မေးတဲ့အကြောင်း ပြောပေးပါထား"

"ဟုတ်ကဲ့ အမေနှမ်း"

ထားက ရေချိုးပြီးတာနှင့် အဝတ်အစားလဲ အလှပြင်လိုက်၏။ နာရီကြည့်လိုက်တော့ အနည်းငယ်နောက်ကျနေတာမို့ ခပ်သွက်သွက်ထွက်ခဲ့သည်။

တကယ်ပဲ သူမရောက်တော့ မောင်က လန်းဆန်းစွာ စောင့်မျှော်နေ၏။

"ထား နောက်ကျသွားတယ်မောင်၊ ဗိုက်ဆာနေပြီလား ဟင်"

စတီးလ်ချိုင့်ကို စားပွဲပေါ်တင်ရင်း သူ့အား မေးလိုက်၏။ မောင်ကပြုံး၍ ခေါင်းခါယမ်းကာ သူမခါးလေးကို နောက်မှလာဖက်သည်။

"အပင်ပန်းခံပြီး ဘာတွေလုပ်လာတာလဲ ထားရယ်၊ မောင် ဒီက မှာစားလို့ရပါတယ်"

နက်မှောင်သော ဆံကေသာများကြားမှ ကုပ်သားဝင်းဝင်း





လေးကို အသာနမ်းရှိုက်ရင်း သူပြောသည်။

"မောင်စားစေချင်လို့ ထားကိုယ်တိုင် စွပ်ပြုတ်လုပ်လာတာရှင့်၊ ကဲ လူမမာက ဟိုမှာသွားထိုင်"

မျက်နှာချင်းဆိုင်လှည့်ပြီးအပြော သူနှင့်ထား ရင်ချင်းအပ်သွား၏။

"အဟွန်း မောင်က လူမမာတဲ့လား ထားရယ်၊ ထားပြုစုလို့ မောင်ကောင်းနေပါပြီဗျာ"

မနက်စောစော ကြည်လင်သော မနက်ခင်းမှာ လှပလွန်းသည့် ချစ်သူမျက်နှာလေးကို ကြည်နူးပြုံးဖြင့် သူကြည့်၏။

"ဒါဆို ထားရဲ့စွပ်ပြုတ်ကို မောင် မသောက်တော့ဘူးလား"

မျက်စောင်းလေးထိုးကာ သူမမေးသည်၊ မောင် ခေါင်းခါယမ်း၏။

"ဟင့်အင်း ခုချိန်ထိ မောင် ဘာမှမစားရသေးဘူးဗျ"

"အို ကြည့်စမ်း မောင်ဆာနေတော့မှာပဲ၊ စွပ်ပြုတ်လေး ပူတုန်းသောက်လိုက်နော် မောင်"

"မောင့်လက်တွေက နာနေတယ် ထားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အကြိုသမားသူ့ကို ထား မျက်စောင်းထိုးသည်။ သူမျက်နှာပြုံးသွားသည်။

"ကဲပါနော် ဒီက သူ့ကို တိုက်မှာပါတဲ့ရှင်"

"အဟွန်း ဒါဆို အမြန်သောက်မယ်ဗျာ"

တကယ်ပဲ ထားက သူ့ကိုဇွန်းလေးဖြင့် ကြင်နာစွာ ခွပ်ပြုတ်တိုက်လေ၏။ အနီးကပ်မြင်ရသော မျက်နှာလေးမှာ ကြင်နာနူးညံ့မှုတွေအပြည့်နဲ့ သိမ်မွေ့သည့် မိန်းကလေးပါလား။

"ထားကော ဘာစားပြီးပြီလဲ"

"ဟင့်အင်း"

"ဒါဆို မောင် ကော်ဖီဖျော်တိုက်မယ်"

"အို မောင် အနားယူပါကွယ်၊ ထားဘာသာ ဖျော်ပါ့မယ်"

ထားက သူ့ကို ကလေးတစ်ယောက်လို ဂရုစိုက်နေတာကြောင့် ရယ်ချင်မိ၏။

"ထားရယ် မောင်က လူနာကြီးမဟုတ်ပါဘူးဗျာ၊ ထားအတွက် မောင်ကိုယ်တိုင် ဖျော်တိုက်ချင်လို့ပါ"

"ကဲ ကဲ ဒါဆို မောင့်သဘော"





အားရှုံမရတာကြောင့် ထား လက်ခံလိုက်၏။ သူက တကယ်ပဲ ကော်ဖီဖျော်ကောင်းလှသည်။ သင်းပျံ့သော ကော်ဖီရနံ့ကြောင့် ထားဗိုက်ထဲ ပို၍ဆာလောင်သွားရ၏။

"မောင့်လက်ရာကို သောက်ပြီးရင် ဝေဖန်နော် ထား"

"စိတ်ချ၊ လက်ရာညံ့ရင် အလုပ်ပြုတ်မှာနော် မောင်"

"အဟွန်း ထားသဘောပါဗျာ"

သို့သော် မောင်၏အချစ်တို့ကြောင့်လားမသိ ထားဘဝမှာ ဒီတစ်ခါသောက်သော ကော်ဖီက အကောင်းဆုံးပါ။

မောင်ပြုံး၍ကြည့်ကာ

"ဘယ်လိုလဲ ထား"

"အဟင်း သိပ်ကောင်းတယ်"

အမှန်ကို ထားဝန်ခံလိုက်ရ၏။ သူ့ မျက်လုံးတွေလက်ခနဲ ဖြစ်သွားသည်။

"ဒါဆို ဆုချ"

"ဟင်"

မောင်က သူ့ပါးပြင်ကို လက်ညှိုးနှင့်ထိုးပြတာကြောင့် မျက်နှာလေးရဲခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်မဖြုတ်ပစ်ရင် ဆုချရမယ်လေ"

"အင်း ဟုတ်ပါပြီတဲ့ရှင်၊ မောင် မျက်စိမှိတ်ထား"

"ကောင်းပြီဗျာ"

ထားနိုင်းသည့်အတိုင်း သူမျက်စိမှိတ်၏။ ကော်ဖီပန်းကန်ကို စားပွဲပေါ်တင်လိုက်သည်။ ထို့နောက် ခြေဖျားလေးဖွဖွထောက်ကာ မောင့်နားသို့ ဖြည်းဖြည်းချဉ်းကပ်ပြီး အသာနမ်းရှိုက်လိုက်စဉ်

"ထား ထားရယ်"

"အို"

မောင်က မျက်လုံးပွင့်လာလျက် သူမတစ်ကိုယ်လုံးကို ရင်ခွင်ထဲ သိမ်းကျုံးဆွဲပွေ့ယူလေ၏။ ထို့နောက် မွှေးထွေးလှိုက်လှဲသော အနမ်းများ။

"ချစ်တယ် ထားရယ်၊ သိပ်ချစ်တယ်"

"မောင် မောင်ရယ်"

ပန်းနုရောင်စိုအိသော နှုတ်ခမ်းလေးတွေမှာ အချိန်အတန်ကြာ ဓါတ်ဆိတ်သွားရသည်။ မျက်နှာလေးမှတစ်ဆင့် ဖြူနုကျော့ရှင်းသောလည်တိုင် ရင်သွန့်ဝင်းဝင်းလေးမှ ဆင်စွယ်လို လက်မောင်းသားလေးများတစ်လျှောက် မောင့်အနမ်းတို့ စီးလာချိန်တွင်





"ဒေါက် ဒေါက်"

"အို လွှတ် မောင်"

တံခါးခေါက်သံဖွဖွကြောင့် သတိလစ်သလိုဖြစ်သွားမိသော သူမက မောင့်ရင်ခွင်မှ ဆတ်ခနဲ ရုန်းထွက်လိုက်၏။

မောင်က အရေးအကြောင်းချိန်မှာ တံခါးလာခေါက်သူအား စိတ်မကျေသလိုဟန်ဖြင့် သွားဖွင့်အပေး

"မနေ့က ဒိုဘီပို့တဲ့ အဝတ်တွေလာပို့တာပါ ဆရာ"

"ဪ အေး"

အဝတ်များကို သူယူထားလိုက်၏။

"ထားလည်းပြန်တော့မယ် မောင်"

"ဟင် နေပါဦးကွာ"

ထားက အဝတ်အစားများကို ဆွဲဆန့်ပြီး ဆံပင်လေးများ ပြန်လည်သပ်တင်သည်။

"တော်ပြီကွာ လူမမာက သိပ်ကဲတာပဲ"

မျက်နှာနီနီလေးဖြင့် ထားပြောတော့ သူပြုံးသည်။

"ထားက မောင်ချစ်အောင် လုပ်တာကိုး"

"ဟင် ထားဘာလုပ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ"

"အို"

သူ့ပါးပြင်ကို လက်ညှိုးထိုးပြပြန်တော့ ထား မျက်စောင်းသာ နာနာထိုးလိုက်ရ၏။

"သူ့ပဲနိုင်းပြီးတော့"

"အပွန်း မောင့်စကားနားထောင်လို့ မောင်က ချစ်တာလေ"

"ဒါဆို နောက်တစ်ခါ မောင့်စကား နားမထောင်တော့ဘူး သိလား"

စိတ်ဆိုးဟန်လေဖြင့် ထားပြောတော့ သူရယ်သည်။

"မလုပ်ပါနဲ့ဗျာ၊ မောင်က စကားနားမထောင်ရင် ရိုက်မှာနော်"

"ဟင် ကြည့် ခုကတည်းက အနိုင်ကျင့်ချင်ပြီပေါ့လေ၊ တော်ပြီ တော်ပြီ၊ ဒါဆို မောင့်ကိုကြောက်တယ်"

ပြောရင်း ထားက သူ့ကို ကျေ့ရှောင်ပတ်လျက် ပြေးဖို့ပြင်၏။

"ဟောဗျာ ဒီက နောက်တာကို"





"မဟုတ်ဘူး၊ မောင်က တကယ်ရိုက်မှာ၊ ထား မောင့်ကို စတွေ့ကတည်းက သတိထားမိတယ်၊ မောင့်မျက်နှာက သိပ်တည်တာပဲ"

မျက်လုံးဝိုင်းလေးဖြင့် တကယ်ကြောက်လန့်ဟန်ပြောနေသော ထားကြောင့် သူ ဘာလုပ်ရမှန်းမသိ။

"ဖြစ်ရလေ ထားရယ်၊ မောင်က ကိုယ်ချစ်တဲ့သူကို ရိုက်ဖို့ မပြောနဲ့ လက်ဖျားလေးနဲ့တောင် မတို့ရက်တဲ့ကောင်ပါဗျာ"

ထားနား ဖြည်းဖြည်းကပ်သွားရင်း သူ ချော့သလိုပြောရ၏။

"ဟင့်အင်း ဒါတော့ မောင်ညာတာ"

"ဟင် ဘာညာလို့လဲကွ ထား"

သူက နားမလည်သလိုမေးတော့ ထား ပန်းနုရောင်မျက်နှာလေးဖြင့်

"စောစောကပဲ မောင် ထားကို ဒီလက်တွေနဲ့ ဆွဲပွေ့ထိသွားတာလေ"

"ကြည့်စမ်း ဒီကောင်မလေး"

"အို မောင်"



www.burmeseclassic.com

www.burmeseclassic.com



အတည်ပေါက်နှင့် အစသန်သော မိန်းကလေးကို သူ အသည်းယားစွာ တစ်အားကျုံးဖက်လိုက်တော့ နှစ်ယောက်သား အရှိန်လွန်ကာ အိမ်းရှိခုတင်ပေါ် လဲကျသွားရလေ၏။

ထိုနောက်တော့ အချစ်ဆိုသော ပင်လယ်ကြီးမှာ သူတို့ချစ်သူနှစ်ယောက်က အချစ်လှေလေးဖြင့် မမောတမ်းကူးခတ်လို့လေ။

* * *



"အမေနန်းနဲ့ ကိုစိုင်းနောင်တို့ကို ဖိတ်ကြားပြီး ကျွန်တော်ပြောချင်တာကတော့ မြကြာယံရဲ့ ခြံလုပ်ငန်းတွေမှာ ကျွန်တော့်ကို ရှယ်ယာထည့်ခွင့်ပြုပါလို့"

"ဟင်"

ထားမှတစ်ဆင့် အမေနန်းနဲ့ မြကြာယံ၏ခြံဦးစီးမှူး စိုင်းနောင်တို့ကို ဒီနေ့တွင်ဝတ္တုမင်းရှိန် တွေ့ဆုံလေသည်။

သည်အကြောင်း ထားကိုတောင် သူ ကြိုတင်မပြောခဲ့လေပါ။

"ကျွန်တော်ရဲ့ တောင်းဆိုချက်ကိုသာ ခွင့်ပြုမယ်ဆိုရင် ခြံလုပ်ငန်းတွေအတွက် လိုအပ်တဲ့ ပစ္စည်းတွေနဲ့ စက်တွေကို ဒီတစ်ခေါက် ရန်ကုန်ပြန်ရောက်တာနဲ့ ပို့ပေးပါ့မယ်၊ ဒီလိုတောင်းဆိုတာဟာလည်း တခြားအကျိုးအမြတ်ကို မျှော်လင့်လို့မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ မြကြာယံရဲ့ ခြံလုပ်ငန်းတွေကို တိုးတက်တွန်းကား စေချင်လို့ပါခင်ဗျာ"

သူ့စကားဆုံးတာနှင့် အမေနန်းနဲ့ စိုင်းနောင်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၏။ မှန်တာပြောရလျှင် ဒီအချိန်မှာ မြကြာယံ၏ခြံလုပ်ငန်းတွေအတွက် ဝဏ္ဏမင်းရှိန်လိုလူငယ်မျိုး လိုအပ်နေပါသည်။

"ကျွန်တော်အနေနဲ့ကတော့ ဦးဝဏ္ဏမင်းရှိန်ရဲ့ တောင်းဆိုချက်ကို ငြင်းစရာမရှိပါဘူး၊ အရေးကြီးတာက အမေနန်းရဲ့ ဆုံးဖြတ်ချက်ပါပဲ"

စိုင်းနောင်က တည်ငြိမ်စွာပြောလိုက်၏။ သည်တော့မှ အမေနန်းက သေချာစဉ်းစားဆုံးဖြတ်ပြီးဟန်ဖြင့်

"ခုလို မောင်ဝဏ္ဏမင်းရှိန်ဘက်က တောင်းဆိုလာတော့ အမေနန်းတို့ဘက်ကလည်း ဝမ်းသာစွာနဲ့ လက်ခံပါတယ်၊ စည်းကမ်းချက်တွေကိုတော့ ယောဒီက မောင်စိုင်းနောင်နဲ့ နှစ်ယောက်ညှိကြပါကွယ်"

အမေနန်းစကားအဆုံး ဝဏ္ဏမင်းရှိန်မျက်နှာ ပြုံးသွား၏။ ထားကိုလှမ်းကြည့်တော့ ထားမျက်နှာလေးမှာ ပြုံးလို့။ ယခုလို





အမေနန်းတို့နှင့် ဝဏ္ဏမင်းရှိန် အဆင်ပြေတာ ထားအတွက် ဝမ်းသာစရာမဟုတ်လား။

"စည်းကမ်းချက်နဲ့ပတ်သက်ပြီး ကိုစိုင်းနောင်ကြိုက်သလို သတ်မှတ်နိုင်ပါတယ်၊ ကျွန်တော် ဘာအကြောင်းနဲ့မှ ငြင်းမှာမဟုတ်ပါဘူး"

"ဦးဝဏ္ဏမင်းရှိန်ပြောနေပုံက အလုပ်သဘောနဲ့မတူဘူးလို့ ကျွန်တော်ထင်တယ်ဗျာ"

ပွင့်လင်းစွာပဲ စိုင်းနောင်ပြောတော့ ဝဏ္ဏမင်းရှိန်ပြုံး၏။ ထို့နောက် ထားဘက်လှမ်းကြည့်ကာ

"ဟုတ်ပါတယ် တကယ်တော့ ကျွန်တော့်မှာ အမေနန်းကို ခွင့်တောင်းစရာရှိနေပါတယ်ခင်ဗျာ၊ အဲဒါကတော့ မိဘတွေမရှိတော့တဲ့ ကျွန်တော်အနေနဲ့ ကိုယ့်ဘာသာပြောပါရစေတော့၊ ကျွန်တော်နဲ့ထား မေတ္တာမျှနေကြတာမို့ အမေနန်းက ဆက်ထပ်ဖို့ ခွင့်ပြုစေချင်ပါတယ်ခင်ဗျာ"

"အို"

ဝဏ္ဏမင်းရှိန်၏ မမျှော်လင့်ဘဲ လက်ထပ်ခွင့်တောင်းလိုက်တဲ့အပေါ် 'ထား'ခေါင်းလေးငုံ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အကြောင်းသိနေပြီဖြစ်တဲ့ စိုင်းနောင်က ဘာမှမဖြစ်သလို တည်ငြိမ်စွာနှုတ်ဆောင်လျက်

အမေနန်းက အေးချမ်းသောအပြုံးဖြင့် ဝဏ္ဏမင်းရှိန်နှင့်ထားကို ကြည့်၏။

"ထားဟာ အမေနန်းအတွက် သမီးလေးတစ်ယောက်လိုပါပဲကွယ်၊ ခုလို မောင်ဝဏ္ဏမင်းရှိန်ဘက်က မြတ်မြတ်နိုးနိုးခွင့်တောင်းလာတော့ အရွယ်ရောက်လာတဲ့ သမီးတစ်ယောက်အတွက် ဝမ်းသာစွာ ခွင့်ပြုပါတယ်ကွယ်"

"အို အမေနန်းရယ်"

အမေနန်းမှခွင့်ပြုလိုက်တာကြောင့် ဝဏ္ဏမင်းရှိန်နှင့်ထား ဝမ်းသာသွားကြ၏။ တစ်ယောက်မျက်နှာကို တစ်ယောက်အပြုံးဖြင့် ပြိုင်တူကြည့်မိစဉ်

"ကွန်ကရက်ကျူလိတ်ပါ ဦးဝဏ္ဏမင်းရှိန်"

စိုင်းနောင်က နေရာမှရပ်လျက် ဝဏ္ဏမင်းရှိန်ကို ဝမ်းသာစွာ ဂုဏ်ပြုနှုတ်ဆက်လေ၏။

"သင့်ခ် ကိုစိုင်းနောင်"

ယောကျ်ားသားနှစ်ယောက် လက်ဆွဲနှုတ်ဆက်တာကို





ထားက အပြုံးလေးဖြင့် ငေးကြည့်မိသည်။

လက်ဆွဲနှုတ်ဆက်ပြီးချိန်မှာ စိုင်းနောင်က ထားဘက်လှည့်၍

"နှင့်အတွက် ငါ ဂုဏ်ယူပါတယ် ထား"

"ကျေးဇူးပါပဲ စိုင်း"

သူငယ်ချင်းနှစ်ယောက်၏ အပြုံးက ပြိုင်တူထွန်းလင်းလို့။

"ဒီနေ့က ကျွန်တော်အတွက် မင်္ဂလာအားလုံး စုစည်းရှိတဲ့နေ့ပါပဲ ခင်ဗျား၊ ဒါကြောင့် ကျွန်တော် စည့်ခံတဲ့ ဒင်နာကို ပျော်ရွှင်စွာ သုံးဆောင်ကြဖို့ တိုက်တွန်းပါတယ်"

အပြုံးများစွာဖြင့် ဝဏ္ဏမင်းရှိန်က အားလုံးကိုကြည့်၍ ကျေနပ်ကြည်နူးစွာ ပြောလိုက်သည်။

"ကျွန်တော်တို့ကလည်း ဦးဝဏ္ဏမင်းရှိန်နဲ့ ထားတို့ ရာသက်ပန်ပျော်ရွှင်ဖို့ ဆုတောင်းပေးပါတယ်ဗျာ"

ဖန်ခွက်ကို မြှောက်၍ စိုင်းနောင်က လှိုက်လှိုက်လှဲလှဲဆုတောင်းပေး၏။ ထားအတွက် စိုင်းနောင် တကယ်ပဲ ပျော်နေသလားဟု ဘယ်သူသိနိုင်မှာလဲလေ။

"အမေနန်းကလည်း မင်းတို့ တစ်သက်တာပတ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ရွှင်ရွှင်နေနိုင်ဖို့ ဆုတောင်းပေးပါတယ်ကွယ်''

''အမေနန်း ကောင်းတဲ့ဆုနဲ့ပြည့်ပါစေဗျာ၊ ဟုတ်တယ်နော် ထား''

''အို မောင်ကလဲ''

ဝဏ္ဏမင်းရှိန်က ထားဘက်လှည့်၍ အပြုံးဖြင့်ပြောခြင်း။ စိုင်းနောင်တို့ရှေ့မှာမို့ ထား မျက်နှာလေးက ပန်းနုရောင်ရှိန်းမို တောက်ပနေ၏။

ညစာစားပြီးတာနှင့် အမေနန်း အနားယူရန် မြကြာယံသို့ စိုင်းနောင်ပြန်ပို့သည်။

ကျန်ခဲ့တာ ဝဏ္ဏမင်းရှိန်နဲ့ထားတို့နှစ်ယောက်တည်း။ နက်မှောင်သော ကောင်းကင်ဝယ် စိန်ပွင့်လေးတွေပမာ ကြယ်တို့က တဖျပ်ဖျပ်လက်နေသည်။

''မောင်တို့ လေညှင်းခံရအောင်နော် ထား''

''ကောင်းသားပဲ မောင်''

ဝဏ္ဏမင်းရှိန်က နူးညံ့သောလက်လေးကို တင်းတင်းဆုပ်ကိုင်လိုက်၏။ အေးမြသော လေပြည်ညှင်းက အပြင်ရောက်တာနှင့် သူတို့နှစ်ဦးကို လာရောက်ကလူကျီစယ်လေ၏။





''ထား''

''မောင်''

''ဒီညလေးက မောင်နဲ့ထားတို့အတွက် ပမေ့နိုင်လောက်အောင်လှပတဲ့ ညလေးတစ်ခုပဲနော်''

ကောင်းကင်မှ ကြယ်လေးတွေကိုကြည့်ရင်း သူပြုံး၍ပြောလာသည်။

''အဟင်း ဟုတ်တယ်နော် မောင်၊ မမျှော်လင့်ဘဲ ထားတို့အတွက် အားလုံးအဆင်ပြေ ကံကောင်းတဲ့ဆုလေးတစ်ခုပဲ''

''အမှန်တော့ ဒီညလေးသာယာလှပတယ်လို့ထင်တာဟာ၊ မောင့်ဘေးမှာ ဟောဒီထားရှိနေလို့ဗျ''

သူက မျက်နှာချင်းဆိုင်ရပ်ရင်း လှပနူးညံ့သော ထားမျက်နှာလေးကို ကြည့်နူးစွာကြည့်လျက် ပြောခြင်း။

''တကယ်လား မောင်ရယ်၊ ထားမရှိတဲ့ညတွေဆိုရင်ကော''

''အဟွန်း အဲဒီညတွေဟာ မောင့်အတွက် အကျည်းတန်ဆုံးပေါ့ကွယ်''

''ဒါဆို ညတိုင်းညတိုင်း မောင့်အတွက် သာယာလှပတဲ့



www.burmeseclassic.com

ညတွေပဲ ဖြစ်ပါစေလို့ ထားက ဆုတောင်းပေးချင်တယ်ကွယ်''

မာကျူရီမီးရောင်အောက်မှာ ချောမောခန့်ညားသည့် သူ့ကို အပြုံးလေးဖြင့်ကြည့်ရင်း ထားပြောတော့

''အဲဒီဆုက ထားပေးမှရမှာဗျ။ ထားသာ တစ်သက်လုံး မောင့်နားမှာရှိနေမယ်ဆိုရင် မောင့်အတွက် နေ့တိုင်းညတိုင်းဟာ အမြဲသာယာလှပနေမှာလေ''

''ထားက မောင်လိုချင်တဲ့ဆုကို လိုက်လိုက်လဲလဲပေးပါတယ်ရှင်''

''ထားရယ်''

ရင်ခွင်ထဲ ပြုကျလာသော 'ထား'ကိုယ်လေးအား မလွှတ်တမ်းဖက်ရင်း အဆုံးမရှိသော အနမ်းတို့ကို သီကုံးမိလေသည်။

''မောင်''

''ဗျာ''

''မောင်ကကော ထားရဲ့အနားမှာ တစ်သက်လုံးရှိမှာလားဟင်''

''ကြည့်စမ်း ဘယ်လိုမေးလိုက်တာလဲ ထားရယ်၊ ဒီကောင်က ထားကို သိပ်ချစ်လေတော့ တစ်သက်လုံးအတွက်တင်





မဟုတ်ဘူး၊ သံသရာတစ်လျှောက်လုံး ဟောဒီထားနားမှာ အမြဲရှိနေမယ့် သူပါဗျာ''

''အို ထားရဲ့မောင်ရယ်''

သူ၏ကျယ်ပြန့်နွေးထွေးလှသော ရင်ခွင်ထက်မှာ ခိုဝင်ရင်း 'ထား'မျက်ဝန်းလေးတို့ မှေးမှိတ်ထားမိသည်။ ထိုအချိန် တိုက်ခတ်လာသော လေပြည်သွင်းတို့ထဲမှာ ညမွှေးပန်းရနံ့တို့က သင်းပျံ့လျက် ကောင်းကင်ထက်မှာ ကြယ်ပွင့်လေးတွေက ချစ်သူနှစ်ဦးကို ကောင်းချီးပေးသံတို့ဖြင့် သီကျူးဝုဏ်ပြုနေလေတော့၏။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းပါစေ။

ဆုအဉ္ဇလီ